ဟေတုပစ္စယော၊ ဟိတ်လည်းဖြစ် ပစ္စည်းလည်း ဖြစ်သော တရား။ အာရမ္မဏပစ္စယော၊အာရမ္မဏလည်းဖြစ်ပစ္စည်းလည်းဖြစ်သောတရား။လ။ အဝိဂတပစ္စယော၊ အဝိဂတလည်းဖြစ် ပစ္စည်းလည်းဖြစ်သောတရား။ (ဤယောဇနာခြင်းကား ဟေတုစသော ပစ္စယော စာတိ ဟေတု ပစ္စယော ဟူသော အဋ္ဌကထာပါဠိနှင့် အညီတည်း)။

တနည်းကား။ ။ဟေတုပစ္စယော၊ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။လ။ အဝိဂတပစ္စယော၊အဝိဂတဖြစ်၍ကျေးဇူးပြုတတ်သောတရား။ (ဤယောဇနာခြင်းကား ဟေတုဟုတ္ဝာ ပစ္စယော ဟေတုပစ္စယော ဟူသောအဋ္ဌကထာပါဠိနှင့်အညီတည်း)။

တနည်းကား။ ။ဟေတုပစ္စယော၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုတတ်သောတရား။လ။ အဝိဂတပစ္စယော၊ အဝိဂတသတ္တိဖြင့် ကျေးဇူးပြုတတ်သောတရား။ (ဤယောဇနာခြင်းကား ဟေတုဘာဝေနပစ္စယောဟူသော အဋ္ဌကထာပါဠိနှင့်အညီတည်း)။

တနည်းကား။ ။ဟေတုပစ္စယော၊ ပချောင်ပင် အစရှိသည် တို့၏ အမြစ်သည် ထိုသစ်ပင်ကို မြဲမြံစွာတည်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ အမြစ်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ အာရမ္မဏပစ္စယော၊ ကြိုးဆွဲတောင်ဝှေး အစရှိသည်တို့သည် မစွမ်းနိုင်သောသူတို့၏ ထခြင်းရပ်ခြင်း အစရှိသောကိစ္စကို ပြီးစေလျက် ကျေးဇူးပြုသကဲ့သို့ စိတ်စေတသိက်တို့အား အာရုံ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ အဓိပတိပစ္စယော၊ စကြဝတေးမင်းသည် တပါးသောသူတို့၏ ကြီးသောသတ္တိကိုမြစ်စေ၍ တိုင်းနိုင်ငံသားတို့ကို အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ကြီးသောအဖြင်ဖြင့် ကျေးဇူးပြုတတ်သောတရား။ အနန္တရပစ္စယော၊ စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား အဘိသိက်ခံခြင်းငှါ ကျေးဇူးပြုသကဲ့သို့အခြားမဲ့သောအဖြစ်ဖြင့်ကျေးဇူးပြုတတ်သောတရား။ သမနန္တရပစ္စယော၊ စကြဝတေး မင်း၏ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရခြင်း

ငှါ ကျေးဇူးပြုသကဲ့သို့ ကောင်းစွာ အခြားမရှိသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ သဟဇာတပစ္စယော၊ ဆီမီးသည် တကွအလင်းကိုဖြစ်စေလျက် ကျေးဇူးပြုသကဲ့သို့ တကွဖြစ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ အညမညပစ္စယော၊ သစ်သားသုံးခု တိဒဏ္ဍသည် အချင်းချင်း တချောင်းသည် တချောင်းအား အထောက်အပံ့ခိုင်စေ၍ကျေးဇူးပြုသကဲ့သို့ အချင်းချင်း ကျေးဇူးပြုတတ်သော တရား။ နိဿယပစ္စယော၊ မြေကြီးသည် သစ်ပင်အစရှိသည်တို့အား တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း ပုဆိုးအစရှိသည်တို့သည် ပန်းချီဆေးအစရှိသည်တို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ လည်းကောင်း တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ ဥပနိဿယပစ္စယော၊ မိုဃ်းတွင်းလေးလပတ်လုံး ရွာသောမိုဃ်းကြီးသည် မိုဃ်းကိုမှီသောသစ်ပင်သတ္တဝါအစရှိသောသူတို့ အား ရှိစွာသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အားရှိသောအကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ ပုရေဇာတပစ္စယော၊ ကမ္ဘာဦး၌ ဖြစ်သော နေတို့သည် မိမိတို့၏ ထင်ရှားရှိသောအခိုက်၌ အလင်းကိုမှီသော သတ္တဝါတို့အား ကျေးဇူးပြုသကဲ့သို့ ရှေး၌ဖြစ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ ပစ္ဆာဇာတပစ္စယော၊ လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်းစေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ အာသေဝနပစ္စယော၊ ရှေးရှေး ထုံအပ်သော နံ့သာသည် နောက်နောက် ထုံအပ်သော နံ့သာအား အဆင်းအနံ့ လွန်စွာ ဖြစ်ခြင်းငှါ ကျေးဇူး ပြုသကဲ့သို့ လည်းကောင်း ရှေးရှေး သင်သော ကျမ်းဂန်သည် နောက်နောက် သင်သော ကျမ်းဂန်အား လေ့ကျက်ခြင်းငှါ အားရှိ၍ ကျေးဇူး ပြုသကဲ့သို့ အဖန်တလဲလဲ မှီဝဲ ထုံအပ်သော အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောတရား။ ကမ္မပစ္စယော၊ ကောင်းစွာ လှန်း၍ ကောင်း

စွာစီရင်အပ်သော မျိုးစေသည် အညွန့်၏ဖြစ်ခြင်းငှါ အမှုအရာ လုံ့လအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ ဥပါကပစ္စယော၊ ချမ်းသောလေသည် ချမ်းသောအရိပ်၌ နေသောသူအား ချမ်းငြိမ်းစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကံတို့၏အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ အာဟာရပစ္စယော၊ နောက်မှ ထောက်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံခိုင်ခံ့ခြင်းကို ကျေးဇူးပြုသကဲ့သို့ ဆောင်တတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ ဣန္ဒြိယပစ္စယော၊ တပြည်တည်း၌ အထူးအထူးသောဝန်ကို အစိုးရသော မင်းတို့သည် အချင်းချင်းအစိုးရသော သတ္တိကို မဖြစ်မူ၍ မိမိတို့၏ အရာ၌ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ ဈာနပစ္စယော၊ တောင်ဖျား သစ်ပင်ဖျားသို့တက်၍ ကြည့်သောသူသည် အဝေးအနီး အရပ်တို့ကိုမြင်ခြင်း၌ အလိုရှိသောသူတို့အား ကျေးဇူးပြုသကဲ့သို့ ကပ်၍ရှုတတ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ မဂ္ဂပစ္စယော၊ ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ ထိုမှာဘက်မှ ဤမှာဘက်သို့ကူးသောသူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ ထွက်မြောက်ကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ သမ္ပယုတ္တပစ္စယော၊ နို့ရည်ထောပတ်ပျားသကာ ဟူသော စတုမဓုအရသာသည် အချင်းချင်းနှီးနှောသောအားဖြင့်ကျေးဇူးပြုသကဲ့သို့ တကွယှဉ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ ဝိပ္ပယုတ္တပစ္စယော၊ အချိုအချဉ်အစပ်အငန် အဖန်အခါးဟူသော ခြောက်ပါးသောအရသာသည် အချင်းချင်းမနှီးနှောသဖြင့် ကျေးဇူးပြုသကဲ့သို့ မနှီးနှောမယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သော တရား။ အတ္ထိပစ္စယော၊ ဟိမဝန္တာတောင်မင်းသည် မိမိကိုယ်ကို မှီသောသစ်ပင် မြက်အစရှိသည်တို့အား ပွါးပြန့်စေခြင်းငှါ မိမိ၏ ထင်ရှားရှိသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ထင်ရှားရှိသော

အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ နတ္ထိပစ္စယော၊ ညဉ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့ နေ့၏ကင်းခြင်းသည် အမိုက်၏ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့ မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ ဝိဂတပစ္စယော၊ နေရောင်၏ဝင်ခြင်းသည်လရောင်ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ အဝိဂတပစ္စယော၊ မဟာသမုဒ္ဒြာသည် မိမိကိုမှီကုန်သော ငါးမကန်း အစရှိသည်တို့၏ ပီတိသောမနဿပွါးခြင်းငှါ မိမိ၏မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိသဘောမှမကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ (ဤယောဇနာခြင်းကား လဒ္ဓဟေတုပစ္စယာဟိမေဝ ဝိရုဠှမူလာ ဝိယ ပါဒပါထိရာ ဟောန္တိသုပ္ပတိဋ္ဌိတာ အစရှိသော အဋ္ဌကထာပါဠိနှင့်အညီ ယောဇနာခြင်းတည်း)။

---

## နှစ်ချက်စု

ဟေတုပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်းပစ္စယုပ္ပန်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဤဟိတ်ခြောက်ပါးတို့သည် ဟေတုပစ္စည်းတပ်သော တရားမည်ကုန်၏။ သဟိတ်စိတ်ကေသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

အာရမ္မဏပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်းပစ္စယုပ္ပန်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် စိတ်ကေနဝုတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပစ္စည်းထိုက်သော အချို့သောပညတ် ဤတရားတို့သည် အာရမ္မဏပစ္စည်း တပ်သောတရားမည်ကုန်၏။ ။စိတ်ကေနဝုတိ စေတသိက်

ဒွေပညာသ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်၏။

အဓိပတိပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ သဟဇာတာဓိပတိအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် အာရမ္မဏာ ဓိပတိ၌ အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ်ရှစ်ဆယ့် လေးခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် လေးဆယ့်ခုနစ်ခု နိဗ္ဗာန် ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်းတပ်သော တရားမည်ကုန်၏။ အလေးအမြတ်ပြု တတ်သောလောဘမူရှစ်ခု မဟာကုသိုလ်ရှစ်ခု မဟာကြိယာဉာဏသမ္ပယုတ်လေးခု လောကုတ္တရာစိတ်ရှစ်ခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာအပ္ပမညာဒွေးကြဉ်သော စေတသိက်လေးဆယ့် ငါးခု ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ် သောတရားမည်ကုန်၏။သဟဇာတာဓိပတိ၌ မောဟမူဒွေး ဟသိတုပ္ပါဒ်ကြဉ်သော အဓိပတိဘဝ်ခိုက် တပ်နေဖြစ်သော သာဓိ ပတိဇော ငါးဆယ့်နှစ်ခု၌ရှိသော ဆန္ဒ ဝီရိယ ဝီမံသ သာဓိပတိ ဇောငါးဆယ့်နှစ်ခုဟု ဆိုအပ်သော စိတ္တာဓိပတိအားဖြင့် အဓိပတိ တရားကိုယ်သုံးပါး လေးပါးတို့တွင် တပါးပါး ဤတရားတို့သည် သဟဇာတာဓိပတိ ပစ္စည်းတပ်သော တရားမည်ကုန်၏။ အဓိ ပတိဘရားကိုယ်ကြဉ်သော သာဓိပတိဇောငါးဆယ့်နှစ်ခု ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ငါးဆယ့်တခု နာမက္ခန္ဓာ သာဓိပတိစိတ္တဇ ရုပ် ဤတရားတို့သည် သဟဇာတာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

အနန္တရ ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ရဟန္တာ့ စုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ်

စေတသိက် ဒွေပညာသ ဤတရားတို့သည် အနန္တရပစ္စည်း တပ်သော တရားမည်ကုန်၏။ ရဟန္တာတို့ စုတိနှင့်တကွ နောက် နောက်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။ သမနန္တရလည်း ဤအတူ။

သဟဇာတ ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌။လ။ ဝိုန့်စ်ပါး တို့တွင် အချင်းချင်း နာမက္ခန္ဓာအားလည်းကောင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အားလည်းကောင်း တပ်သော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေ ပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အချင်းချင်းအား လည်းကောင်း ဥပါဒါရုပ်အားလည်းကောင်း တပ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိ ကမ္မဇအားဖြင့် မဟာဘုတ်လေးပါး အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဤ တရားတို့သည် သဟဇာတပစ္စည်း တပ်သော တရားမည်ကုန်၏။ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာဟဒယဝတ္ထု ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

အညမညပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌။လ။ အချင်းချင်း အားတပ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အချင်းချင်းအား တပ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ် ကမ္မဇ ပဝတ္တိကမ္မဇ အားဖြင့် မဟာဘုတ်လေးပါး အချင်းချင်း အား တပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ-ဟဒယဝတ္ထု ဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားမည်ကုန်၏။

စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အလုံးစုံသော မဟာဘုတ်လေးပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

နိဿယပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ နိဿယပစ္စည်းသည် သဟဇာတနိဿယ ပုရေဇာတ နိဿယအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သဟဇာတနိဿယသည် သဟဇာတနှင့်တူ၏။ ပုရေဇာတ နိဿယသည် ဝတ္ထုပုရေဇာတနိဿယ ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပဝတ္တိအခါ ဆဝတ္ထု ဤတရားတို့သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်း တပ်သောတရား မည်ကုန်၏။ ။ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် လေးခု ကြဉ်သော သတ္တဝိညာဏဓာတ် စေတသိက် ဒွေပညာသ ဤတရားတို့သည် ဝတ္ထု ပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရား မည်ကုန်၏။ မရဏာသန္န အခါ စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယပစ္စည်းတပ်သော တရားမည်ကုန်၏။ ။မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက် တဒါရုံ ဧကာဒသ အပ္ပမညာဒွေး ဝိရတိ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ကြဉ်သော စေတသိက် လေးဆဲ့လေးခု ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတ နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

ဥပနိဿယပစ္စယောဟူသောပစ္စယုဒ္ဒေသ၌ ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယ အနန္တရူပနိဿယ ပကတူပနိဿယ အားဖြင့်သုံးပါးအပြား ရှိ၏။ ထိုတွင် အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့် တူ၏။ အနန္တရူပ နိဿယသည် အနန္တရနှင့် တူ၏။ ဗလဝဖြစ်သော စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ ပစ္စည်းထိုက်သော အချို့သော ပညတ် ဤ

တရားတို့သည် ပကတူပနိဿယ ပစ္စည်းတပ်သော တရားမည်ကုန်၏။ ။အလုံးစုံသော စိတ် တခုယုတ် ကိုးဆယ် စေတသိက် ဒွေပဉ္စာသ နာမက္ခန္ဓာ လေးပါး ဤတရားတို့သည် ပကတူပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

ပုရေဇာတ ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ပုရေဇာတ ပစ္စည်းသည် အာရမ္မဏ ပုရေဇာတ ဝတ္ထု ပုရေဇာတ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်ပစ္စယုပ္ပန်ဖြစ်သောနိပ္ဖန္နရုပ် အဋ္ဌာရသ ဤတရားတို့သည် အာရမ္မဏ ပုရေဇာတပစ္စည်း တပ်သောတရား မည်ကုန်၏။ ပဉ္စဝေါကာရဘုံ၌ ကာမစိတ်စတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဏ်ဒွေး အပ္ပမညာကြဉ်သော စေတသိက် ငါးဆယ် ဤတရားတို့သည် အာရမ္မဏ ပုရေဇာတ ပစ္စည်း၏ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။ပဝတ္တိအခါ သဝတ္ထု ဤတရားတို့သည် ဝတ္ထုပုရေဇာတ ပစ္စည်းတပ်သော တရားမည်ကုန်၏။ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ် စေတသိက် ဒွေပဉ္စာသ ဤတရားတို့သည် ဝတ္ထုပုရေဇာတ ပစ္စည်း၏ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

ပစ္ဆာဇာတပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌လည်း။ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခုကြဉ်သောပဌမဘဝင်အစရှိသောနောက်ဖြစ်သော နာမက္ခန္ဓာ လေးပါး ဤတရားတို့သည် ပစ္ဆာဇာတ ပစ္စည်းတပ်သော တရားမည်ကုန်၏။ ။ပဋိသန္ဓေ အစရှိကုန်သော ရှေးဖြစ်သော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ဋ္ဌီသို့ ရောက်သော ဧကဇ ဒွိဇ တိဇ စတုဇကာယ ဤတရားတို့သည် ပစ္ဆာဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

အာသေဝနပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌လည်း။ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ စေတသိက် ဒွေပဉ္စာသ ဤတရားတို့သည် အာသေဝနပစ္စည်းတပ်သော တရား မည်ကုန်၏၊ ပဌမဇောဖိုလ်ဇောကြဉ်သော နောက်နောက်

သော ဇော ကောပညာသ စေတသိက်ဒွေပညာသ ဤတရား တို့သည် အာသေဝန ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

ကမ္မပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ကမ္မပစ္စည်းသည် သဟ ဇာတကမ္မ နာနာက္ခဏိကကမ္မအားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုတွင် စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာတခုယုတ် ကိုးဆယ် ဤတရားတို့သည် သဟဇာတကမ္မပစ္စည်းတပ်သောတရားမည်ကုန် ၏။စိတ်တခုယုတ်ကိုးဆယ် စေတနာကြဉ်သော စေတသိက်ကော ပညာသ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် သဟ ဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။ ။ အတိတ်ဖြစ်သော အကုသိုလ်ဒွါဒသ ကုသိုလ်ဧကဝီသ၌ရှိသော စေတနာသုံးဆဲ့သုံးခု ဤတရားတို့သည် နာနာက္ခဏိကကမ္မပစ္စည်း တပ်သော တရားမည်ကုန်၏။ ဝိပါက်ဆတ္တိံသ စေတသိက် အဋ္ဌ တိံသ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ဤတရားတို့သည်နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။ ။အတီတာနန္တရဘဝမှစ၍လွန်လေပြီးသော ဘဝကို အတိတ်ယူလေ။

ဝိပါကပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ ဝိပါက်စိတ်ဆတ္တိံသ စေတသိက် အဋ္ဌတိံသ ဤတရားတို့သည်ဝိပါကပစ္စည်းတပ်သော တရားမည်ကုန်၏။ ဝိပါက်စိတ်ဆတ္တိံသ စေတသိက်အဋ္ဌတိံသ ဝိပါက်ပြုအပ်သောစိတ္တဇရုပ် ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏။

အာဟာရပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ အာဟာရပစ္စည်း သည် နာမ်အာဟာရ ရုပ်အာဟာရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်ဖဿ စေတနာ ဝိညာဏ် ဤတရားတို့သည် နာမ် အာဟာရပစ္စည်းတပ်သော တရားမည်ကုန်၏။စိတ်တခုယုတ် ကိုး ဆယ် စေတသိက်ဒွေပညာသ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဤ

တရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏။ စတုသမုဋ္ဌာနိက ရုပ်၌ရှိသော ဩဇာ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားမည်ကုန်၏။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

ဣန္ဒြိယပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ ဣန္ဒြိယပစ္စည်းသည် သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဤနာမ်ဣန္ဒြေရှစ်ပါးတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်းတပ်သော တရားမည်ကုန်၏။ စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။ မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု ဤတရားတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်းတပ်သော တရားမည်ကုန်၏။ ။ဒွေပဉ္စဝိညာဏ်တဆယ် သဗ္ဗစိတ္တ သာဓာရဏ စေတသိက်ခုနစ်ခု ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။ ကမ္မဇရုပ် နှစ်ဆယ်၌အကြုံးဝင်သော ရုပ်ဇီဝိတိန္ဒြေ ဤတရားတို့သည် ရုပ်ဇီဝိတိန္ဒြိယပစ္စည်းတပ်သော တရားမည်ကုန်၏။ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု ဤတရားတို့သည် ရုပ်ဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

ဈာနပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ ဝေဒနာ ဤဈာနင်တရားကိုယ်ငါးပါး ဤတရားတို့သည် ဈာနပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်သော စိတ်တခုယုတ်ရှစ်ဆယ် စေတသိက်ဒွေပညာသ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည်ဈာနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

မဂ္ဂပစ္စယောဟူသောပစ္စယုဒ္ဒေသ၌ သဟိတ်စိတ်ကေသတ္တတိ၌ရှိသော ပညာ ဝိတက် ဝိရတိသုံးခု ဝိရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ ဤမဂ္ဂင်တရားကိုးပါး ဤတရားတို့သည် မဂ္ဂပစ္စည်း တပ်သော တရားမည်ကုန်၏။ သဟိတ်စိတ်ကေသတ္တတိ စေတသိက်ဒွေပညာသ သဟိတ်စိတ္တဇရုပ်သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

သမ္ပယုတ္တပစ္စယောဟူသောပစ္စယုဒ္ဒေသ၌။လ။အချင်းချင်းအား တပ်သော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေ ပညာသ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်းတပ်သော တရားမည်ကုန်၏။အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ် စေတသိက်ဒွေ ပညာသ ဤတရားတို့သည်သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

ဝိပ္ပယုတ္တပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတဝိပ္ပယုတ်ပုရေဇာတဝိပ္ပယုတ်ပစ္ဆာဇာတဝိပ္ပယုတ်အား ဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် လေးခုဒွေပဉ္စဝိညာဏ်ဆယ်ရဟန္တာတို့စုတိစိတ်ကြဉ်သောစိတ် ခုနစ်ဆဲ့ငါးခု စေတသိက်ဒွေပညာသ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထု ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း တပ်သောတရားမည်ကုန်၏။စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ် သော တရားမည်ကုန်၏။ ပဝတ္တိအခါ ဆဝတ္ထု ဤတရားတို့သည် ပုရေဇာတဝိပ္ပယုတ္တပစ္စည်းတပ်သောတရားမည်ကုန်၏ပဉ္စဝေါကာ ရဘုံ၌ အရူပဝိပါက်လေးခုကြဉ်သောသတ္တဝိညာဏဓာတ် စေတ သိက်ဒွေပညာသ ဤတရားတို့သည် ပုရေဇာတဝိပ္ပယုတ္တပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။ ။ပစ္ဆာဇာတဝိပ္ပယုတ်သည် ပစ္ဆာ ဇာတနှင့်တူ၏။

အတ္ထိပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ အတ္ထိ ပစ္စည်းသည် သဟဇာတတ္ထိ ပုရေဇာတတ္ထိ ပစ္ဆာဇာတတ္ထိ အာဟာရတ္ထိ ဣန္ဒြိယတ္ထိ အားဖြင့် ငါးပါးအပြား ရှိ၏။ ထိုတွင် သဟဇာတတ္ထိသည် သဟဇာတနှင့် တူ၏။ ပုရေဇာတတ္ထိသည် ပုရေဇာတနှင့် တူ၏။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့် တူ၏။ အာဟာရတ္ထိသည် ရုပ်အာဟာရနှင့် တူ၏။ ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့် တူ၏။

နတ္ထိ ဝိဂတသည် အနန္တရနှင့် တူ၏။

အဝိဂတသည် အတ္ထိနှင့် တူ၏။ ဤသို့လျှင် ဟေတုအစရှိသော နှစ်ဆဲ့ လေးပစ္စည်းတို့၏ ပစ္စည်းဖြစ်သော သရုပ် ပစ္စယုပ္ပန် ဖြစ်သော သရုပ်တို့ကို သိအပ်၏ ဟူလိုသော်။ ။နှစ်ချက်စုပြီး၏။

အမှာ ဤ နှစ်ချက်စုကို နှုတ်ကျက်အလေ့အလာဆောင်၍ ရသိစုမှ စ၍ အထက်ကို စာမှာ မကြည့်ဘဲ ဆရာတို့ ထံမှာ အလွတ် ဟောလေ။ သို့မှတတ်မည်။ လေးချက်စုကိုသာ အလိုရှိသောသူတို့သည် နန်းကျောင်းနိဿယမှာကြည့်လေ။

ပစ္စုပ္ပန္နာဝဟောန္တေတ္ထ၊ ပစ္စယာဒသပဥ္စ။ အတီတေဝေပဥ္စကော၊ တေကာလေဒွေဝနိဿိတော။ ။တယောတိကာလိကာစေဝ၊ ဝိမုတ္တာပိစကာလတော။ ။ဧတ္ထ-ဧတေသုပစ္စယေသု၊ ဤနှစ်ဆဲ့လေးပစ္စည်းတို့တွင်၊ ဒသပစ္စယာစ၊ ဆယ်ပစ္စည်းတို့သည်လည်းကောင်း၊ ပဥ္စပစ္စယာစ၊ ငါးပစ္စည်းတို့သည်လည်းကောင်း၊ ပစ္စုပ္ပန္နာဝ၊ ပစ္စုပ္ပန်ကာလနှင့်ယှဉ်ကုန်သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဥ္စ၊ ငါးပစ္စည်းတို့သည်၊ အတီတာဝ၊ အတိတ်ကာလနှင့်ယှဉ်ကုန်သည်သာလျှင်၊ ဟောန္တိ၊ ကုန်၏။ ဧကော၊ တပစ္စည်းသည်၊ ဒွေနှစ်ပါးကုန်သော၊ တေကာလေ၊ ထိုအတိတ်ပစ္စုပ္ပန်ကာလနှစ်ပါးတို့ကို၊ နိဿိတောဝ၊ မှီကုန်သည်သာလျှင်တည်း။ တယော၊ သုံးပါးကုန်သော ပစ္စည်းတို့သည်၊ တိကာလိကာစေဝ၊ ကာလသုံးပါးနှင့်ယှဉ်ကုန်သည်လည်း၊ ဟောန္တိ၊ ကုန်၏။ ကာလတော၊ ကာလ သုံးပါးမှ၊ ဝိမုတ္တာစာပိ၊ လွတ်ကုန် သည်လည်း၊ ဟောန္တိ၊ ၏။

အဓိပ္ပါယ်ကား ဟေတု သဟဇာတ အညမည နိဿယ ပုရေဇာတ ပစ္ဆာဇာတ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့ငါးပါးသော ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလနှင့်ယှဉ်ကုန်၏။ အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ဤငါးပစ္စည်းတို့သည်အတိတ်ကာလ၌ယှဉ်ကုန်၏။ သဟဇာတကမ္မသည် ပစ္စုပ္ပန် နာနာက္ခဏိကကမ္မသည် မိမိချုပ်ပြီးသည်မှ နောက်ကာလ၌ကျေးဇူး ပြုတတ်သောကြောင့် အတိတ်ကာလနှင့်ယှဉ်၏။ အာရမ္မဏပစ္စည်းသည် နိဗ္ဗာန်ပညတ်ဖြစ်အံ့ ကာလမှလွတ်၏။ ကြွင်းသောရုပ်နာမ်ဖြစ်အံ့ ယထာရဟကာလသုံးပါးယှဉ်၏။ အာရမ္မဏာဓိပတိသည် နိဗ္ဗာန်ဖြစ်အံ့ ကာလဝိမုတ်၊ ကြွင်းသော ပစ္စည်းထိုက်သောရုပ်နာမ်ဖြစ်အံ့ကာလသုံးပါးနှင့်ယှဉ်ကုန်၏။ သဟဇာတာဓိပတိကား ပစ္စုပ္ပန်တည်း။ ။ဥပနိဿယ၌ နိဗ္ဗာန်ဖြစ်အံ့ ကာလဝိမုတ် ကြွင်းသော အလေးအမြတ်ပြုအပ်သော နာမ်ရုပ်ဖြစ်အံ့ ကာလသုံးပါးနှင့်ယှဉ်၏။ အနန္တရူပနိဿယ ပကတူပနိဿယသည် အတိတ်၊ ဤသို့လျှင်သိအပ်၏ဟူလိုသော်။ ။နှုတ်ကျက်ဆောင်လေ။

ဟေတုပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ဆိုမြဲ။ ထိုပစ္စည်းပစ္စယုပ္ပန်နှစ်ပါးတို့တွင် လောဘမူစိတ် ရှစ်ခု၌ရှိသော လောဘသည် မောဟသည် လောဘမောဟသည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာ အားသာ ဟေတု သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်း တပ်ဟန်ကား လောကီစိတ် ဧကာသီတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ လောဘမူဇောဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလသော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင်ကျေန ဝိသတို့တွင် တခုခုသည် မိမိပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍

ချုပ်၏။ ထိုနောင် လောကီစိတ်ကောသိတိ စေတသိက်ဒွေပညာ သ ရုပ်အဋ္ဌဝီသ ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း လောဘမူရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဝိဘူ တာရုံဝိထိဖြစ်အံ့ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသောကာမ ဘဝင်တဆယ်တို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အား ဖြင့်သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဘဝင်ကိစ္စဖြစ်ထိုက်သည်၍ ဖြစ်၏။ အဝိဘူတာရုံဝီထိဖြစ်အံ့ ဘဝင်ကျေနဝီသတို့တွင် တခုခု သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါး ပါးကိုအာရုံပြု၍ ဘဝင်ကိစ္စဖြစ်ထိုက်သည်၍ ဖြစ်၏။ ထိုသို့ဖြစ်သော အခါ လောဘမူပဌမဇောအစရှိသော စိတ္တက္ခဏတခုခု၌ရှိသော လောဘသည် မောဟသည် လောဘမောဟသည် ပစ္စယဝေါ ကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တနာမက္ခန္ဓာ စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိ ဖြင့် ကျေးဇူးပြုပေ၏။

ဒေါသမူစိတ်နှစ်ခု၌ရှိသော ဒေါသသည် မောဟသည် ဒေါသ မောဟသည် ကာမတဆဲ့တဘုံ၌သာ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတင်ဟန်ကား လောကီစိတ် ကောသိတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဒေါသမူဇော စိတ္တုပ္ပါဒ်ဖြစ်လိုလသော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော ကာမဘဝင် တဆယ်တို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံ ပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် လောကီစိတ် ကောသိတိ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဒေါသမူစိတ်နှစ်ခုတို့

တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဝိဘူတာရုံဝီထိဖြစ်အံ့ ဥပေက္ခာ တဒါရုံခြောက်ခုတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ကာမဘဝင်တဆယ်တို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ ဖြစ်၏။ အဝိဘူတာရုံဝီထိ၌ ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေနေသောသူဖြစ်အံ့ ဥပေက္ခာဘဝင်ခြောက်ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သ၍ ဖြစ်၏။ သောမနဿပဋိသန္ဓေနေသော သူဖြစ်အံ့ ရှေး၌လေ့ကျက်ခဲ့ဘူးသော ကာမဇာရုံကို အာရုံပြု၍ ဥပေက္ခာသန္တီရဏသည် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ဥပေက္ခာသန္တီရဏဘဝင်မှ အနန္တရာဒိပစ္စည်းကိုရ၍ မဟာဝိပါက် သောမနဿဘဝင်လေးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သ၍ ဖြစ်၏။ ထိုသို့ဖြစ်သော အခါ ဒေါသမူပဋ္ဌမဇော အစရှိသော စိတ္တက္ခဏတခုခု၌ရှိသော ဒေါသသည် မောဟသည် ဒေါသမောဟသည် ကာမတဆဲ့တဘုံ၌သာ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မောဟမူစိတ်နှစ်ခု၌ရှိသော မောဟသည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား လောကီစိတ် ကောသီတိ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မောဟမူဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလသော်မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင်ဧကူနဝီသတို့တွင် တခုခုသည် မိမိပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ် အားဖြင့်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင်လောကီစိတ်ကောသီတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍မနောဒွါရာဝဇ္ဇန်း မောဟမူဒွေးတို့တွင် တခု

ခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနေ၁င် ပိဘ္ဇုတာရုံ ဝိဘိဖြစ်အံ့ တဒါရုံ့ဇောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနော၁င် ကာမဘဝင် တဆယ်တို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သ၍ ဖြစ်၏။ အဝိဘူတာရုံဝိထိ ဖြစ်အံ့ ဘဝင်ကျေနပိသတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက် သ၍ဖြစ်၏၊ ထိုသို့ဖြစ်သောအခါ မောဟမူပဌမဇောအစရှိသော စိတ္တက္ခဏတခုခုဉ် ရှိသော မောဟသည် ပဉ္စဝေါကာရဘုံ၌ဖြစ် သောအခါ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ ၏။ ။အကုသိုလ်ပြီး၏။ ။မဟာကုသိုလ် ဉာဏဝိပ္ပယုတ်လေးခု၌ ရှိသော အလောဘသည် အဒေါသသည် အလောဘအဒေါသ သည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ် တို့အား စတုဝေါကာရ ဘုံ၌ကား သမ္ပယုတ္တ ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား လောဘ မူအတိုင်းချလေ။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ဤမျှသာထူးသည်။ ထိုသို့ဖြစ်သောအခါ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ပဌမဇောအစ ရှိသော စိတ္တက္ခဏတခုခု၌ရှိသော အလောဘ အဒေါသသည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့ အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတု သတ္တိဖြင့် ကျေးဇူးပြုပေ၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု၌ရှိသော အလောဘ သည် အဒေါသသည် အမောဟသည် အလောဘအဒေါသသည် အလောဘ အမောဟသည် အဒေါသ အမောဟသည် အလောဘ အဒေါသ အမောဟသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား စတုဝေါကာရ ဘုံ၌ကား သမ္ပယုတ္တ ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူး ပြုပေ၏။ ပစ္စည်း တပ်ဟန်ကား အရဟတ္တမဂ် အရဟတ္တ ဖိုလ်ကြဉ်သော

စိတ်ရှစ်ဆဲ့ခုနစ်ခု စေတသိက်ခွဲပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလသော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင်ကျေနဝီသတို့တွင် တခုခုသည် ဆိုခြံးလ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု စေတသိက်ခွဲပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါး ပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့ တဒါရုံကောဒသတို့တွင် တခုခု သည် တဒါရုံကိစ္စနှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ကာမဘဝင် တဆယ် အဝိဘူတာရုံဝီထိဖြစ်အံ့ ဘဝင်ကျေနဝီသတို့တွင် တခုခု သည် ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ ဖြစ်၏။ ထိုသို့ ဖြစ်သောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပဌမဇော အစရှိသော စိတ္တက္ခဏ တခုခု၌ရှိသော အလောဘသည် အဒေါသသည် အမောဟသည် အလောဘ အဒေါသသည် အလောဘ အမောဟသည် အဒေါသ အမောဟသည် အလောဘ အဒေါသ အမောဟသည် ပဋ္ဌဝေါ ကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးခု၌ရှိသော အလောဘ သည် အဒေါသသည် အလောဘ အဒေါသသည် ကာမသုဂတိ ခုနစ်ဘုံ၌သာ ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား ပဋိ သန္ဓေအခါ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား ကာမတဆဲ့တဘုံမှ စုတေ၍ ကာမသုဂတိခုနစ်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား တဒါရုံနောင် စုတိ ဇောနောင်စုတိ ဘဝင်နောင် စုတိအားဖြင့် သုံးပါးအပြား

ရှိ၏။ ထိုသုံးပါးတို့တွင် တဒါရုံနောင် စုတိဖြစ်ဟန်ကား ထင်ရှား
ရှိသော ဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ အဆုံးစုတိ
ဖြစ်လိုလသော် မိမိ ပဋိသန္ဓေစိတ်နှင့် တူသော ကာမဘဝင်
တဆယ်တို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့်
သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ
ဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ကံ ကမ္မနိမိတ်
ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မနော
ဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးကြိမ် တဒါရုံ ဧကာဒသတို့တွင်
တခုခုသည် တဒါရုံကိစ္စ တကြိမ်လည်းကောင်း နှစ်ကြိမ်လည်း
ကောင်းဖြစ်၍ ချုပ်၏။ ထိုနောင် ကာမစုတိတဆယ်တို့တွင် တခုခု
သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါး
ပါးကို အာရုံပြု၍ စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် အဝိဇ္ဇာ
နုသယသည် ခြံရံအပ်သော တဏှာနုသယလျှင် မူလရှိသော
သင်္ခါရဟုဆိုအပ်သော ဇနကကံသည် ဖြစ်စေအပ်သော မိမိနှင့်
သမ္ပယုတ်ဖြစ်ကုန်သော တရားတို့သည် ခြံရံ၍ ယူအပ်သော မိမိ
နှင့်တကွနက်ဖြစ်ကုန်သော တရားတို့၏ တည်ရာဖြစ်၍ ပြဋ္ဌာန်း
သော ရွှေနောက်ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့သို့ စပ်
တတ်သော မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခုတို့တွင် တခုခုသည်
မရဏာသန္နဇောသည် မနောဒွါရဖြင့် ယူအပ်သော ကံ ကမ္မ
နိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍
ပဋိသန္ဓေကိစ္စတကြိမ်သာ ဖြစ်၍ ချုပ်၏။ ထိုနောင် ထိုပဋိသန္ဓေနှင့်
တူသော မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခုတို့တွင် တခုခုသည်
ပဋိသန္ဓေသစ်၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ်
အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စတဆဲ့
ငါးကြိမ် တဆဲ့ခြောက်ကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင် ဘဝသစ်ဟု
ဆိုအပ်သော မဟာဝိပါက် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေ နာမက္ခန္ဓာ
ကဋတ္တာရုပ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ကိစ္စဖြစ်၍ ချုပ်၏။
ထိုနောင် ဘဝသစ်၌ ပြင်းစွာတပ်တတ်သော ဘဝနိကန္တိလောဘ

ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေနှင့်တူသော မဟာဝိပါက်ဉာဏဝိပ္ပယုတ်လေးခုတို့တွင်တခုခုသည် မိမိပဋိသန္ဓေသစ်၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စ ဖြစ်ထိုက်သည်၍ ဖြစ်၏။ ။ဇောနောင် စုတိဖြစ်ဟန်ကား ဟဒါရိုကိုသာချ၍ဆိုလေ။ ဘဝင်နောင်စုတိဖြစ်ဟန်ကား ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝအဆုံးစုတိဖြစ်လိုလသော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ကာမစုတိ တဆယ်တို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင်ကံကမ္မနိမိတ်ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင်တပါးပါးကို အာရုံပြု၍မနောဒွါရာဝဇ္ဇန်းမရဏာသန္နဇောငါးကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စတကြိမ်လည်းကောင်း နှစ်ကြိမ်လည်းကောင်း ဖြစ်၍ ချုပ်၏။ ထိုနောင် ကာမစုတိ တဆယ်တို့တွင် တခုခုသည်။လ။ တဒါရုံနောင် စုတိအတိုင်းဆိုလေ။ ထိုသို့ဖြစ်သောအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ် စိတ္တက္ခဏတခုခု၌ ရှိသောအလောဘသည် အဒေါသသည် အလောဘ အဒေါသသည် ကာမသုဂတိ ခုနစ်ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တ ခန္ဓာကဋတ္တာရုပ်တို့အား ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ အာရုံနှင့် စုတိအာရုံ စုတိရွေ့ဘဝင်အာရုံတူ၏။ ။မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော တဒါရုံ ပဋိသန္ဓေသစ် ပဋိသန္ဓေနောက်ဘဝင်အာရုံတူ၏ဟု အမြဲမှတ်လေ။ ။ဝေဟပ္ဖိုလ် တိုင်အောင် ရူပါဝစရ ဆယ်ဘုံမှစုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဇောနောင် စုတိ ဘဝင်နောင် စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဇောနောင် စုတိဖြစ်ဟန်ကား တင်ရှားရှိသော ဘဝမှ ရွေ့လျောသော အားဖြင့် ပစ္စုပ္ပန်

ဘဝအဆုံးစုတိ ဖြစ်လိုလသော် မိမိပဋိသန္ဓေစိတ်နှင့် တူသော ရူပဘဝင်ငါးခုတို့တွင် တခုခုသည် မိမိပဋိသန္ဓေစိတ်၏ အာရုံနှင့် တူသော ကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင်ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့် တူသော ရူပစုတိငါးပါးတို့တွင် တခုခုသည် ကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် အဝိဇ္ဇာ နုသယသည် ခြံရံအပ်သော တဏှာ နုသယလျှင် မူလရှိသော သင်္ခါရဟု ဆိုအပ်သော ဇနကကံသည် ဖြစ်စေအပ်သော မိမိနှင့်သမ္ပယုတ်ဖြစ်ကုန်သော တရားတို့သည် ခြံရံ၍ ယူအပ်သော မိမိနှင့် သမ္ပယုတ် ဖြစ်ကုန်သော တရားတို့၏ တည်ရာ ဖြစ်၍ ပြဓာန်းသော ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့သို့ စပ်တတ်သော မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခုတို့တွင် တခုခုသည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိ ပဋိသန္ဓေစိတ်နှင့်တူသော မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးခုတို့တွင် တခုခုသည် မိမိပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စ တဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝသစ်ဟု ဆိုအပ်သော မဟာဝိပါက် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝသစ်၌ ပြင်းစွာတပ်တတ်သော ဘဝနိကန္တိ လောဘဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခုတို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့်

သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စ ဖြစ်ထိုက်သည်၍ ဖြစ်၏။ ။ဘဝင်နောင် စုတိလည်း ဇောနောင် ရူပဘဝင်ချလေ။ ထိုသို့ဖြစ်သောအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ် စိတ္တက္ခဏ တခု တခု၌ ရှိသော အလောဘသည် အဒေါသသည် အလောဘ အဒေါသသည် ကာမသုဂတိ ခုနစ်ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တ ခန္ဓာကဋတ္တာရုပ်တို့အား ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇ ရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မဟာဝိပါက် ဉာဏသမ္ပယုတ် လေးခု၌ရှိသော အလောဘ သည် အဒေါသသည် အမောဟသည် အလောဘ အဒေါသ သည် အလောဘ အမောဟသည် အဒေါသ အမောဟသည် အလောဘအဒေါသ အမောဟသည် ကာမသုဂတိခုနစ်ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်တို့အား ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ပစ္စည်းတပ်ဟန်ကား ကာမတဆဲ့တဘုံမှစုတေ၍ ကာမ သုဂတိခုနစ်ဘုံ၌ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား တဒါရုံနောင်စုတိ ဇောနောင်စုတိ ဘဝင်နောင်စုတိအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် တဒါရုံနောင်စုတိဖြစ်ဟန်ကား ဉာဏဝိပ္ပယုတ် အတိုင်းဆိုလေ။ ။ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရ ဆယ်ဘုံမှ စုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဇောနောင်စုတိ ဘဝင်နောင် စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ သည်လည်းနည်းတူ ဆိုလေ။ ။အရူပလေးဘုံမှ စုတေ၍ ကာမ သုဂတိခုနစ်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဇောနောင်စုတိ ဘဝင်နောင်စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဇောနောင် စုတိဖြစ်ဟန်ကား ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအား ဖြင့် ပစ္စုပ္ပန်ဘဝအဆုံးစုတိဖြစ်လိုလသော် မိမိပဋိသန္ဓေ စိတ်နှင့် တူသော အရူပဘဝင်လေးခုတို့တွင် တခုခုသည် ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကောင်းကင်နတ္ထိဘောပညတ် မဟဂ္ဂုတ် ကမ္မ နိမိတ်ကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စ

နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မနောဒွါရာ ဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် မရဏာသန္နဇော ငါးကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော အရူပစုတိ လေးခုတို့တွင် တခုခုသည် ကောင်းကင် နတ္ထိ ဘောပညတ် မဟဂ္ဂုတ်ကမ္မနိမိတ်ကိုအာရုံပြု၍စုတိကိစ္စတကြိမ်သာဖြစ်၍ချုပ်၏။ ထိုနောင် အဝိဇ္ဇာနုသယသည်ခြံရံအပ်သော ဆိုမြဲ။ မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ကံ ကမ္မနိမိတ်ဂတိနိမိတ် အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ပဋိသန္ဓေကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေသစ်နှင့် တူသော မဟာဝိပါက်ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် မိမိ ပဋိသန္ဓေသစ်၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဘဝင်ကိစ္စတဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ဘဝသစ်ဟုဆိုအပ်သော မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေ နာမက္ခန္ဓာ ကဠုတ္တာရုပ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ ဖြစ်၍ချုပ်၏။ ထိုနောင် ဘဝသစ်၌ ပြင်းစွာတပ်တတ်သော ဘဝနိကန္တိလောဘဇော ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင်မဟာဝိပါက် ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ ဖြစ်၏။ ထိုသို့ဖြစ်သောအခါ ဆိုမြဲ။ ။ရူပ အရူပဈာန်ကို ရစိမ့်သောငှါ ပထဝီပထဝီအစရှိသည်ဖြင့် စီးဖြန်းသော ပရိကမ္မ စေတနာကို ကံယူ။ ထိုကံကြောင့်ရူပအရူပမှ ကာမဘုံ၌ဖြစ်သည်။ ထိုစေတနာ၏အာရုံဖြစ်သော ကသိုဏ်းအစရှိသော ပညတ် ပဋ္ဌမ တတိယာ ရုပ္ပ ကုသိုလ်ဈာန်တရား အပေါင်းသည် ကမ္မနိမိတ်။ ဖြစ်လတ္တံ့သော ဘဝ၌ ဘုံဗိမာန် အစရှိသည်ကို ဂတိနိမိတ် ယူလေ။

မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု၌ ရှိသောအလောဘသည် အဒေါသသည် အမောဟသည် အလောဘအဒေါသသည်

အလောဘ အမောဟသည် အဒေါသ အမောဟသည် အလောဘ အဒေါသ အမောဟသည် အပါယ်ကြဉ်သော ပဥ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တ ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတစ်ဟန်ကား လောကီစိတ်ကောသိတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မဟာကြိယာဉာဏဝိပ္ပယုတ် ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလသော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော တိဟိတ်ဘဝင် တေရသတို့တွင် တခုခုသည်။လ။ သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဘဝင်စလန ဘဝင်ပစ္ဆေဒ။၏။ ထိုနောင် လောကီစိတ်။လ။ အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ဉာဏဝိပ္ပယုတ် လေးခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံနောင် ကာမတိဟိတ် ဘဝင်လေးခု အဝိဘူတာရုံဝီထိဖြစ်အံ့ တိဟိတ်ဘဝင် တေရသတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သည်၍ဖြစ်၏။ ထိုသို့ဖြစ်သောအခါဆိုမြဲ။

မဟာကြိယာဉာဏဝိပ္ပယုတ် လေးခု၌ရှိသောအလောဘသည် အဒေါသသည်အလောဘ အဒေါသသည် အပါယ်ကြဉ်သော ပဥ္စ နှစ်ဆဲ့နှစ်ဘုံ၌ဖြစ်သောအခါသမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကားသမ္ပယုတ္တခန္ဓာအားသာဟေတုသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ပစ္စည်းတစ်ဟန်ကား စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မဟာကြိယာဉာဏသမ္ပယုတ်ဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလသော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော တိဟိတ်ဘဝင် တေရသတို့တွင် မဟာကြိယာဉာဏဝိပ္ပယုတ်အတိုင်းဆိုလေ။

ရူပါဝစရ ပဥ္စမဈာန် ကုသိုလ်၌ ရှိသော အလောဘသည်။ အကျယ်ခုနစ်ဝါရ ဆိုမြဲ။ အကျဉ်းကားဟိတ်သုံးပါးသည်အပါယ်

ကြည့်သော ပဋ္ဌဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၌သာ သမ္ပယုတ္တခန္ဓာစိတ္တဇ ရုပ်တို့အား ပေတုသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား ပဋ္ဌမဈာန်ကို ရလတ္တံ့သော တိဟိတ်ကာမ ပုဂ္ဂိုလ်သည် ပထဝီ ကသိုဏ်းအစရှိသော ပညတ် ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ ပထဝီ ပထဝီ အစရှိသောအားဖြင့် စီးဖြန်းဖန်များ၍ ပဋ္ဌမဈာန်ကိုရလိုလ သော်မိမိပဋိသန္ဓေစိတ်နှင့်တူသော ကာမတိဟိတ် ဘဝင်လေးခု တို့တွင် တခုခုသည် ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ် ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ပထဝီကသိုဏ်းအစရှိသော ပညတ် ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာ ကုသိုလ်ပဋ္ဌမဈေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟုလေးကြိမ် တိက္ခပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟုသုံးကြိမ် ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ချုပ်၏။ ထို နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ပဋ္ဌမဈာန်ကုသိုလ်သည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာ သမာဓိ ဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထိုနောင် ကာမတိဟိတ် ဘဝင် လေးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ပဋ္ဌမဈာန်ကိုရပြီးသောတိဟိတ်ကာမရူပပုဂ္ဂိုလ်သည် ပဋ္ဌမဈာန်ကို ဝင်စားလိုလသော် မိမိပဋိသန္ဓေစိတ်နှင့် တူသော ပဋ္ဌဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခုသည် ဘဝင်စလနဘဝင်ုပစ္ဆေဒ ထိုနောင် ပထဝီကသိုဏ်းအစရှိသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ်ပဋ္ဌမဈေးတို့ တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဟုလေးကြိမ် တိက္ခပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံး ကြိမ် ဥပစာရသမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ် မြောက် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ပဋ္ဌမဈာန် ကုသိုလ်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာ

သမာဓိဗောဇ္ဈင်္ဂ များစွာဖြစ်၍ချုပ်၏။ ထိုနောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သ၍ ဖြစ်၏၊ ထိုသို့ဖြစ်သောအခါ ဆိုမြဲ။

ရူပါဝစရဒုတိယဈာန် ကုသိုလ်နှင့်ရှိသော။ ခုနစ်ဝါရဆိုမြဲ။ ။ ဟိတ်သုံးပါးသည် အပါယ်ကြည်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ၌သာ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ။ပစ္စည်းတပ်ဟန်ကား ပဌမဈာန်ကိုရပြီးသော တိဟိတ်ကာမရူပပုဂ္ဂိုလ်သည် ငါရသောပဌမဈာန်ကား နီဝရဏဟူသော နီးသောရန်သူရှိ၏။ ဝိတက်ဟူသော ရုန့်ရင်းသော အင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည်နည်း၏ဟု ပဌမဈာန်၌ အပြစ်ကိုမြင်၍ ထိုပဌမဈာန်၌ တပ်ခြင်းကိုစွန့်၍ ဒုတိယဈာန်သည်ငြိမ်သက်၏ဟု နှလုံးသွင်း၍ ပဋိဘာဂနိမိတ်ကို ပထဝီပထဝီ အစရှိသောအားဖြင့် စီးဖြန်းဖန်များ၍ ဒုတိယဈာန်ကို ရလိုလသော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ကာမတိဟိတ်ဘဝင်လေးခု ပဌမဈာန်ဘဝင်တို့တွင် ပဌမဈာန်အတိုင်းချလေ။

ရူပါဝစရတတိယဈာန် ကုသိုလ်နှင့်ရှိသော ဟိတ်သုံးပါးသည်။ ပဌမဈာန်အတိုင်းဆိုမြဲ။ ။ဒုတိယဈာန်ကိုရပြီးသော တိဟိတ်ကာမရူပပုဂ္ဂိုလ်သည် ငါရသော ဒုတိယဈာန်ကား ဝိတက်ဟူသော နီးသောရန်သူရှိ၏။ ဝိစာရဟူသော ရုန့်ရင်းသော အင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည် နည်း၏ဟု ဒုတိယဈာန်၌ အပြစ်ကို မြင်၍ဒုတိယဈာန်၌ တပ်ခြင်းကိုစွန့်၍ တတိယဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ပဋိဘာဂနိမိတ်ကို ပထဝီ ပထဝီအစရှိသောအားဖြင့် စီးဖြန်းဖန်များ၍ တတိယဈာန်ကို ရလိုလသော်။ ဝီထိချမြဲ။

ရူပါဝစရ စတုတ္ထဈာန် ကုသိုလ်နှင့်ရှိသော ဟိတ်သုံးပါးသည်။ ပဌမဈာန်အတိုင်းဆိုလေ။ ။တတိယဈာန်ကို ရပြီးသောတိဟိတ်ကာမ ရူပပုဂ္ဂိုလ်သည် ငါရသော တတိယဈာန်ကား ဝိစာရ

ဟူသော နီးသောရန်သူရှိ၏၊ ပီတိဟူသော ရုန့်ရင်းသော အင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည်နည်း၏ဟု တတိယဈာန်၌ အပြစ်ကိုမြင်၍ တတိယဈာန်၌ တပ်ခြင်းကိုစွန့်၍ စတုတ္ထဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ ပဋိဘာဂနိမိတ်ကို ပထဝီ ပထဝီအစ ရှိသောအားဖြင့် စီးဖြန်းဖန်များ၍ စတုတ္ထဈာန်ကို ရလိုလသော်၊ ပီထိချုပ်၏။

ရူပါဝစရ ပဉ္စမဈာန် ကုသိုလ်၌ရှိသော ဟိတ်သုံးပါးသည်၊ ဆိုမြဲ၊ ၊စတုတ္ထဈာန်ကို ရပြီးသော တိဟိတ်ကာမ ရူပပုဂ္ဂိုလ်သည် ငါရသော စတုတ္ထဈာန်ကား ပီတိဟူသော နီးသောရန်သူရှိ၏၊ သုခဟူသော ရုန့်ရင်းသော အင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏ အားသည် နည်း၏ဟု စတုတ္ထဈာန်၌ အပြစ်ကိုမြင်၍ စတုတ္ထဈာန်၌ တပ်ခြင်းကိုစွန့်၍ ပဉ္စမဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ ပဋိဘာဂနိမိတ်ကို ပထဝီ ပထဝီအစရှိသောအားဖြင့် စီးဖြန်းဖန်များ၍ ပဉ္စမဈာန်ကိုရလိုလသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် တတိယဇွေး ချသည်သာ ထူးသည်၊ ဝေဒနာတူ၏။

ရူပါဝစရ ပဉ္စမဈာန်ဝိပါက်၌ရှိသော ဟိတ်သုံးပါးသည် ပဉ္စမဈာန်သုံးပါး၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်တို့အား ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား ကာမသုဂတိ ခုနစ်ဘုံမှ စုတေ၍ ပဉ္စမဈာန်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဇောနောင်စုတိ ဘဝင်နောင်စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဇောနောင်စုတိဖြစ်ဟန်ကား ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ အဆုံးစုတိ ဖြစ်လိုလသော် မိမိ။လ။ကာမတိဟိတ်ဘဝင်လေးခုတို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင်ပထဝီကသိုဏ်းအစရှိသော

ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မရဏာသန္န ဇောငါးကြိမ်ဖြစ်၍ချုပ်၏၊ ထိုနောင်ကာမတိဟိတ် စုတိလေးခုတို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ စုတိကိစ္စတကြိမ် ထိုနောင်အဝိဇ္ဇာ နုသယသည် ခြံရံအပ်သော။လ။ ရူပါဝစရပဋ္ဌမဈာန် ပဋိသန္ဓေသည်ကသိုဏ်းအစရှိသောပညတ်ကမ္မနိမိတ်ကိုအာရုံပြု၍ ပဋိသန္ဓေကိစ္စတကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေသစ်နှင့်တူသော ရူပါဝစရပဋ္ဌမဈာန်ဘဝင်သည် ကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်ကိစ္စ တဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ဘဝသစ်ဟုဆိုအပ်သော ပဋ္ဌမဈာန် ပဋိသန္ဓေနာမက္ခန္ဓာ ကဠာဝရုပ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဘဝသစ်၌ ပြင်းစွာတပ်တတ်သော ဘဝနိကန္တိလောဘဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ထိုနောင် ရူပါဝစရပဋ္ဌမဈာန်ဘဝင် ထိုသို့ဖြစ်သောအခါဆိုမြဲ။ ။ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရဆယ်ဘုံမှ စုတေ၍ ပဋ္ဌမဈာန်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဇောနောင်စုတိ ဘဝင်နောင်စုတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဇောနောင် စုတိဖြစ်ဟန်ကား ထင်ရှားရှိသော။လ။ သော် မိမိပဋိသန္ဓေစိတ်နှင့် တူသော ရူပဘဝင်ငါးခုတို့တွင် တခုခုသည် ကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် ကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင်ရူပစုတိငါးခုတို့တွင် တခုခုသည် ကသိုဏ်း အစရှိသော ပညတ် ကမ္မနိမိတ်ကိုအာရုံပြု၍ စုတိကိစ္စတကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် အဝိဇ္ဇာနုသယသည်ခြံရံအပ်သော။လ။ရူပါဝစရ ပဋ္ဌမဈာန် ပဋိသန္ဓေသည် ကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စတကြိမ်သာဖြစ်၍ ချုပ်၏။ ထိုနောင် မိမိပဋိသန္ဓေသစ်နှင့် တူသော ရူပါဝစရပဋ္ဌမဈာန်ဘဝင်သည်။လ။ တဆဲ့ငါးကြိမ် တဆဲ့

ခြောက်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝသစ်ဟု ဆိုအပ်သော ပဉ္စမဈာန် ပဋိသန္ဓေ နာမက္ခန္ဓာ ကဋတ္တာရုပ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိ လေ ဘဇော ခုနစ်ကြိမ် ထိုနောင် ပဉ္စမဈာန်ဘဝင်။ ဘဝင်နောင် စုတိလည်း ရူပဘဝင်ငါးခုကိုချလေ။ ထိုသို့ဖြစ်သောအခါဆိုမြဲ။ ။အရူပဘုံမှစုကာ၍ ရူပဘုံ၌မဖြစ်နိုင်။ အဘယ်ကြောင့်နည်း ဟူမူကား အကြောင်းဖြစ်သော ရူပဈာန်သည် အရူပဘုံ၌ မရှိသောကြောင့်တည်း။ ။အာရုပ္ပ စုတိယာ ဟောန္တိ အစရှိသော ဂါထာ အဓိပ္ပါယ်ကို နှလုံးသွင်း၍ ဆိုလေ။

ရူပါဝစရ ဒုတိယဈာန် တတိယဈာန်ဝိပါက်၌ ရှိသော ဟိတ်သုံးပါးသည် ဒုတိယဈာန်ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်တို့အား ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား ကာမသုဂတိခုနစ်ဘုံမှ ဒုတိယဈာန်ဘုံ၌ ဖြစ်သောဝီထိ။ ရူပဆယ်ဘုံမှ ရူပါဝစရဒုတိယဈာန်ဘုံ၌ဖြစ်သော ဝီထိတို့ကို ပဉ္စမဈာန် ဝိပါက်ဝီထိအတိုင်းဆိုလေ။

ရူပါဝစရ စတုတ္ထဈာန် ဝိပါက်၌ရှိသော ဟိတ်သုံးပါးသည် တတိယဈာန် သုံးဘုံ၌သာ ပဉ္စမဈာန်အတိုင်းဆိုလေ။

ရူပါဝစရ ပဉ္စမဈာန် ဝိပါက်၌ ရှိသော ဟိတ်သုံးပါးသည် ဝေဟပ္ဖိုလ် သုဒ္ဓါဝါသ ငါးဘုံ၌သာ၊လ။ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား ကာမသုဂတိ ခုနစ်ဘုံမှစုတေ၍ ဝေဟပ္ဖိုလ် သုဒ္ဓါဝါသ ငါးဘုံ၌ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်ဝီထိ ပဉ္စမဈာန်အတိုင်းဆိုလေ။ ။အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံမှစုတေ၍ ဝေဟပ္ဖိုလ် သုဒ္ဓါဝါသ ငါးဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ပဉ္စမဈာန်အတိုင်းဆိုမြဲ။ ပဉ္စမဈာန် ပဋိသန္ဓေ ဘဝင်သာထူးသည်။ ။ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာနောပပဇ္ဇရေဟူ၍ ဆိုသောကြောင့်အထက်အထက်ဗြဟ္မာဘုံမှ အောက်အောက်သော ဗြဟ္မာဘုံ၌ ပုထုဇဉ်သာဖြစ်သည် အရိယာမဖြစ်ဟု မှတ်လေ။

ရူပါဝစရ ပဉ္စမဈာန် ကြိယာ၌ ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၌သာ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့၌ လ။ ။ ပစ္စည်းတစ်ဟန်ကား ကုသိုလ်အတိုင်းချ။ မဟာကြိယာ ပဉ္စမဒွေးသာ ထူးသည်။ ဒုတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန်ကြိယာကိုလည်း ကုသိုလ်အတိုင်း နည်းတူဆိုလေ။ ရူပါဝစရပြီး၏။

အာကာသာနဉ္စာယတန ကုသိုလ်၌ရှိသောဟိတ်သုံးပါးသည် အပါယ် ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား အာကာသာနဉ္စာ ယတနဘုံ၌ ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတစ်ဟန်ကား အာကာသာနဉ္စာ ယတန ကုသိုလ်ဈာန်ကို ရလတ္တံ့သော တိဟိတ်ကာမ ရူပပုဂ္ဂိုလ်သည် ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်မှထ၍ ငါရသော ရူပါဝစရပဉ္စမဈာန်ကုသိုလ်သည်ကား ငါငြီးငွေ့သော ကသိုဏ်းရုပ်ကို အာရုံပြု၍ နီးသော သုခဟူသော ရန်သူရှိ၏ဟု ရူပါဝစရ ပဉ္စမဈာန်၌ အပြစ်ကို မြင်၍ ပဉ္စမဈာန်၌ တပ်ခြင်းကို စွန့်၍ အာကာသကြဉ်အပ်သော ကသိုဏ်း ကိုးပါးတို့ တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင် ပညတ်ကို အာရုံ ပြု၍အာကာသော အနန္တော အာကာသော အနန္တောဟု စီးဖြန်း ဖန် များ၍အာကာသာနဉ္စာယတနဈာန်ကို ရလိုလသော် မိမိ ပဋိသန္ဓေ စိတ်နှင့် တူသော ပဉ္စဝေါကာရ တိဟိတ်ဘဝင် ကိုးခုတို့တွင်တခု ခုသည်။ လ။ ဘဝင်စလန ဘဝင်ပစ္ဆေဒ ထိုနောင်အာကာသကြဉ် သော ကသိုဏ်း ကိုးပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော် ကောင်းကင် ပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟု လေးကြိမ် တိက္ခပညာ ဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံးကြိမ် ဥပစာရ သမာဓိ ဇော ကိစ္စ ဖြစ်၍ ချုပ်၏။ ထိုနောင် တိက္ခပညာ ပုဂ္ဂိုလ်အား လေး ကြိမ်မြောက် မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်ဇော်ဂါ

နှစ်ပါးနှင့် ပြည့်စုံသော အာကာသာနဉ္စာ ယတန ကုသိုလ် ဈာန် သည် အာဒိကမ္မိက ဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထိုနောင်ပဉ္စဝေါကာရ တိဟိတ်ဘဝင် ဖြစ်လိုက် သ၍ ဖြစ်၏။ အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ် ကာမ ရူပ အာကာသာနဉ္စာယတန ပုဂ္ဂိုလ်သည် အာကာ သာနဉ္စာယတနဈာန်ကို ဝင်စားလိုလသော် မိမိ ပဋိသန္ဓေစိတ်နှင့် တူသော ပဉ္စဝေါကာရ တိဟိတ် ဘဝင်ကိုးခု အာကာသာနဉ္စာယ တနဘဝင်တို့တွင် တခုခုသည်ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် အာကာသ ကြဉ်အပ်သော။လ။ ကောင်းကင်ပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟု လေးကြိမ် တိက္ခပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံးကြိမ် ဥပစာရ သမာဓိ ဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန် အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော အာကာသာနဉ္စာ ယတန ကုသိုလ် ဈာန်သည် ဘဝင် အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာ သမာဓိဇောကိစ္စ များစွာ ဖြစ်၍ ချုပ်၏။ ထိုနောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင် ကိုးခု အာကာသာနဉ္စာယတနဘဝင်တို့တွင် တခု သည် ဘဝင်ကိစ္စ ဖြစ်လိုက်သ၍ ဖြစ်၏။ ထိုသို့ ဖြစ်သောအခါ ဆိုမြဲ။

ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်၌ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တ ခန္ဓာစိတ္တဇရုပ်တို့အား အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတ နဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူး ပြုပေ၏။ ပစ္စည်းတပ်ဟန်ကား အာကာသာနဉ္စာယတနဈာန်ကို ရပြီးသော တိဟိတ်ကာမ ရူပ အာကာသာနဉ္စာယတန ပုဂ္ဂိုလ် သည် ဝိညာဏဉ္စာယတန ဈာန်ကိုရလို၍ အာကာသာနဉ္စာယ တနဈာန်မှထ၍ ငါရသော အာကာသာနဉ္စာယတန ဈာန်သည်

ရူပါဝစရဟူသော နိုးသောရန်သူရှိ၏ဟု အာကာသာနဉ္စာယတနဈာန်၌ အပြစ်ကိုမြင်၍ အာကာသာနဉ္စာယတနဈာန်၌ တပ်ခြင်းကိုစွန့်၍ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကို ဝိညာဏံအနန္တံ ဝိညာဏံ အနန္တံ ဟုစီးဖြန်းဖန်များ၍ ဝိညာဏဉ္စာယတနကုသိုလ်ဈာန်ကို ရလိုလသော် မိမိ။လ။ ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စာယတနဘဝင်တို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် တတိယဇောတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံးကြိမ်။ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ထိုနောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိညာဏဉ္စာယတနကုသိုလ်ဈာန်သည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စာယတနဘဝင် ဝိညာဏဉ္စာယတနဈာန်ကို ရပြီးသော တိဟိတ် ကာမ ရူပ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတနဈာန်ကို ရပြီးသော တိဟိတ်ကာမ ရူပ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားလိုလသော် မိမိပဋိသန္ဓေ။လ။ ကာမတိဟိတ်ဘဝင်လေးခု အာကာသာနဉ္စာယဘန ဝိညာဏဉ္စာယတနဘဝင်တို့တွင် တခုခုသည် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်။ လ။ ဥပစာ အနုလုံ ဂေါတြဘူဟုသုံးကြိမ်ဖြစ်၍ ချုပ်၏။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိညာဏဉ္စာယတနကုသိုလ်သည် ဘဝင်အယဉ်ကဲ့သို့အလို

ရှိသောအတိုင်း အပ္ပနာသမာဓိဇောကိစ္စများစွာဖြစ်၍ ချုပ်၏။ ထိုနောင် ကာမတိဟိတ်ဘဝင်လေးခု အာကာသာနဉ္စာယတန ဘဝင် ထိုသို့ဖြစ်သောအခါ ဆိုမြဲ။

အာကိဉ္စညာယတန ကုသိုလ်၌ ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတနဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့်ကျေးဇူးပြုပေ၏။ပစ္စည်းတပ်ဟန်ကား ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ်ကာမ နွယ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန ပုဂ္ဂိုလ်သည် အာကိဉ္စညာယတနဈာန်ကို ရလို၍ ဝိညာဏဉ္စာယတန ဈာန်မှထ၍ ငါရသော ဝိညာဏဉ္စာယတနဈာန်သည်ကား အာကာသာနဉ္စာယတနဟူသော နီးသောရန်သူရှိ၏ဟု ဝိညာဏဉ္စာယတနဈာန်၌ အပြစ်ကို မြင်၍ ဝိညာဏဉ္စာယတနဈာန်၌ တပ်ခြင်းကို ပွန့်၍ အာကိဉ္စညာယတန ဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ အာကာသာနဉ္စာယတန ကုသိုလ်၏ မရှိခြင်း ဟုဆိုအပ်သော နတ္ထိဘာဝပညတ်ကို အာရုံပြု၍ နတ္ထိကိဉ္စိ နတ္ထိကိဉ္စိဟု စီးဖြန်းဖန်များ၍အာကိဉ္စညာယတနဈာန်ကို ရလိုလသော်။လ။ကာမတိဟိတ် ဘဝင်လေးခု အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန ဘဝင်တို့တွင် တခုခုသည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အာကာသာနဉ္စာယတနကုသိုလ်၏ မရှိခြင်းဟုဆိုအပ်သော နတ္ထိဘာဝပညတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်တတိယဒွေး တို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ်သုံးကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင် တိက္ခပညာအား လေးကြိမ်မြောက် မန္ဒပညာအား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော အာကိဉ္စညာယတန ကုသိုလ်ဈာန်သည် အာဒိကမ္မိက။ လ။ ချုပ်၏။ ထိုနောင် ဘဝင်ဖြစ်ထိုက်၊လ။သမာပဇ္ဇနမှာ အာကိဉ္စညာယတန ဘဝင်ဆိုသည်သာထူးသည်။ ။ထိုသို့ဖြစ်သောအခါဆိုမြဲ။

နေဝသညာ နာသညာယတန ကုသိုလ်၌ရှိသော ဟိတ်သုံးပါး
သည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၌ ရှိသော
အခါ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်တို့အား ဧကဝေါကာရဘုံ၌ကား
သမ္ပယုတ္တ ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူး ပြုပေ၏။
ပစ္စည်းတပ်ဟန်ကား အာကိဉ္စညာယတန ဈာန်ကို ရပြီးသော
တိဟိတ်ကာမ ရူပ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန
အာကိဉ္စညာယတနပုဂ္ဂိုလ်သည် နေဝသညာ နာသညာယတန
ဈာန်ကိုရလို၍ အာကိဉ္စညာယတနဈာန်မှထ၍ ငါရသော အာ
ကိဉ္စညာယတနဈာန်သည် ဝိညာဏဉ္စာယတနဟူသော နီးသော
ရန်သူရှိ၏ဟု အာကိဉ္စညာ ယတန ဈာန်၌ အပြစ်ကို မြင်၍
အာကိဉ္စညာယတန ဈာန်၌ တပ်ခြင်းကိုစွန့်၍ နေဝ သညာ
နာသညာယတန ဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ ဤဘဝ
ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကု
သိုလ်ကိုသန္တမေတံပဏီတမေတံဟု စီးဖြန်းဖန်များ၍ နေဝသညာ
နာသညာ ယတန ကုသိုလ်ဈာန်ကို ရလိုလသော် မိမိပဋိသန္ဓေ
စိတ်နှင့်တူသော ကာမတိဟိတ် ဘဝင်လေးခု အာကာသာနဉ္စာ
ယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန ဘဝင်တို့တွင်
တခုခုသည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် ဤဘဝ
ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်သော အာကိဉ္စညာယတနကုသိုလ်
ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ်တတိယ
ဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအား လျော်စွာ လေးကြိမ်
သုံးကြိမ် ဖြစ်၍ချုပ်၏။ ထိုနောင်။လ။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံ
သော နေဝသညာ နာသညာယတန ကုသိုလ်သည် အာဒိကမ္မိ
ကဖြစ်၍ တကြိမ်သာဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝင်ဖြစ်ထိုက်
သည်ဖြစ်၏။ ။နေဝသညာ နာသညာယတနကုသိုလ် ဈာန်ကို
ရပြီးသော တိဟိတ်ကာမ ရူပ အရူပပုဂ္ဂိုလ်သည် နေဝသညာ နာ
သညာယတန ကုသိုလ်ဈာန်ကိုဝင်စားလိုလသော် တိဟိတ်ဘဝင်
တေရသချလေ။ ထိုသို့ဖြစ်သောအခါ ဆိုခဲ့ပြီ။ ။အရူပကုသိုလ်ပြီး၏။

အာကာသာနဉ္စာယတန ဝိပါက်၌ရှိသော ဟိတ်သုံးပါးသည် အာကာသာနဉ္စာယတန ဘုံ၌သော ပဋိသန္ဓေ ပဝတ္တိနှစ်ပါး၌ သမ္ပယုတ္တခန္ဓာအားသော ဟေတုသတ္တိဖြင့် ကျေးဇူး ပြုပေ၏၊ပစ္စည်း တပ်ဟန်ကား ကာမသုဂတိခုနစ်ဘုံမှစုတေ၍အာကာသာနဉ္စာယ တနဘုံ၌ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား ဇောနောင်စုတိဘဝင်နောင် စုတိ အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ဇောနောင် စုတိဖြစ်ဟန်ကား ထင်ရှားသော။လ။သော် ကာမတိဟိတ်ဘဝင် လေးခုတို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံ၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် အာကာသသည်ကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးကြိမ်ဖြစ်၍ ချုပ်၏၊ထိုနောင်ကာမတိဟိတ် စုတိလေးခုတို့တွင် တခုခုသည်ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင်တပါးပါးကိုအာရုံပြု၍စုတိကိစ္စတကြိမ်ဖြစ်၍ချုပ်၏၊ထိုနောင် အဝိဇ္ဇာနုသယသည်။လ။ အာကာသာနဉ္စာယတန ပဋိသန္ဓေသည် အာကာသကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင် ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စ တကြိမ်သာဖြစ်၍ ချုပ်၏။ ထိုနောင် မိမိ။လ။ အာကာသာနဉ္စာ ယတနဘဝင်သည် မိမိပဋိသန္ဓေသစ်၏ အာရုံနှင့်တူသောကောင်း ကင်ပညတ် ကမ္မနိမိတ်ကိုအာရုံပြု၍ ဘဝင်ကိစ္စတဆဲ့ငါးကြိမ်တဆဲ့ ခြောက်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝသစ်ဟုဆိုအပ်သော အာကာသာနဉ္စာယတန ပဋိသန္ဓေနာမက္ခန္ဓာကိုအာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း ဘဝသစ်၌ ပြင်းစွာတပ်တတ်သော ဘဝနိကန္တိ လောဘဇော ခုနစ်ကြိမ် ထိုနောင် အာကာသာ နဉ္စာယ တန ဖြစ်တိုက်သည်၏ ဖြစ်၏။ ထိုသို့ဖြစ်သောအခါ အာကာသာ နဉ္စာ ယတနဝိပါက်၌ ရှိသော ဟိတ်သုံးပါးသည် အာကာ သာနဉ္စာ ယတနဘုံ၌သော ပဋိသန္ဓေပဝတ္တိနှစ်ပါး၌ သမ္ပယုတ္တ

ခန္ဓာအားသာဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ဝေဟပ္ဖိုလ် တိုင်အောင် ရူပါဝစရ ဆယ်ဘုံမှ စုတေ၍ အာကာသာ နဉ္စာ ယတန ဘုံ၌ ဖြစ်လတ္တံ့သော။ လ။ ဇောနောင် စုတိ ဖြစ်ဟန် ကား ထင်ရှား။ လ။ သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော ရူပဘဝင်ငါးခုတို့တွင် တခုခုသည် ကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် ကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းမရဏာသန္နဇောငါးကြိမ် ထိုနောင် ရူပစုတိငါးခုတို့တွင် တခုခုသည် ကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်ကိုအာရုံပြု၍ စုတိတကြိမ် ထိုနောင် ကောင်းကင်ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ အာကာသာနဉ္စာယတန ပဋိသန္ဓေတကြိမ် ထိုနောင် ဘဝင်ကိစ္စတဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ် ထိုနောင် ဘဝသစ်ဟုဆိုအပ်သော အာကာသာ နဉ္စာယတန ပဋိသန္ဓေ နာမက္ခန္ဓာကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိ လောဘ ဇောခုနစ်ကြိမ် ထိုနောင် အာကာသာနဉ္စာယတနဘဝင်ဖြစ်ထိုက် သည်။ အာကာသာနဉ္စာယတန ဘုံ၌ စုတေ၍ အာကာသာနဉ္စာ ယတနဘုံ၌ဖြစ်လတ္တံ့သော၊လ၊ဇောနောင်စုတိဖြစ်ဟန်ကားထင် ရှား။လ။သော် မိမိအာကာသာနဉ္စာယတနဘဝင်သည် ကောင်း ကင်ပညတ် ကမ္မနိမိတ်ကိုအာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် ကောင်းကင်ပညတ် ကမ္မနိမိတ်ကိုအာရုံပြု၍မနောဒွါရာ ဝဇ္ဇန်း မရဏာသန္နဇော ငါးကြိမ် ထိုနောင် အာကာသာနဉ္စာ ယတန စုတိတကြိမ် ထိုနောင် အာကာသာနဉ္စာယတန ပဋိသန္ဓေ ထိုနောင် ဘဝင်ကိစ္စတဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ် ထိုနောင် ဆိုမြဲ။ ။မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိ လောဘဇောခုနစ်ကြိမ်၊ ထိုနောင် အာကာသာနဉ္စာယတနဘဝင်။ ထိုသို့ဖြစ်သောအခါ ဆိုမြဲ။

ဝိညာဏဉ္စာယတနဝိပါက်၌ရှိသော ဟိတ်သုံးပါးသည် ဝိညာ ဏဉ္စာယတနဘုံ၌သာ ပဋိသန္ဓေပဝတ္တိနှစ်ပါးတို့၌ သမ္ပယုတ္တခန္ဓာ

**အားသာ** ဟေတုသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား ကာမသုဂတိခုနစ်ဘုံမှစုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား ။လ။ ဟန်ကား ထင်ရှား။လ။ သော် ကာမတိဟိတ်ဘဝင်လေးခုတို့တွင် တခုခုသည် ကံ။လ။၍ ဘဝင်စလန ဘဝင်ုပ်ဆွေဒ ထိုနောင် ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ် ကမ္မနိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးကြိမ် ထိုနောင် ကာမတိဟိတ်စုတိလေးခုတို့တွင် တခုခုသည် စုတိကိစ္စတကြိမ်။ ထိုနောင် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် ကမ္မနိမိတ်ကိုအာရုံပြု၍ ဝိညာဏဉ္စာယတန ပဋိသန္ဓေကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် မိမိ။လ။ ဘဝင်ကိစ္စတဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ် ထိုနောင်။လ။၍ မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိလောဘဇောခုနစ်ကြိမ် ထိုနောင် ဝိညာဏဉ္စာယတနဘဝင်။ ။ ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရဆယ်ဘုံမှ ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ဝီထိ။ ။အာကာသာနဉ္စာယတနဘုံမှ ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ဝီထိ။ ။ဘုံချင်းချင်းဖြစ်သော ပုဂ္ဂိုလ်ဝီထိ ဤဝီထိတို့ကို အောက်ကနည်းကိုမှီ၍ ဆိုလေ။

အာကိဉ္စညာယတန ဝိပါက်၌ရှိသော ဟိတ်သုံးပါးသည် အာကိဉ္စညာယတနဘုံ၌သာ ပဋိသန္ဓေပဝတ္တိနှစ်ပါး၌ သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ပစ္စည်းတပ်ဟန်ကား ကာမသုဂတိ ခုနစ်ဘုံမှစုတေ၍ အာကိဉ္စညာယတနဘုံ၌ ဖြစ်လတ္တံ့သော။လ။ ဟန်ကား ကာမတိဟိတ် ဘဝင်လေးခုတို့တွင် တခုခုသည် ကံ။လ။၍။ ဘဝင်စလန ဘဝင်ုပစ္ဆေဒထိုနောင် အာကာသာနဉ္စာယတန ကုသိုလ်၏မရှိခြင်းဟုဆိုအပ်သော နတ္ထိဘောပညတ် ကမ္မနိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးကြိမ် ထိုနောင် ကာမတိဟိတ်စုတိ လေးခုတို့တွင် တခုခုသည် စုတိကိစ္စတကြိမ် ထိုနောင် အာကာသာနဉ္စာ ယတန ကုသိုလ်၏မရှိခြင်း ဟုဆိုအပ်သော နတ္ထိဘောပညတ် ကမ္မနိမိတ်

ကိုအာရုံပြု၍ အာကိဉ္စညာယတန ပဋိသန္ဓေကိစ္စတကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် အာကိဉ္စညာယတန ဘဝင်တဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ်ထိုနောင်။ လ။ မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိ လောဘဇောခုနစ်ကြိမ် ထိုနောင် အာကိဉ္စညာယတနဘဝင် ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရ ဆယ်ဘုံမှစုတေ၍ အာကိဉ္စညာယတနဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ဝီထိ။ ။အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတနဘုံမှစုတေ၍ အာကိဉ္စညာယတနဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ဝီထိ အာကိဉ္စညာယတနဘုံ၌ အချင်းချင်းဖြစ်သော ပုဂ္ဂိုလ်ဝီထိ။ ဤဝီထိတို့ကို နောက်ကနည်းကိုမှီ၍ချလေ။

နေဝသညာ နာသညာယတန ဝိပါက်၌ရှိသော ဟိတ်သုံးပါးသည်နေဝသညာနာသညာယတနဘုံ၌သာပဋိသန္ဓေပဝတ္တိနှစ်ပါးတို့၌ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ပစ္စည်းတပ်ဟန်ကား ကာမသုဂတိခုနစ်ဘုံမှစုတေ၍ နေဝသညာနာသညာယတနဘုံ၌ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား ။လ။ ဟောဟန်ကား ကာမတိဟိတ်ဘဝင်လေးခုတို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်။ လ။ ၍ ဘဝဂ်စလန ဘဝဂ်ုပစ္ဆေဒ ထိုနောင် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ် ကမ္မနိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးကြိမ် ထိုနောင် ကံ ကမ္မနိမိတ် ဂတိနိမိတ် ။လ။ ကာမတိဟိတ်စုတိ။ ထိုနောင်ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသောအာကိဉ္စညာယတနကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ နေဝသညာ နာသညာယတနဝိပါက်သည် ပဋိသန္ဓေကိစ္စတကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် နေဝသညာ နာသညာယတန ဘဝင်တဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ် ထိုနောင် ဘဝသစ်ဟုဆိုအပ်သော နေင။ လ။ ၍ မနောဒွါရာဝဇ္ဇန်း လောဘဇောခုနစ်ကြိမ် ထိုနောင် နေဝသညာ နာသညာယတန ဘဝင်။ ။ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရ ဆယ်ဘုံမှစုတေ၍ နေဝသညာနာသညာ ယတနဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ဝီထိ။ ။ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတနအာကိဉ္စညာယတန

ဘုံမှစုတေ၍ နေဝသညာ နာသညာယတနဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ဝိထိ။ ။နေဝသညာ နာသညာယတနဘုံ၌ အချင်းချင်းဖြစ်သော ဝိထိတို့ကို မိမိတို့ဘဝင်စုတိ အာရုံကိုနှလုံးသွင်း၍ နောက်နည်းကို မှီ၍ ဆိုလေ။ အရူပဝိပါက်ပြီး၏။

အာကာသာနဉ္စာယတန ကြိယာ၌ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရနှစ်ဆဲ့နှစ်ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား အာကာသာနဉ္စာ ယတနဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား အာကာသာနဉ္စာ ယတန ကြိယာဈာန်ကို ရလတ္တံ့သောကာမရူပ ရဟန္တာပုဂ္ဂိုလ်သည်။လ။ အာကာသကြဉ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာကာသောအနန္တော အာကာသော အနန္တောဟု စီးဖြန်းဖန်များ၍ အာကာသာနဉ္စာယတန ကြိယာဈာန်ကို ရလိုလသော် မိမိ၏။လ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခု။လ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အာကာသကြဉ်။လ။ပညတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်းမဟာကြိယာတတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ချုပ်၏။ တိက္ခပညာအား။လ။ ဈာန်အင်္ဂါ နှစ်ပါးနှင့်ပြည့်စုံသော အာကာသာ နဉ္စာယတန ကြိယာသည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာရ၏။ ထိုနောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စာယတနကြိယာဈာန်ကိုရပြီးသော တိဟိတ် ကာမ ရူပ အာကာသာနဉ္စာယတန ရဟန္တာပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနကြိယာဈာန်ကို ဝင်စားလိုလသော် မိမိ။လ။ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စာယတနဘဝင်တို့တွင် တခုခုသည် ကံ။လ။ ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒ ထိုနောင် အာကာသကြဉ်အပ်သော။လ။ ပညတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကြိယာတတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဇောနအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော အာကာသာနဉ္စာယတနကြိယာသည် ဘဝင်အယဉ်ကဲ့သို့ ။လ။ ချုပ်၏။ ထိုနောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စာယတန ဘဝင်၏။ ထိုသို့ဖြစ်သောအခါ ဆိုမြဲ။

ဝိညာဏဉ္စာယတန ကြိယာ၌ ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ။လ။ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတနဘုံ၌ကား သမ္ပယုတ္တခန္ဓာအား သာဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတပ်ဟန်ကား အာကာသာနဉ္စာယတန ကြိယာဇောနကို ရပြီးသောကာမရူပအာကာသာနဉ္စာယတန ရဟန္တာ ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနကြိယာဇောနကို ရလို၍ ဆိုမြဲ။ ကုသိုလ် အတိုင်းတွင် ကြိယာကိုဆိုလေ။ ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကြိယာဇောနကို အာရုံပြု၍ ကုသိုလ်အတိုင်းချလေ။

အာကိဉ္စညာယတန ကြိယာအာရုံကား အာကာသာနဉ္စာယတနအာဒိကမ္မိက သမာပဇ္ဇန ဝီထိချမြဲ။ ကုသိုလ်ကြိယာ၏ မရှိခြင်း နတ္ထိဘာဝပညတ်။

နေဝသညာ နာသညာယတနကြိယာ အာဒိကမ္မိက သမာပဇ္ဇနဝီထိလည်း ချမြဲ။ အာရုံကား အာဒိကမ္မိကမှာ ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတနကြိယာ သမာပဇ္ဇနမှာ ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတန ကြိယာ ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်။ ။အရူပကြိယာပြီး၏။

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၌ရှိသော ဟိတ်သုံးပါးသည် ကာမသုဂတိခုနစ်ဘုံ ဝေဟပ္ဖိုလ် တိုင်အောင် ရူပါဝစရဆယ်ဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိ။၏။ ပစ္စည်း တပ်ဟန်ကား သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို

ရလတ္တံ့သော တိဟိတ် ကာမ ရူပ ပုဂ္ဂိုလ်သည် တေဘုမ္မက သမီရတို့တွင် တပါးပါးကိုအာရုံပြု၍ သမ္မေသမီရာ အနိစ္စာဟူ၍လည်းကောင်း သမ္မေသမီရာဒုက္ခာ ဟူ၍လည်းကောင်း သဗ္ဗေ ဓမ္မာအနတ္တာ ဟူ၍လည်းကောင်း စီးဖြန်းဖန်များ၍ သောတာပန် အဖြစ်ကို ရလိုလသော် မိမိပဋိသန္ဓေ။လ။ ပဋ္ဌဝေါကာရ တိဟိတ် ဘဝင်ကိုးခုတို့တွင် တခုခုသည် ကံ။လ။ဟူ၍ ဘဝင်စလန ဘဝင်ပစ္ဆေဒ ထိုနောင် တေဘုမ္မက သမီရကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း မဟာကုသိုလ် ပဌမဒွေးတို့တွင် တခုခုသည် မန္ဒပညာ ဖြစ်အံ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟုလေးကြိမ် တိက္ခ ပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံးကြိမ် ထိုနောင် တိက္ခပညာဖြစ်အံ့ လေးကြိမ်မြောက် မန္ဒပညာအား ငါးကြိမ် မြောက် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပဌမဈာန် စိတ်သည်လည်းကောင်း လေးပါး သုံးပါး နှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ဒုတိယဈာန် တတိယဈာန် စတုတ္ထ ဈာန် စိတ်သည်လည်းကောင်း ဂေါတြဘူသည် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော သောတာပတ္တိမဂ် ပဉ္စမဈာန်သည်လည်း ဈာနနိယမ ဝိပဿနာ နိယမအစွမ်းဖြင့် တူ၍ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း သမုဒယ သစ္စာကိုပယ်ခြင်း နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွါးခြင်း ဤကိစ္စလေးပါးကို တပြိုင်နက် ပြီးစေလျက် တကြိမ်သာ မဂ်ကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် အရိယာမဂ္ဂင်ရှစ်ပါးနှင့်ယှဉ်သော ဗလဝတရ ဖြစ်သော နာနာက္ခဏိက မဂ်စေတနာသည် ဖြစ်စေ အပ်သော မဂ်စိတ်နှင့် ဈာန်အင်္ဂါ အစရှိသောအားဖြင့် တူသော သောတာပတ္တိဖိုလ်စိတ်သည် မန္ဒပညာအား နှစ်ကြိမ် တိက္ခပညာ အား သုံးကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင်ပဋ္ဌဝေါကာရ တိဟိတ်ဘဝင် ကိုးခုတို့တွင်။လ။၏။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိ ဖိုလ်ကို ဝင်စားလိုလသော် မိမိ။လ။တိဟိတ် ဘဝင်တေရသတို့တွင် တခုခုသည် ဘဝင်စလန ဘဝင်ပစ္ဆေဒ ထိုနောင် တေဘုမ္မက

သင်္ခါရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ပဌမဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့ အနုလုံ အနုလုံဟုလေးကြိမ် တိက္ခပညာဖြစ်အံ့ အနုလုံ အနုလုံဟုသုံးကြိမ်ဇောကိစ္စဖြစ်၍ချုပ်၏။ ထိုနောင်တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော သောတာပတ္တိဖိုလ်စိတ်သည် လည်းကောင်း လေးပါးသုံးပါး နှစ်ပါးနှင့်ပြည့်စုံသော သောတာပတ္တိဖိုလ် ဒုတိယဈာန် တတိယ ဈာန် စတုတ္ထဈာန်သည်လည်းကောင်းအနုလုံသည် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါ နှစ်ပါးနှင့်ပြည့်စုံသော သောတာပတ္တိဖိုလ် ပဉ္စမဈာန်သည် လည်းကောင်း ဈာနနိယမ ဝိပဿနာနိယမအစွမ်းဖြင့်တူ၍ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသော အတိုင်း အပ္ပနာ သမာပတ်ဇောကိစ္စများစွာဖြစ်၍ချုပ်၏။ ထိုနောင် တိဟိတ်ဘဝင် တေရသတို့တွင်။လ။ ထိုသို့ ဖြစ်သောအခါ ဆိုမြဲ။

သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ်သည် အတူတူဆိုလေ။ အနာဂါမိဖိုလ် ဖလသမာပတ္တိဝီထိမှာ သုဒ္ဓါဝါသ ဘဝင်သည်သာ ထူးသည်။ ။သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ရပြီးသော ကာမ ရူပ အရူပပုဂ္ဂိုလ်သည် အစရှိသည်ဖြင့် သကဒါဂါမိ မဂ်မှာချီ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်ကို ရပြီးသော ကာမ ရူပ အရူပပုဂ္ဂိုလ်သည် အစရှိသည်ဖြင့် အနာဂါမိမဂ်မှာချီလေ။

အရဟတ္တမဂ် အရဟတ္တဖိုလ်၌ ရှိသော ဟိတ်သုံးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့နှစ်ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပစ္စည်းတစ်ဟန်ကား အနာဂါမိမဂ် အနာဂါမိဖိုလ်ကို ရပြီးသော ကာမ ရူပ အရူပပုဂ္ဂိုလ်သည်တေဘူမကသင်္ခါရတို့တွင် ဘပါးပါးကိုအာရုံပြု၍ သဗ္ဗေသင်္ခါရာ အနိစ္စာ ဟူ၍လည်းကောင်း သဗ္ဗေသင်္ခါရာ ဒုက္ခာ ဟူ၍လည်းကောင်း သဗ္ဗေဓမ္မာ အနတ္တာ ဟူ၍ လည်းကောင်း

စီးပြွန်းဖန်များ၍ ရဟန္တာအဖြစ်ကို ရလိုလသော် မိမိ။လ။တိဟိတ်ဘဝင် တေရသတို့တွင် တခုခုသည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် တေဘုမ္မကာသဝီရကို အာရုံပြု၍ မဟာကုသိုလ် ပဉ္စမဇွေး ဆိုမြဲ။ သောတာပတ္တိမဂ္ဂဝီထိ အတိုင်းချလေ။ ။ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ဝင်စားလိုလသော် တိဟိတ်ဘဝင် တေရသတို့တွင် တခုခုသည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် တေဘုမ္မကာသဝီရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကြိယာဉာဏ်ယဇွေးတို့တွင် တခုခုသည်ချမြဲ။ မဟာကြိယာ ချသည်သာထူးသည်။ ဘုံမှာ သုဒ္ဓါဝါသတိုင်အောင်ယူလေ။

လောကုတ္တရာပြီး၏။

---

## ပစ္စည်းပြိုင်

ပစ္စည်းပြိုင်ကား သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့ သဟဇာတ နိဿယအတ္ထိအဝိဂတ ဤလေးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ သမ္ပယုတ္တခန္ဓာဟာဒယဝတ္ထုအား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့ အညမညထည့်၍ ငါးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့ အညမညသမ္ပယုတ္တထည့်၍ ခြောက်ပစ္စယသတ္တိတို့သည်ပြိုင်ကုန်၏။ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ငါးပစ္စယသတ္တိတို့သည်ပြိုင်ကုန်၏။ ။ဤကား အဝိပါကလေးချက်တည်း။

သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိပါက်ဟိတ် သုံးပါး ဖြစ်အံ့ သဟဇာတ နိဿယ ဝိပါကအတ္ထိအဝိဂတ ဤငါးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ သမ္ပယုတ္တခန္ဓာ ဟာဒယဝတ္ထုအား တပ်သော ဝိပါက်ဟိတ်သုံးပါးဖြစ်အံ့ အညမည ထည့်၍ ခြောက်ပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ သမ္ပ

ယုတ္တ ခန္ဓာအားသာတပ်သော ဝိပါက် ဟိတ်သုံးပါးဖြစ်အံ့ အညာ မညသမ္ပယုတ္တထည့်၍ ခုနစ်ပစ္စယသတ္တိတို့သည်ပြိုင်ကုန်၏။သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ် သုံးပါးဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ခြောက်ပစ္စယသတ္တိတို့သည် ပြိုင် ကုန်၏။ ဟဒယဝတ္ထုအားတပ်သော ပဋိသန္ဓေဟိတ်သုံးပါးဖြစ်အံ့ အညမညဝိပ္ပယုတ္တထည့်၍ ခုနစ်ပစ္စယ သတ္တိတို့သည် ပြိုင်ကုန်၏။ သဝိပါကငါးချက်။ ပေါင်းသာမည ဃဋနာ ကိုးချက်။

သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော အမောဟဖြစ်အံ့ သဟဇာတ နိဿယဈာနမဂ္ဂ အတ္ထိအဝိဂတ ၍ခြောက်ပစ္စယသတ္တိတို့သည်ပြိုင်ကုန်၏။သမ္ပယုတ္တ ခန္ဓာ ဟဒယဝတ္ထုအားတပ်သော အမောဟဖြစ်အံ့ အညမညထည့် ၍ ခုနစ်ပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ သမ္ပယုတ္တခန္ဓာအားသာ တပ်သော အမောဟဖြစ်အံ့ အညမညသမ္ပယုတ္တထည့်၍ ရှစ်ပစ္စယ သတ္တိတို့သည် ပြိုင်ကုန်၏။ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော အမောဟဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ခုနစ် ပစ္စယ သတ္တိတို့သည် ပြိုင်ကုန်၏။ ။၍ကား အဝိပါက လေး ချက်တည်း။

သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် အားတပ်သောဝိပါက်၌ရှိသောအမောဟဖြစ်အံ့ သဟဇာတနိဿ ယဝိပါက ဈာနိယ မဂ္ဂ အတ္ထိအဝိဂတ ၍ခုနစ်ပစ္စယ သတ္တိတို့သည် ပြိုင်ကုန်၏။ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဝိပါက်၌ ရှိသော အမောဟ ဖြစ်အံ့ အညမညထည့်၍ ရှစ်ပစ္စယ သတ္တိတို့ သည် ပြိုင်ကုန်၏။ သမ္ပယုတ္တခန္ဓာအားသာ တပ်သော အမောဟ ဖြစ်အံ့ အညမည သမ္ပယုတ္တ ထည့်၍ ကိုးပစ္စယသတ္တိတို့သည် ပြိုင် ကုန်၏။ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ် သော ဝိပါက်၌ရှိသော အမောဟ ဖြစ်အံ့ ဝိပ္ပယုတ္တ ထည့်၍ ရှစ် ပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ ဟဒယဝတ္ထုအား တပ်သော ပဋိ

သန္နေဋ္ဌ ရှိသော အမောဟဖြစ်အံ့ အညမည ဝိပ္ပယုတ္တထည့်၍ ကိုးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ ဤကား သဝိပါကငါးချက်။ ။ ပေါင်း ကိုးချက်။ သဏ္ဍြိယမဂ္ဂ ဈာနာ။

သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝိမံသာဓိပတိ ဖြစ်အံ့ အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ သမ္ပယုတ္တခန္ဓာ အားသာ တပ်သော ဝိမံသာဓိပတိဖြစ်အံ့။ အညမည သမ္ပယုတ္တ ထည့်၍ ကိုးပစ္စယ သတ္တိတို့သည်ပြိုင်ကုန်၏။ သာဓိပတိ စိတ္တဇရုပ် အားတပ်သော ဝိမံသာဓိပတိ ဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ရှစ်ပစ္စယ သတ္တိတို့သည် ပြိုင်ကုန်၏။ ဤကား အဝိပါက သုံးချက်။

သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်တို့အား တပ်သော ဗိုလ်လေးခုဋ္ဌရှိသောဝိမံသာဓိပတိဖြစ်အံ့အဓိပတိ သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။သမ္ပယုတ္တခန္ဓာအားသာတပ်သောဗိုလ်လေးခုဋ္ဌရှိသော ဝိမံသာဓိပတိ ဖြစ်အံ့ အညမညသမ္ပယုတ္တထည့်၍ ဆယ်ပစ္စယ သတ္တိတို့သည်ပြိုင်ကုန်၏။သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဗိုလ်လေးခုဋ္ဌရှိသော ဝိမံသာဓိပတိဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ကိုးပစ္စယ သတ္တိတို့သည် ပြိုင်ကုန်၏။ ။ဤကား သဝိပါကသုံးချက်။ပေါင်း ခြောက်ချက်။ သာဓိပတိ ဣန္ဒြိယမဂ္ဂဈာနာ ပေါင်းမှစ်ဆဲ့လေး။

အာရမ္မဏပစ္စယောဟူသော ပစ္စယုဒ္ဒေသဋ္ဌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန်အားဖြင့် နှစ်ပါးအပြားရှိ၏။ပစ္စည်းစုဆိုမြဲ။ ။ ထိုပစ္စည်း ပစ္စယုပ္ပန်နှစ်ပါးတို့တွင် ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဒွါရ ၌ဖြစ်သော လေးဆဲ့ခြောက်ခုသော နာမက္ခန္ဓာတို့အား ပစ္စုပ္ပန် သဒ္ဒါရုံသည် သောတဒွါရ၌ဖြစ်သော လေးဆဲ့ခြောက်ခုသော နာမက္ခန္ဓာတို့အား ပစ္စုပ္ပန်ဂန္ဓာရုံသည် ဃာနဒွါရ၌ဖြစ်သော လေးဆဲ့ခြောက်ခုသော နာမက္ခန္ဓာတို့အား ပစ္စုပ္ပန်ရသာရုံသည် ဇိဝှါဒွါရ၌ဖြစ်သော လေးဆဲ့ခြောက်ခုသော နာမက္ခန္ဓာတို့အား

ပစ္စုပ္ပန်ဖေါဋ္ဌဗ္ဗာရုံသည် ကာယဒွါရ၌ဖြစ်သော လေးဆဲ့ခြောက်ခု သော နာမက္ခန္ဓာတို့အား ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသကာလ ဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်၌အာရုံခြောက်ပါးတို့သည် မနော ဒွါရ၌ဖြစ်သောခြောက်ဆဲ့ခုနစ်ခုသော နာမက္ခန္ဓာတို့အား ပစ္စုပ္ပန် အတိတ်ဖြစ်သော ကာမစိတ်စတုပညာသ အာကာသာနဉ္စာ ယတနကုသိုလ် အာကိဉ္စညာယတနကုသိုလ် စေတသိက်ဒွေပညာ သရုပ်အဋ္ဌဝီသ ကသိုဏ်းအစရှိသော ပညတ်ဖြစ်၍ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သောအာရုံခြောက်ပါးသည် ဒွါရဝိမုတ် စိတ် တခုယုတ်နှစ်ဆယ်တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုပေ၏။

တနည်းကား ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဝိညာဏ်ဒွေးအား ပစ္စုပ္ပန်သဒ္ဒါရုံသည် သောတဝိညာဏ်ဒွေးအား ပစ္စုပ္ပန်ဂန္ဓာ ရုံသည်ဃာနဝိညာဏ်ဒွေးအား ပစ္စုပ္ပန်ရသာရုံသည် ဇိဝှါဝိညာဏ် ဒွေးအား ပစ္စုပ္ပန်ဖေါဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ် ဒွေးအား ပစ္စုပ္ပန်ပဉ္စာရုံသည် မနောဓာတ်သုံးခုအား ကာမစိတ်စတုပညာ သ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော အာရုံ ခြောက်ပါးသည် တဒါရုံဧကာဒသ ဟသိတုပ္ပါဒ်အား လောကီ စိတ်ဧကာသီတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသဟုဆိုအပ် သော အာရုံခြောက်ပါးသည် အကုသိုလ်ဒွါဒသ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်လေးခု မဟာကြိယာဉာဏဝိပ္ပယုတ် လေးခုအား အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု စေတ သိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးသည် မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခုအား စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးသည် မဟာကြိ ယာ ဉာဏသမ္ပယုတ်လေးခု မနောဒွါရာဝဇ္ဇန်းအား ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန် ရူပါရုံသည် ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဏ်

အား ဒွိရ ပဋိသန္ဓေ သဏ္ဍာ သုခုမပဋိသန္ဓေ သဒ္ဒါရုံသည်ဒိဋ္ဌသောတ ကုသိုလ်အဘိညာဏ်အား ပါဒကဖြစ်သောရူပါဝစရကုသိုလ်ပဉ္စမ ဈာန် သတသဟဿ အစရှိသောနိမိတ္တ ဟုဆိုအပ်သော အာရုံ ခြောက်ပါးသည် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဏ်အား လွန်လေပြီး သောခုနစ်ရက်မှစ၍ လာလတ္တံ့သောခုနစ်ရက်တိုင်အောင် ကာလ သုံးပါး၌တည်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော သူတ ပါးတို့စိတ်ရှစ်ဆဲ့ခုနစ်ခု ဟုဆိုအပ်သောမွှာရုံသည်စေတောပရိယ ကုသိုလ် အဘိညာဏ်အား ပုဗ္ဗေနိဝုဿဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု စေတသိက်ခွေ ပညာသ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါး ပါးမှ လျှောက်၍ သိသော နိဗ္ဗာန် အမည်အမျိုး အစရှိသော ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးသည် ပုဗ္ဗေနိဝါသာ နုဿတိကုသိုလ် အဘိညာဏ်အား အတိတ်ဖြစ်သော လောကီ ကုသိုလ်ကံဟု ဆိုအပ်သော မွှာရုံသည် ယထာကမ္မူပဂကုသိုလ် အဘိညာဏ်အား အနာဂတ် ဖြစ်သော အရဟတ္တမဂ် အရဟတ္တ ဖိုလ် ကြဉ်သော စိတ် ရှစ်ဆဲ့ခုနစ်ခု စေတသိက် ခွေ ပညာသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး ထိုခန္ဓာငါးပါးမှလျှောက် ၍သိသော နိဗ္ဗာန်အမည်အမျိုးအစရှိသော ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးသည် အနာဂတံသ ကုသိုလ် အဘိညာဏ်အား။ ကြိယာ အဘိညာဏ်မှာ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတနှင့် တူ၏။ ဣဒ္ဓိ ဝိဓမှာ ပါဒကဖြစ်သော ရူပါဝစရ ကြိယာ ပဉ္စမ ဈာန် ဆိုလေ။ စေတောပရိယ ပုဗ္ဗေနိဝါသ အနာဂတံသ အဘိညာဏ်တို့မှာ စိတ်ဘခုယုတ်ကိုးဆယ်ဆိုလေ။ ယထာကမ္မူပဂတူ၏။

ကသိုဏ်းဆယ်ပါး အသုဘပညတ်ဆယ်ပါး ကာယဂတာ သတိ၏အာရုံဖြစ်သော ဆံအစရှိသောကာယကောဋ္ဌာသ ပညတ် အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ် မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရ တရားသုံး ပါး၏အာရုံဖြစ်သော အတိုင်းမသိသောသတ္တဝါပညတ် ဤနှစ်ဆဲ့

ငါးပါးသော ပညတ်ဟုဆိုအပ်သောဓမ္မာရုံသည် ရူပါဝစရ ပဉ္စမဈာန်စိတ်သုံးခုအား ကသိုဏ်းပညတ် ဆယ်ပါး အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် မေတ္တာ ကရုဏာ မုဒိတာ ဟူသော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသောသတ္တဝါပညတ် ဤတဆဲ့လေးပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံသည် ရူပါဝစရဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် စိတ်သုံးခုအား ကသိုဏ်းပညတ်ဆယ်ပါး အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ် ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ တရားတပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤတဆဲ့နှစ်ပါးသော ပညတ်ဟုဆိုအပ်သောဓမ္မာရုံသည် ရူပါဝစရပဉ္စမဈာန် စိတ်သုံးခုအား အာကာသကြဉ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည် အာကာသာနဉ္စာယတန စိတ်သုံးခုအား ဤဘဝ ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံသည် ဝိညာဏဉ္စာယတနကုသိုလ်အား ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံသည် ဝိညာဏဉ္စာယတန ဝိပါက်အား ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသောအာကာသာနဉ္စာယတန ကုသိုလ်ကြိယာဟုဆိုအပ်သော ဓမ္မာရုံသည် ဝိညာဏဉ္စာယတနကြိယာအား အာကာသာနဉ္စာယတနကြိယာ၏ မရှိခြင်းဟုဆိုအပ်သော နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည် အာကိဉ္စညာယတန စိတ်သုံးခုအား ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံသည် နေဝသညာ နာသညာယတန ကုသိုလ်အား ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာ ယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံသည် နေဝသညာ နာသညာယဘနဝိပါက်အား ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူး

သော အာကိဉ္စညာယတန ကုသိုလ်ကြိယာဟုဆိုအပ်သော ဓမ္မာရုံသည် နေဝသညာနာသညာယတန ကြိယာအား နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံသည် လေ၊ကုတ္တရာစိတ် ရှစ်ခုအား အာရမ္မဏသတ္တိဖြင့်ကျေးဇူးပြုပေ၏။

တနည်းကား အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ်ချင်း ကာမကုသိုလ် ကာမဝိပါက် ကာမကြိယာ ရူပကုသိုလ် ရူပဝိပါက် ရူပကြိယာ ဤခြောက်ရာသီတို့အား အာရမ္မဏသတ္တိဖြင့်ကျေးဇူးပြုပေ၏။ ။အကုသိုလ်ချင်းအား ပစ္စည်းတစ်ဟန်ကား အကုသိုလ်ကိုအာရုံပြု၍ အဿာဒဒတိ အဘိနန္ဒတိ အစရှိသော ပါဠိတော်နှင့်အညီ အကုသိုလ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလသော် မိမိ၊လ။ ဘဝင် ကျေနဝီသတ္တိတွင် တခုခုသည် ကဲ၊လ၍၊ ဘဝင်စလန ဘဝင်ပစ္ဆေဒ ထိုနောင် အကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းအကုသိုလ်ဒွါဒသတ္တိတွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ် ထိုနောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံကိစ္စ နှစ်ကြိမ် ထိုနောင် ကာမဘဝင် အဝိဘူတာရုံဝီထိဖြစ်အံ့ ဘဝင် ကျေနဝီသတ္တိတွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ဖြစ်၏။ ထိုသို့ဖြစ်သောအခါ အကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ်ချင်းအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကုသိုလ်အား ပစ္စည်းတစ်ဟန်ကား အကုသိုလ်ကိုအာရုံပြု၍ အသုသလ် အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိဒေစရှိသော ပါဠိတော်နှင့်အညီ ကာမကုသိုလ်ဇောဝီထိ စိတ္တုပ္ပါဒ် ဖြစ်လိုလသော် နည်းတူချလေ။ ။အကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမဝိပါက် ခါး ပစ္စည်းတစ်ဟန်ကား အကုသိုလ်ကိုအာရုံပြု၍ ကုသလာကုသလေ နိရုဒ္ဓေဝိပါကော တဒါလမ္ဗဏတာ ဥပ္ပဇ္ဇတိဟူသော ပါဠိတော်နှင့်အညီ တဒါရုံကိစ္စ ဖြစ်လိုလသော် မိမိ၊လ။ ကာမဘဝင်တဆယ်တို့တွင် တခုခုသည် ဘဝင်

စလန ဘဝင်္ဂုပစ္ဆေဒ အကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ကာမဇောတခုယုတ်သုံးဆယ်တို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ် ထိုနောင် တဒါရုံကိစ္စနှစ်ကြိမ် ထိုနောင် ကာမဘဝင်။ ထိုသို့ဖြစ်သောအခါ အကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကြိယာအား ပစ္စည်းတပ်ဟန်ကား ကာမကြိယာဇောကို ချ၍လ။

ရူပါဝစရကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပါဝစရကုသိုလ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာ နုဿတိ ယထာကမ္မုပဂ အနာဂတံသအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် စေတောပရိယကုသိုလ်အဘိညာဏ်အား ပစ္စည်းတပ်ဟန်ကား လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတပါးတို့၏ အကုသိုလ်ကိုသိခြင်းငှါ အလိုရှိသည်ဖြစ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလသော်ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခုသည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အာလောက ကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ မနော။လ။ ၏။ ထိုခနောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္တပညာဖြစ်အံ့ ပရိကံ ဥပစာ အနုလုံဂေါတြဘူဟုလေးကြိမ် တိက္ခပညာဖြစ်အံ့ ဥပစာ အနုလုံ ဂေါတြဘူဟု သုံးကြိမ် ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင်တိက္ခပညာအား လေးကြိမ်မြောက် မန္တပညာအား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း များစွာဖြစ်၍ချုပ်၏။ ထိုနောင် ဘဝင် ထိုနောင် ဣမဿ စိတ္တံ ဇာနာမိ ဣမဿစိတ္တံဇာနာမိဟု ဓိဋ္ဌာန်သောအားဖြင့် အဓိဋ္ဌာန်ဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလသော် မိမိ။လ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒထိုနောင် အဓိဋ္ဌာန်ကို အာရုံပြု၍ မနောဒွါရာ ဝဇ္ဇန်း မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင် ထိုနောင်

စေတောပရိယ ကုသိုလ်အဘိညာဏ်ရှ၏၊ အခြေဖြစ်သော ရူပါ ဝစရ ကုသိုလ်ပဥ္စမဈာန်ကို ဝင်စားလိုလသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် အာလောက ကသိုဏ်းပညတ် ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ် တတိယဇော့တို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် တိက္ခပညာအား လေးကြိမ် မြောက် မန္ဒပညာအား ငါးကြိမ်မြောက် ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အယဉ်ကဲ့ သို့ အလိုရှိသောအတိုင်း များစွာဖြစ်၍ချုပ်၏။ ထိုနောင် ပဉ္စဝေါ ကာရ တိဟိတ်ဘဝင် ထိုနောင် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင်ကာလသုံးပါး၌ တည်သော သူတပါးတို့၏ အကုသိုလ်ကိုအာရုံပြု၍ စေတောပရိယ ကုသိုလ် အဘိညာဏ်ဇောကိစ္စဖြစ်လိုလသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ ထိုနောင် လွန်လေပြီးသော၊လ။ အကုသိုလ်ကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း မဟာကုသိုလ် တတိယဇော့တို့တွင် တခုခုသည် မန္ဒ တိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် တိက္ခပညာအားလေးကြိမ်မြောက်မန္ဒပညာအား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာ န် သည် စေတောပရိယ အဘိညာဏ် ဇောကိစ္စတကြိမ်သာဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝင် ထိုသို့ဖြစ်သောအခါ အကုသိုလ်ဟုဆို အပ်သော အာရမ္မဏ ပစ္စည်းသည် စေတော ပရိယ ကုသိုလ် အဘိညာဏ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဏ်အား ပစ္စည်းတပ် ဟန်ကား ပုဗ္ဗေနိဝုဋ္ဌဖြစ်သော သူတပါးတို့၏ အကုသိုလ်ကို သိ ခြင်းငှါအလိုရှိသည်ဖြစ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စား လိုလသော် မိမိ၊လ။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် အာလောက ကသိုဏ်းပညတ် ပဋိဘာဂ နိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ်

တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင်။လ။ မြောက်။ ဗျာန်အင်္ဂါ နှစ်ပါး နှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဌမဈာန်သည် ဘဝင်အယဉ် ။လ။ ချုပ်၏။ ထိုကြောင့် ပုဗ္ဗေနိဝုဋ္ဌခန္ဓဇာနာမိ ပုဗ္ဗေနိဝုဋ္ဌခန္ဓဇာနာမိ ဟုအမိဋ္ဌာန်သောအားဖြင့် အမိဋ္ဌာန်ဇောဝီထိ စိတ္တုပ္ပါဒ် ဖြစ်လိုလသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် အမိဋ္ဌာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင်မဟာကုသိုလ်ဇော ရှစ်ခုတို့တွင် တခုခုသည် အမိဋ္ဌာန်ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝင်။ထိုနောင် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဏ်၏အခြေဖြစ်သော ရူပါဝစရကုသိုလ် ပဌမဈာန်ကိုဝင်စား လိုလသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ထိုနောင် အာလောက ကသိုဏ်းပညတ် ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းမဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခ အားလျော်စွာ လေးကြိမ် သုံးကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင် ။လ။မြောက် ဗျာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ် ပဌမဈာန်သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် ဇောကိစ္စဖြစ်လိုလသော် ဘဝင်စလနဘဝင်ုပစ္ဆေဒ ထိုနောင် ပုဗ္ဗေ နိဝုဋ္ဌဖြစ်သော အကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာ ကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် တိက္ခ။လ။ မြောက်။ ဗျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဌမဈာန် သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဇောကိစ္စ တကြိမ်သာ ဖြစ်၍ချုပ်၏။ ထိုနောင် ဘဝင် ထိုသို့ဖြစ်သောအခါ ပုဗ္ဗေနိဝုဋ္ဌဖြစ် သော အကုသိုလ်သည် ပုဗ္ဗေနိဝါသာ နုဿတိကုသိုလ် အဘိ ညာဏ်အား။၏။

ယထာကမ္မုပဂကုသိုလ် အဘိညာဏ်အား ပစ္စည်း တပ်ဟန် ကား အတိတ်ဖြစ်သော အကုသိုလ်ကံကို သိခြင်းငှါ အလိုရှိသည် ဖြစ်၍ ရူပါဝစရကုသိုလ် ပဌမဈာန်ကို ဝင်စားလိုလသော် ဘဝင်

စလန ဘဝင်္ဂပစ္ဆေဒ ထိုနောင် အာလောက ကသိုဏ်းပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ်တတိယဇော ။လ။ချုပ်၏။ ထိုနောင်။လ။မြောက်။ ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်သည် ဘဝင် အယဉ်။လ။ ချုပ်၏။ ထိုနောင် ဘဝင် ထိုနောင် ရူမသဿကမ္မံ ဇာနာမိ ရူမသဿ ကမ္မံဇာနာမိဟု အမိန့်ရှိသော အားဖြင့် အမိန့်ရှိသော ဝိထိ စိတ္တုပ္ပါဒ် ဖြစ်လိုလသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အမိန့်ရှိကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင်မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် အမိန့်ရှိဇော ကိစ္စခုနစ်ကြိမ် ထိုနောင် ဘဝင် ထိုနောင် ယထာကမ္မုပဂ ကုသိုလ် အဘိညာဉ်၏ အခြေ ဖြစ်သော။လ။န။ဒ။ အာလောက ကသိုဏ်း။မနော။မဟာကုသိုလ် ။လ။ မန္ဒ။စွာ။ လေး။သုံးကြိမ်။ချုပ်၏။ ထိုမန္ဒ။လ။မြောက်။ တိက္ခ ။လ။ချုပ်။ ဈာန်အင်္ဂါ။လ။ ထိုနောင်။တွင်။ ထိုနောင် အတိတ် ဖြစ်သော အကုသိုလ်ကံကိုအာရုံပြု၍ ယထာကမ္မုပဂ အဘိညာဉ် ဇော။ သော။ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အတိတ်ဖြစ် သော အကုသိုလ်ကံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းမဟာကုသိုလ် တတိယဇောတို့တွင် တခုခုသည် မန္ဒ။လ။ချုပ်၏။ ထိုနောင် တိက္ခ ။လ။မြောက် ဈာန်အင်္ဂါ နှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ယထာကမ္မုပဂ အဘိညာဉ် ဇောကိစ္စ တကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝင်ဖြစ်ထိုက်သ၍ ဖြစ်၏။ ထိုသို့ဖြစ် သောအခါ ဆိုမြဲ။

အနာဂတံသ ကုသိုလ် အဘိညာဉ်အား ပစ္စည်းတပ်ဟန် ကား အနာဂတ်ဖြစ်သော အကုသိုလ်ကို သိခြင်းငှါ အလိုရှိသည် ဖြစ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလသော် ဘဝင် စလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အာလောက ကသိုဏ်းပညတ် ပဋိ ဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာ ကုသိုလ်တတိယဇော။လ။ ချုပ်၏။ ထိုနောင် တိက္ခ။လ။မြောက်။ အင်္ဂါနှစ်ပါး။လ။ ချုပ်၏။ ထိုနောင် ဘဝင် ထိုနောင်အနာဂတံသ

ခန္ဓံဇာနာမိ အနာဂတံသခန္ဓံ ဇာနာမိဟု အဓိဋ္ဌာန်သောအားဖြင့် အဓိဋ္ဌာန်ဇောဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အဓိဋ္ဌာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန် ဇောကိစ္စခုနစ်ကြိမ် ထိုနောင် ဘဝင် ထိုနောင် အနာဂတံသ ကုသိုလ် အဘိညာဏ်၏ အခြေဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကိုဝင်စားလိုလသော် ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒ ထိုနောင် အာလောက။လ။၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် တတိယဒွေ။လ။ မန္ဒ။ချုပ်၏။ထိုနောင် တိက္ခ။လ။ခြောက်။ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့။လ။ချုပ်၏။ ထိုနောင် ဘဝင် ထိုနောင် အနာဂတ်ဖြစ်သော အကုသိုလ်ကို အာရုံပြု၍ အနာဂတံသ ကုသိုလ် အဘိညာဏ် ဇောဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အနာဂတ်ဖြစ်သော အကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခ။လ။ ချုပ်၏။ ထိုနောင် တိက္ခ။လ။ခြောက် ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် အနာဂတံသ ကုသိုလ် အဘိညာဏ်ဇော ကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝင်ဖြစ်ထိုက်သ၍ဖြစ်၏။ ထိုသို့ဖြစ်သောအခါ ဆိုမြဲ။ ။ရူပါဝစရကြိယာအား ပစ္စည်းတပ်ရာ၌ ရူပါဝစရ ကြိယာသည် စေတောပရိယပုဗ္ဗေနိဝါသာနုဿတိ ယထာကမ္မူပဂ အနာဂတံသအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် စေတောပရိယကြိယာ အဘိညာဏ်အား ပစ္စည်းတပ်ဟန်ကား ကုသိုလ် အဘိညာဏ် အတိုင်းတွင် ကြိယာဇောကိုချလေ။ အကုသိုလ်ပြီး၏။

ကာမကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကုသိုလ်ချင်း အကုသိုလ် ကာမဝိပါက် ကာမကြိယာ ရူပကုသိုလ် ရူပဝိပါက် ရူပကြိယာ ဤခြောက်ရာသီတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ထိုခြောက်ရာသီတို့တွင် ကာမကုသိုလ်

ချင်းအား ပစ္စည်းတပ်ဟန်ကားဒါန် ဒတ္ထာ တံ ပစ္စဝေက္ခတိအစရှိ
သောပါဠိတော်နှင့်အညီ ကာမကုသိုလ်ကိုအာရုံပြု၍ကာမကုသိုလ်
ဇောဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလသော် အကုသိုလ် နည်းတူချလေ။
အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား ဒါနံ ဒတွာ တံ အဿာ
ဒေတိ အစရှိသော ပါဠိတော်နှင့်အညီ အကုသိုလ်ဇောဝီထိ
စိတ္တုပ္ပါဒ် ဖြစ်လိုလသော် နည်းတူချလေ။ ကာမဝိပါက်အား
ပစ္စည်းတပ်ဟန်ကား တဒါရုံချ။ ။ကာမကြိယာအား။ ကား။
မနောဒွါရာဝဇ္ဇန်း ကာမကြိယာကိုချလေ။။ရူပါဝစရကုသိုလ်အား
ပစ္စည်းတပ်ရာ၌ ရူပါဝစရကုသိုလ်သည် စေတောပရိယ ပုဗ္ဗေ
နိဝါသာနုဿတိ ယထာကမ္မုပဂ အနာဂတံသအားဖြင့် လေးပါး
အပြားရှိ၏။ နည်းတူချလေ။ ။ရူပါဝစရကြိယာအား ပစ္စည်း
တပ်ရာ၌ ရူပါဝစရကြိယာသည် စေတောပရိယ။လ။ လေးပါး
အပြားရှိ၏။ ဆိုမြဲ။

ကာမဝိပါက်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမ
ဝိပါက်ချင်း အကုသိုလ် ကာမကုသိုလ် ကာမကြိယာ ရူပကုသိုလ်
ရူပကြိယာ ၅ခြောက်ရာသီတို့အား။၏။ ထိုတွင် ကာမဝိပါက်
ချင်းအား။ ဟန်ကား ကာမဝိပါက်ကို အာရုံပြု၍ တဒါရုံကိစ္စ
ဖြစ်လိုလသော်။လ။ ။အကုသိုလ်အား။ ဟန်ကား ဝိပါကာဗျာက
ဘေခန္ဓေ အဿာဒေတိ အစရှိသော ပါဠိတော်နှင့်အညီ ကာမ
ဝိပါက်ကိုအာရုံပြု၍ အကုသိုလ်။လ။သော်။ချမြဲ။ ။ကာမကုသိုလ်
အား။ ဟန်ကား ဝိပါကာ ဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခ
တော အနတ္တတော အစရှိသော ပါဠိတော်နှင့်အညီ ကာမ
ကုသိုလ်။လ။ သော်။ ချမြဲ။ ။ကာမကြိယာအား။ ဟန်ကား မနော
ဒွါရာဝဇ္ဇန်း ကာမကြိယာကိုချလေ။ ။ရူပကုသိုလ်အား ပစ္စည်း
တပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ
အနာဂတံသအားဖြင့်သုံးပါး။ချမြဲ။ ။ရူပကြိယာအား ပစ္စည်း
တပ်ရာ၌ ရူပကြိယာသည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ
အနာဂတံသအားဖြင့် သုံးပါး။ချမြဲ။ ။ကာမဝိပါက်ပြီး၏။

ကာမကြိယာဟုဆိုအပ်သော အာရမ္မဏ ပစ္စည်းသည်လည်း ကာမကြိယာချင်း အကုသိုလ် ကာမကုသိုလ် ကာမဝိပါက် ရူပကုသိုလ် ရူပကြိယာ ဤခြောက်ရာသီတို့အား အာရမ္မဏ။ ၏။ ထိုခြောက်ရာသီတို့တွင် ကာမကြိယာချင်းအား။ ဟန်ကား။ ကြိယာဇောကတော ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော အစရှိသော ပါဠိတော်နှင့်အညီ ကာမကြိယာဇော။ သော်။ ချမြဲ။ ။အကုသိုလ်အား။ ဟန်ကား။ ချမြဲ။ ။ကာမကုသိုလ်အားလည်း ချမြဲ။ ကာမဝိပါက်အား တဒါရုံချ။ ။ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသအားဖြင့်သုံးပါး။ ၏။ ရူပကြိယာအားလည်း သုံးပါး။ ။ကာမကြိယာပြီး၏။

ရူပကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် ရူပကုသိုလ်ချင်း အကုသိုလ် ကာမကုသိုလ် ကာမကြိယာ ရူပကြိယာ ဤငါးရာသီတို့အား။ ၏။ ။ထိုတွင် ရူပကုသိုလ်ချင်းအား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ ယထာကမ္မူပဂ အနာဂတံသအားဖြင့် ငါးပါးပြား၏။ ထိုငါးပါးတို့တွင် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဏ်အား။ ဟန်ကား။ သတသဟဿအစရှိသောနိမ္မိတရုပ်ကိုဖန်ဆင်းခြင်းငှါဒေ လိုရှိသည်ဖြစ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကိုဝင်စားလိုလသော် ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် ပထဝီကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်။ လေးမန္တ။ ချုပ်၏။ ထိုနောင်တိက္ခ။ လ။ မြော့က်။ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ်ပဉ္စမဈာန်သည်ဘဝင်။ လ။ ချုပ်၏ထိုနောင်ဘဝင် ထိုနောင် သတံဟောမိ သဟဿံဟောမိ အစရှိသည်ဖြင့် အဓိဋ္ဌာန်သောအားဖြင့် အဓိဋ္ဌာန်ဇောဝီထိစိတ်ဖြစ်ပွါး။ သော်။ ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ ထိုနောင် အဓိဋ္ဌာန်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန် ဇော ကိစ္စခုနစ်ကြိမ်။ ထိုနောင်ဘဝင်။ ထိုနောင် ဣဒ္ဓိဝိဓ ကုသိုလ်

အဘိညာဏ်၏ အခြေဖြစ်သော။လ။သော်၊ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ၊ ထိုနောင် ပထဝီကသိုဏ်း။လ။ ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်တတိယဇော်တို့တွင် တခုခုသည်။လ။ချုပ်၏။ ထိုနောင်၊ မြောက်။ ဈာန်အင်္ဂါနှစ်ပါး။လ။ ချုပ်၏။ ထိုနောင် ဘဝင်၊ ထိုနောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကိုအာရုံပြု၍ ဇုဗ္ဗိဝိကေုသိုလ် အဘိညာဏ်ဇောဝိထိ စိတ္တုပ္ပါဒ်ဖြစ်လိုလသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ထိုနောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာကုသိုလ် တတိယဇော်တို့တွင် တခုခုသည် မန္ဒ၊ လ။ ချုပ်၏။ ထိုနောင်။မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် သတ္တသဟဿအစရှိသော နိမ္မိတရုပ်ကို ဖြစ်စေလျက် ဇုဗ္ဗိဝိကေုသိုလ် အဘိညာဏ်ဇောကိစ္စတကြိမ်ဖြစ်၍ချုပ်၏။ထိုနောင်ဘဝင် ထိုသို့ဖြစ်သောအခါ ဆိုမြဲ၊ အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား ကာမကုသိုလ်အား ပစ္စည်း တပ်ဟန်ကား ကာမကြိယာအား ပစ္စည်းတပ်ဟန်ကား စသည်နည်းတူဆိုလေ။ ။ရူပကြိယာအား ပစ္စည်းတပ်ရာ၌ ရူပကြိယာသည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ ယထာကမ္မုပဂ အနာဂတံသအားဖြင့် လေးပါးအပြားရှိ၏။ ကြိယာဇောချ၍ဆိုလေ။ ။ရူပကုသိုလ်ပြီး၏။

ရူပဝိပါက်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ် ကာမကုသိုလ် ကာမကြိယာ ရူပကုသိုလ် ရူပကြိယာ ဤငါးရာသီတို့အား အာရမ္မဏ။၏။ ။ထိုတွင် အကုသိုလ် ကာမကြိယာအား ပစ္စည်းတပ်ဟန်ကို နည်းတူချ။ ။ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသအားဖြင့် သုံးပါးအပြားရှိ၏။ ။ရူပကြိယာအားလည်း သုံးပါးနည်းတူချလေ။ ။ရူပဝိပါက်ပြီး၏။

ရူပကြိယာဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် ရူပကြိယာချင်း အကုသိုလ် ကာမကုသိုလ် ကာမကြိယာ ရူပကုသိုလ် ဤ

ငါးရာသီတို့အား။လ။၏။ထိုတွင် ရူပကြိယာချင်း ပစ္စည်းတစ်ရာ၌ ရူပကြိယာသည် ဇုဒ္ဓိဝိမ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် ကြိယာဇော ချလေ။ ။အကုသိုလ် ကာမကုသိုလ် ကာမကြိယာအား တစ်ဟန်ကိုလည်း နည်းတူချလေ။ ။ရူပကုသိုလ်အား ပစ္စည်းတစ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသအားဖြင့် သုံးပါးချမြဲ။ ရူပကြိယာပြီး၏။

အရူပကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် အရူပကုသိုလ်ချင်း အကုသိုလ် ကာမကုသိုလ် ကာမကြိယာ ရူပကုသိုလ် ရူပကြိယာ အရူပဝိပါက် အရူပကြိယာ ဤရှစ်ရာသီတို့အား အာရမ္မဏ၏။ အရူပကုသိုလ်ချင်းအား ပစ္စည်းတစ်ရာ၌ အရူပကုသိုလ်သည် ဝိညာဏဉ္စာယတန နေဝသညာနာသညာယတန အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိညာဏဉ္စာယတန ကုသိုလ်အား ပစ္စည်းတစ်ဟန်ကား အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကိုရပြီးသော တိဟိတ်ကာမ ရူပ အာကာသာနဉ္စာယတန ပုဂ္ဂိုလ်သည် အစရှိသည်ဖြင့်ချ၍ ဝိညာဏဉ္စာယတန အာဒိကမ္မိက သမာပဇ္ဇနဝီထိတို့ကို ဟေတုပစ္စည်းရာသီစုက အတိုင်းချလေ။ အကုသိုလ် ကာမကုသိုလ် ကာမကြိယာ ဤသုံးရာသီအား ပစ္စည်းတစ်ဟန်ကို နည်းတူချလေ။ ။ရူပကုသိုလ်အား ပစ္စည်းတစ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ ယထာကမ္မုပဂ အနာဂတံသအားဖြင့် လေးပါးအပြားရှိ၏။ နည်းတူချလေ။ ။ရူပ ကြိယာအား ပစ္စည်းတစ်ရာ၌ လေးပါး ပြား၏။ နည်းတူချလေ။ ။အရူပ ဝိပါက်အား ပစ္စည်းတစ်ရာ၌ အရူပဝိပါက်သည် ဝိညာဏဉ္စာယတန နေဝသညာ နာသညာယတန အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိညာဏဉ္စာယတန ဝိပါက်အား ပစ္စည်းတစ်ဟန်ကား ကာမသုဂတိ ခုနစ်ဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်သော မရဏာသန္နဝီထိ ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရဆယ်ဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌

ဖြစ်သော မရဏာသန္နဝီထိ အာကာသာ နဉ္စာယတန ဝိညာဏဉ္စာ ယတနဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်သောမရဏာသန္န ဝီထိတို့ကို ဟောတုရာသီစက အတိုင်းချလေ။နေဝသညာ နာသညာ ယတနဝိပါက်အား တပ်ရာ၌လည်း နည်းတူချလေ။ အရူပကြိယာ အား ပစ္စည်းတပ်ရာ၌ အရူပကြိယာသည် ဝိညာဏဉ္စာယတန နေဝသညာနာသညာယတန အားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိညာဏဉ္စာယတန ကြိယာအား ပစ္စည်းတပ်ဟန်ကား ဝိညာ ဏဉ္စာယတန ရဟန္တာပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတန ကြိယာ ဈာန်ကို ဝင်စားလိုလသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ထိုနောင် ရှေးဘဝအဇ္ဈတ္တ သန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်းမဟာကြိယာ တတိယဇော တို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောင် တိက္ခ။လ။မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကြိယာဈာန်သည် ဘဝင်အယဉ် ။လ။ချုပ်၏။ ထိုနောင် ဝိညာဏဉ္စာယတန ဘဝင်၊ ဝိညာဏဉ္စာယ တနဘုံ၌ အာကာသာနဉ္စာယတန ကြိယာမရှိခြင်းကြောင့်ရှေးဘဝ အောက်အောက်သော ဘုံ၌ ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြုရသည်။ ။ကာမ ရူပ အာကာသာနဉ္စာယ ယတန အနာဂါမ် ပုဂ္ဂိုလ်သည် ရဟန္တာ အဖြစ်သို့ ရောက်၍ အာကာသာနဉ္စာယတနဈာန် မဝင်စားမီ ဝဋ္ဋိလောမ အားဖြင့် နေဝသညာ နာသညာယတန အာကိဉ္စညာယတန ကြိယာဈာန်ကို ဝင်စားပြီး၍ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလ သော် လည်းကောင်း ဧကန္တရိကအားဖြင့် ရူပါဝစရကြိယာ ပဉ္စမ ဈာန် ဒုတိယဈာန် တတိယဈာန် ပဌမဈာန်ကို ဝင်စားပြီး၍ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားလိုလသော် လည်း ကောင်း ဒွန္တရိကအားဖြင့် ရူပါဝစရကြိယာ ပဉ္စမဈာန် စတုတ္ထ ဈာန်ကို ဝင်စားပြီး၍ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စား လိုလသော်လည်းကောင်း၊ မိမိ။လ။ပစ္စဝေက္ခဏာရ တိဟိတ်ဘဝင်

ကိုးခု အာကာသာနဉ္စာယတန ဘဝင်တို့တွင် တခုခုသည် ဘဝင်္ဂ စလန ဘဝင်္ဂုပစ္ဆေဒ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာကြိယာတတိယဒွေး။လ။ မန္ဒ။လ။ချုပ်၏။ ထိုနောင် တိက္ခ။လ။မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကြိယာသည် ဘဝင်အယဉ်ကဲ့သို့။လ။ချုပ်၏။ ထိုနောင် ဘဝင် ထိုသို့ဖြစ်ခသောအခါ အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ကြိယာအား အာရမ္မဏ၊၏။ နေဝသညာ နာသညာယတန ကြိယာအား ပစ္စည်းတပ်ဟန်ကား နေဝသညာနာသညာယတန ရဟန္တာပုဂ္ဂိုလ်သည် နေဝသညာ နာသညာယတန ကြိယာအား ဈာန်ကိုဝင်စားလိုလသော် ချမြ။ ။ ကာမရူပ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာ အဖြစ်သို့ ရောက်၍ အာကိဉ္စညာယတနကြိယာဈာန်ကိုမဝင်စားမီ ပဋိလောမအားဖြင့် နေဝသညာနာသညာယတန ကြိယာဈာန်ကို ဝင်စားလို လသော်လည်းကောင်း ဧကန္တရိကအားဖြင့် ရူပါဝစရကြိယာ ပဉ္စမဈာန် တတိယဈာန် ပဌမဈာန် ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားပြီး၍ နေဝသညာ နာသညာယတန ကြိယာဈာန်ကို ဝင်စားလိုလသော်လည်းကောင်း။ ဒွိန္တရိကအားဖြင့် ရူပါဝစရကြိယာ ပဉ္စမဈာန် စတုတ္ထဈာန် ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားပြီး၍ နေဝသညာ နာသညာယတန ကြိယာဈာန်ကို ဝင်စားလိုလသော်လည်းကောင်း ပဉ္စဝေါကာရတိဟိတ် ဘဝင်ကိုးခု အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန ဘဝင်တို့တွင် တခုခုသည်ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒ။ချုပ်၏။ ထိုနောင် တိက္ခ။လ။ မြောက်။ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော နေဝသညာ နာသညာ

ယတနကြိယာဈာန်သည် ဘဝင်အယဥ်၊ လ။ချုပ်၏။ ထိုနောင်
ဘဝင်ထိုသို့ဖြစ်သောအခါဆိုဖြ။ ။အရူပကုသိုလ်ပြီး၏။

ဤဝီထိ၌ ပဋိလောမဧကန္တရိကဥက္ကန္တရိကကိုအဘယ်
အမှာ ကြောင့်ဆိုသနည်း ရဟန္တာဖြစ်ပြီးမှ အနုလောမ
အားဖြင့် အာကာသာနဉ္စာယတန ကြိယာဈာန်ကို ဝင်စားပြီးမှ
ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားလိုလသော် လည်းကောင်း
အာကိဉ္စညာယတန ကြိယာဈာန်ကို ဝင်စားပြီးမှ နေဝသညာ
နာသညာယတန ကြိယာဈာန်ကို ဝင်စားလိုလသော် လည်း
ကောင်း မိမိသန္တာန်၌ ကြိယာဈာန်ဖြစ်ဘူးပြီး ဖြစ်သောကြောင့်
ကုသိုလ်ဈာန်ကို အာရုံမပြု ကြိယာဈာန်ကိုသာ အာရုံပြုရ၏။ ။
ပဋိလောမအား လည်းကောင်း ဧကန္တရိက ဥက္ကန္တရိကအားဖြင့်
ဝင်စားသည်ဖြစ်မူကား မိမိသန္တာန်၌ ကြိယာ မဥပါဒ်ဘူးသေးဖြစ်
သောကြောင့် ကုသိုလ်ကို အာရုံပြုရသည်။ ။ထိုကြောင့် အဋ္ဌ
ကထာ၌ ကြိယာယာတိ အရဟတ္တံပတွာ အသမာပန္နပုဗ္ဗံ အာ
ကာသာနဉ္စာယတနေ ပဋိလောမတော ဝါ ဧကန္တရိကဝသေန ဝါ
သမာပန္နကြိယာယ ဟုမိန့်သတည်း။ ။အနက်ကား ကြိယာယာ
တိဣမဿပဒဿ၊ ၏။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ အရဟတ္တံ၊
ရဟန္တာအဖြစ်သို့။ ပတွာ၊ ရောက်ပြီး၍။ အသမာပန္နပုဗ္ဗံ၊ ရဟန္တာ
ဖြစ်၍ ရှေး၌မဝင်စားဘူးသေးသော။ အာကာသာနဉ္စာ ယတနေ၊
အာကာသာနဉ္စာယတနဈာန်၌။ ပဋိလောမတော ဝါ၊ ပဋိလောမ
အားဖြင့်လည်းကောင်း။ ဧကန္တရိကဝသေန ဝါ၊ တခုခြားရှိသော
အားဖြင့်လည်းကောင်း။ သမာပန္နကြိယာယ၊ ရဟန္တာသန္တာန်၌
လည်း ဝင်စားသော ဝိညာဏဉ္စာယတန ကြိယာအား။ အာ
ရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။ ။ပဋိ
လောမတော ဝါ ဧကန္တရိကဝသေန ဝါ တိ ဝဒန္တေန အနုလောမ
တော သမာပဇ္ဇနေ ယေဘုယျေန အာသန္န သမာပတ္တိယာ အာ
ရမ္မဏဘာဝေါ ဒဿိတောတိ ဒဋ္ဌဗ္ဗော တိ။ ယထာပန ပဋိလောမ
တော ဧကန္တရိကဝသေန စ သမာပဇ္ဇန္တဿ အနာသန္နာပိ သမာ

ပတ္တိ အာရမ္မဏံ ဟောတိ။ ဝံ အနုလောမတော သမၼပဇ္ဇန္တဿ ပိ
ဘာဝေယျာတိ။ ။ဋီကာ။ ။ပဋိလောမတော ဝါ ကေနှရိကဝသေ
နဝါတိ၊ ဟူ၍။ ဝဒန္တေန၊ ဆိုသောအဋ္ဌကထာဆရာသည်။ အနု
လောမတော၊ အားဖြင့်။ သမာပဇ္ဇနေ၊ ဝင်စားသည်ရှိသော်။
ယေဘုယျေန၊ အားဖြင့်။ အာသန္နသမာပတ္တိယာ၊ နီးသောသမာ
ပတ်၏။ အာရမ္မဏဘာဝေါ၊ အာရုံ၏အဖြစ်ကို။ ဒဿိတော၊ ပြအပ်
၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ ၏။ ပနဝိသေသော၊ အထူးကား။ ပဋိ
လောမတောစ၊ လည်းကောင်း။ ကေနှရိကဝသေနစ၊ လည်း
ကောင်း။ သမာပဇ္ဇန္တဿ၊ ဝင်စားသော ပုဂ္ဂိုလ်၏ စိတ်သန္တာန်
အား။ အနာသန္နာ၊ မနီးသော။ သမာပတ္တိပိ၊ သည်လည်း။ အာ
ရမ္မဏံ၊သည်။ ဟောတိယထာ၊ကဲ့သို့။ ဝံတထာ၊ ထိုအတူ။ အနု
လောမတော၊အားဖြင့်။သမာပဇ္ဇန္တဿပိ၊အားလည်း။ဘာဝေယျ၊
ဖြစ်ရာ၏။ ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗော၊ သိအပ်၏။ ။ဤအဋ္ဌကထာဋီကာ
ကို ဆင်ခြင်၍ သဘောကျအောင်ကြံလေ။

အရူပဝိပါက်ဟုဆိုအပ်သောအာရမ္မဏပစ္စည်းသည် အကုသိုလ်
ကာမကုသိုလ် ကာမကြိယာ ရူပကုသိုလ် ရူပကြိယာ ဤငါးရာသီ
တို့အား အာရမ္မဏ၏။အကုသိုလ် ကာမကုသိုလ် ကာမကြိယာ
ဤသုံးရာသီတို့အား ချမြဲ။ ။ရူပကုသိုလ်အား ပစ္စည်းတစ်ရာ၌
ရူပကုသိုလ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာ
ဂတံသအားဖြင့် သုံးပါး ရူပကြိယာအားလည်း သုံးပါး အရူပ
ဝိပါက်ပြီး၏။

အရူပကြိယာဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် အရူပကြိ
ယာချင်း အကုသိုလ် ကာမကုသိုလ် ကာမကြိယာ ရူပကုသိုလ် ရူပ
ကြိယာ ဤခြောက်ရာသီတို့အား အာရမ္မဏ၏။ ။အရူပကြိယာ
ချင်းအား ပစ္စည်းတစ်ရာ၌ အရူပကြိယာသည် ဝိညာဏဉ္စာယတန
နေဝသညာ နာသညာယတနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်
ပါးတို့တွင်ဝိညာဏဉ္စာယတနကြိယာအား။ဟန်ကား ဝိညာဏဉ္စာ
ယတန အာဒိကမ္မိက သမာပဇ္ဇနဝီထိတို့ကို ဟေတုပစ္စည်းက

အတိုင်း ချလေ။ ။နေဝသညာနာသညာလည်း နည်းတူ။ ။ ကာမကုသိုလ် အကုသိုလ် ကာမကြိယာအား ချမြ။ ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ သုံးပါး ရူပကြိယာအား ပစ္စည်းတပ်ရာ၌ သုံးပါး။ ။အရူပကြိယာပြီး၏။

လောကုတ္တရာ ကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏ ပစ္စည်းသည် ကာမကုသိုလ် ကာမကြိယာ ရူပကုသိုလ် ရူပကြိယာ ဤလေးရာသီတို့အား အာရမ္မဏ။၏။ ကာမကုသိုလ်အား ပစ္စည်းတပ်ဟန်ကား သောတာမဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ အစရှိသော ပါဠိတော်နှင့်အညီ သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကိုဆင်ခြင်လိုလသော် ဘဝင်စလနဘဝင်ုပစ္ဆေဒ။ထိုနောင် သောတာပတ္တိမဂ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထိုနောင်မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည်ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင်ဘဝင် သကဒါဂါမိ ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ် အနာဂါမိပုဂ္ဂိုလ်သည် အနာဂါမိမဂ်ကိုဆင်ခြင်၍ဆိုမြဲ။ထိုသို့ဖြစ်သောအခါ ဆိုမြဲ။ ။ကာမကြိယာအား ပစ္စည်းတပ်ဟန်ကား အရဟာမဂ္ဂါဝုဋ္ဌဟိတွာ အစရှိသောပါဠိတော်နှင့်အညီရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို ဆင်ခြင်လိုလသော်ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ထိုနောင်အရဟတ္တမဂ်ကိုအာရုံပြု၍မနောဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ် ထိုနောင် ဘဝင်။ ထိုသို့ဖြစ်သောအခါ ဆိုမြဲ။ ။ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသအားဖြင့် သုံးပါးအပြားရှိ၏။ ။အောက်မဂ်သုံးခု ပစ္စည်းတပ်သည် ချမြ။ ကြိယာ အဘိညာဏ်လည်း သုံးပါးမဂ်လေးခုပစ္စည်းတပ်သည် ချမြ။ ။လောကုတ္တရာကုသိုလ်ပြီး၏။

လောကုတ္တရာ ဝိပါက်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကုသိုလ်သည် ကာမကြိယာ ရူပကုသိုလ် ရူပကြိယာ ဤ

လေးရာသီတို့အား အာရမ္မဏာ၊၏။ ထိုတွင် ကာမကုသိုလ်အား ပစ္စည်းတပ်ဟန်ကား၊ သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ အစရှိသော ပါဠိတော်နှင့်အညီ သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိ ဖိုလ်ကို ဆင်ခြင်လိုလသော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ၊ ထိုနောင် သောတာပတ္တိဖိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏၊ ထိုနောင် ဘဝင်။ သကဒါဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ် အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို ဆင်ခြင်၊ ကာမကြိယာအားလည်း ရဟန္တာသည် အရဟတ္တဖိုလ်ကို ဆင်ခြင်၊ ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပ ကုသိုလ်သည် စေတောပပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသအားဖြင့် သုံးပါး၊ ရူပကြိယာအား သုံးပါး။ ။လောကုတ္တရာ ဝိပါက် ပြီး၏။

ရုပ်အဋ္ဌဝီသဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ် ကာမကုသိုလ် ကာမဝိပါက် ကာမကြိယာ ရူပကုသိုလ် ရူပကြိယာ ၌ခြောက်ရာသီတို့အား၊ ၏၊ ထိုတွင် အကုသိုလ်အား ပစ္စည်း တပ်ဟန်ကား စက္ခုံအဿာဒေတိ အစရှိသော ပါဠိတော်နှင့်အညီ အကုသိုလ်ဇောဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလသော် ချမြ၊ ။ကာမကုသိုလ် ကာမကြိယာမှာ စက္ခုံအနိစ္စတော။ ။ကာမဝိပါက်မှာ ဝိပါကော တဒါလမ္ဗဏတာ ဥပ္ပဇ္ဇတိ အစရှိသည်ဖြင့် ဆိုမြ၊ ။ရူပကုသိုလ် အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသအားဖြင့် ငါးပါး အပြားရှိ၏၊ ထိုတွင် ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဏ်အား ဟန်ကား ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်ရူပါရုံကို မြင်ခြင်းငှါ အလိုရှိသည် ဖြစ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်၊ သော်။ဘဝင်စလန ဘဝင်ုပစ္ဆေဒ၊ ထိုနောင် အာလောကကသိုဏ်းပညတ် ပဋိဘာဂနိမိတ် ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာ။ လ။ ချုပ်၏၊ ထိုနောင် တိက္ခ။လ။ မြောက်။ဈာန်အင်္ဂါ။လ။ချုပ်၏၊ ထိုနောင် ဘဝင်၊ ရူပံ

ပဿာမိ ရူပံပဿာမိဟု အမိန့်ဒ္ဓါန်။လ။ သော်။ဘာ၀ဂ်စလန။ဘာ၀င့် ပဉ္စဒ။မနောဒ္ဒါရာ၀ဇ္ဇန်း မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် အမိန့်ဒ္ဓါန်ဇောခုနစ်ကြိမ်။ ထိုနောင် ဘ၀င်။ ထိုနောင် ဒိဗ္ဗစက္ခု အဘိညာဏ်၏ အခြေဖြစ်သော ရူပါ၀စရပဉ္စမဈာန်ကို ၀င်စား လိုလသော် ဘာ၀ဂ်စလန ဘာ၀င့်ပဉ္စဒ။ အာလောကကသိုဏ်း နိမိတ်ကိုအာရုံပြု၍ မနော။မဟာ။လ။ချုပ်၏။ ထိုနောင်။မြောက်။ ဈာန်အင်္ဂါ။လ။ ချုပ်၏။ ထိုနောင် ဒုရ ပဋိသန္ဓေ။လ။ ရုံကို အာရုံ ပြု၍။မနော။ မဟာကုသိုလ် တတိယဒွေး။လ။ချုပ်၏။ ထိုနောင် တိက္ခ။မြောက်။ ဈာန်အင်္ဂါ။ လ။ ဒိဗ္ဗစက္ခုအဘိညာဏ် ဇောကိစ္စ တကြိမ်သာဖြစ်၍ ချုပ်၏။ ။ဒိဗ္ဗသောတမှာ သဒ္ဒံသုဏာမိဟု အမိန့်ဒ္ဓါန်။ ဣဒ္ဓိဝိဓမှာ သဟဿစသောနိမ္မိတရုပ်။ ပုဗ္ဗေနိ၀ါသာ နုဿတိမှာ ပုဗ္ဗေနိပုဗ္ဗဖြစ်သော ရုပ်အဋ္ဌဝီသ။ အနာဂတံသမှာ အနာဂတ်ဖြစ်သော ရုပ်အဋ္ဌဝီသ။ရူပကြိယာအား ပစ္စည်းတစ်ရာဥ္စ ရူပကြိယာသည် ဆိုမြဲ။ ငါးပါးအပြားရှိ၏။ ။ရုပ်ပြီး၏။

နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် ကာမကုသိုလ် ကာမကြိယာ ရူပကုသိုလ် ရူပကြိယာ လောကုတ္တရာ ကုသိုလ် လောကုတ္တရာဝိပါက် ဤခြောက်ရာသီတို့အား အာရမ္မဏသတ္တိ။ ၏။ထိုတွင် ကာမကုသိုလ်အား ပစ္စည်းတစ်ဟန်ကား သေက္ခာ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ ဟူသောပါဠိတော်နှင့်အညီ သေက္ခပုဂ္ဂိုလ် သည် နိဗ္ဗာန်ကိုဆင်ခြင်လိုလသော် မဟာကုသိုလ် ဉာဏသမ္ပယုတ် ကိုချ။ မဟာကြိယာအား။ဟန်ကား အရဟာ နိဗ္ဗာနံ ပစ္စဝေက္ခတိ ဟူသော ပါဠိတော်နှင့်အညီ ရဟန္တာ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ဆင်ခြင်လိုလသော် မဟာကြိယာဉာဏသမ္ပယုတ်ကိုချ။ရူပကုသိုလ် အား ပစ္စည်းတစ်ရာဥ္စ ရူပကုသိုလ်သည် ပုဗ္ဗေနိ၀ါသာနုဿတိ အနာဂတံသအားဖြင့် နှစ်ပါး ရူပကြိယာဥ္စလည်းနှစ်ပါး ခန္ဓာငါး ပါးမှလျှောက်၍ သိသောနိဗ္ဗာန်ကို အာရုံပြု၍ ချလေ။ ။လော ကုတ္တရာကုသိုလ်အား။ ဟန်ကား။ နိဗ္ဗာနံ မဂ္ဂဿ အစရှိသော

ပါဠိတော်နှင့်အညီနိဗ္ဗာန်ကို အာရုံပြု၍မဂ်စိတ္တုပ္ပါဒ်ဖြစ်လိုလသော် မဂ္ဂဝီထိလေးဝီထိကို ချလေ။ လောကုတ္တရာဝိပါက်အား ပစ္စည်းတပ်ဟန်ကား နိဗ္ဗာန်ဖလသဿ အစရှိသော ပါဠိတော်နှင့်အညီ နိဗ္ဗာန်ကို အာရုံ၍ ဖိုလ်စိတ္တုပ္ပါဒ်ဖြစ်လိုလသော် မဂ္ဂဝီထိဖလသမာပတ္တိလေးဝီထိကို ချလေ။ ။နိဗ္ဗာန်ပြီး၏။

ပညတ်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်းသည် အကုသိုလ် မဟာကုသိုလ် မဟာကြိယာ ရူပကုသိုလ် ရူပဝိပါက် ရူပကြိယာ ဤကိုးရာသီတို့အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ထိုတွင် အကုသိုလ်အား ပစ္စည်းတပ်ဟန်ကား ပညတ်ကို အာရုံပြု၍ အကုသိုလ်ဇောဝီထိစိတ္တုပ္ပါဒ်။ သော်။ ချမြဲ။ အဝိဘူတာရုံသည် ကာမဇော ကာမသတ္တဝါ ကာမအာရုံ အင်္ဂါသုံးပါးညီမှ တဒါရုံကျရာသည်ကို နှလုံးသွင်း၍ဆိုလေ။ ကာမကုသိုလ်အား ကာမကြိယာအားလည်း နည်းတူ။ ။ရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ ရူပကုသိုလ်သည် ပဉ္စမဈာန်။လေ။ ပဉ္စမဈာန်အားဖြင့်ငါးပါးအပြားရှိ၏။ထိုငါးပါးတို့တွင် ပဉ္စမဈာန်အား ပစ္စည်းတပ်ဟန်ကား ပဉ္စမဈာန်၌အာဒိကမ္မိက သမာပဇ္ဇနဝီထိကို ဟောတုပစ္စည်းကအတိုင်း ချလေ၊ဒုတိယဈာန်။လ။ပဉ္စမဈာန်စသည်နည်းတူ။ ရူပဝိပါက်အား ပစ္စည်းတပ်ရာ၌ ရူပဝိပါက်သည် ပဉ္စမဈာန်။လ။ပဉ္စမဈာန်အားဖြင့် ငါးပါးအပြားရှိ၏။ ဟောတုပစ္စည်းကအတိုင်း မရဏာသန္နဝီထိကို ချလေ။ ။ရူပကြိယာလည်း ငါးပါးအပြားရှိ၏။ ။အရူပကုသိုလ်အား ပစ္စည်းတပ်ရာ၌ အရူပကုသိုလ်သည် အာကာသာနဉ္စာယတန အာကိဉ္စညာယတနအားဖြင့် နှစ်ပါးအပြားရှိကုန်၏။အာဒိကမ္မိက သမာပဇ္ဇနနှစ်ဝီထိကို ချလေ။ အရူပဝိပါက်စသည်လည်း နှစ်ပါး မရဏာသန္နကိုချ။ ။အရူပကြိယာ၌လည်းနှစ်ပါး အာဒိကမ္မိက သမာပဇ္ဇနကိုချလေ။ ။ပညတ်ပြီး၏။

တနည်းကား။ ။အကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် မနောဒွါရာဝဇ္ဇန်း ကာမဇောတခုယုတ်သုံးဆယ် တဒါရုံကောဒသ အဘိညာဏ်ခွေး ဤလေးဆဲ့သုံးခုသော နာမက္ခန္ဓာ

တို့အား၊၊၏၊ ပစ္စည်းတစ်ဟန်ကား အကုသိုလ်ကိုအာရုံပြု၍ အာ
ဝဇ္ဇန်းဇော တဒါရုံကိစ္စ၊၊သော်၊ ကာမဘာဝင်သည် ဘဝင်စလန
ဘဝင်ုပစ္ဆေဒ၊၊ထိုနောင် အကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း
ကာမဇောတခုယုတ်သုံးဆယ်တို့တွင် တခုခုသည် ဇောကိစ္စခုနစ်
ကြိမ်၊၊ထိုနောင် တဒါရုံဧကာဒသ တို့တွင် တဒါရုံ၊၊ချုပ်၏၊၊ထိုနောင်
ကာမဘာဝင် အဘိညာဏ်ဒွေးအား တစ်ရာ၌ အဘိညာဏ်ဒွေး
သည့် ကုသိုလ်ကြိယာအားဖြင့် နှစ်ပါးအပြားရှိ၏၊၊ထိုတွင် ကုသိုလ်
အဘိညာဏ်သည် စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ ယထာ
ကမ္မုပဂ အနာဂတံသအားဖြင့် လေးပါးအပြားရှိ၏၊ ကြိယာ
အဘိညာဏ်လည်း လေးပါးအပြားရှိ၏၊ ပစ္စည်း တစ်ဟန်ကို
နောက်တအတိုင်း ချလေ၊၊ ကာမကုသိုလ်ဟုဆိုအပ်သော အာရမ္မ
ဏပစ္စည်းသည် အတူတူသော လေးဆဲ့သုံးခုသော နာမက္ခန္ဓာ
တို့အား၊၊ ၊၊ကာမဝိပါက်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည်
လေးဆဲ့ သုံးခုသော နာမက္ခန္ဓာတို့အား၊၊ ၊၊ကာမကြိယာဟု
ဆိုအပ်သော အာရမ္မဏ ပစ္စည်းသည် လေးဆဲ့ သုံးခုသော
နာမက္ခန္ဓာတို့အား၊၊

ရူပကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် မနောဒွါ
ရာဝဇ္ဇန်း ကာမာဇော တခုယုတ် သုံးဆယ် အဘိညာဏ်ဒွေး
သုံးဆဲ့နှစ်ခုသော နာမက္ခန္ဓာတို့အား ရူပဝိပါက် ရူပကြိယာ
၌လည်း သုံးဆဲ့နှစ်၊၊

အရူပကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည်မနောဒွါ
ရာဝဇ္ဇန်း ကာမဇောတခုယုတ်သုံးဆယ် အဘိညာဏ်ဒွေး ဝိညာ
ဏဉ္စာယတန ကုသိုလ် ဝိပါက် ကြိယာ နေဝသညာ နာသညာ
ယတန ကုသိုလ်ဝိပါက်ကြိယာ ဤသုံးဆဲ့ရှစ်ခုသော နာမက္ခန္ဓာတို့
အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏၊ အရူပ ဝိပါက်ဟုဆို
အပ်သော အာရမ္မဏပစ္စည်းသည် မနောဒွါရာဝဇ္ဇန်း ကာမဇော
တခုယုတ် သုံးဆယ် အဘိညာဏ်ဒွေး ဤသုံးဆဲ့ နှစ်ခုသော
နာမက္ခန္ဓာတို့အား၊၊၏၊၊ အရူပကြိယာဟု ဆိုအပ်သော အာရမ္မဏ

ပစ္စည်းသည် မနောဒွါရာဝဇ္ဇန်း ကာမဇော တခုယုတ်သုံးဆယ် အဘိညာဏ်ဒွေး ဝိညာဏဉ္စာ ယတနကြိယာ နေဝသညာနာ သညာယတနကြိယာ ဤသုံးဆဲ့လေးခုသောနာမက္ခန္ဓာတို့အား။ ၏။

လောကုတ္တရာကုသိုလ်ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု မဟာ ကြိယာဉာဏသမ္ပယုတ်လေးခု အဘိညာဏ်ဒွေး ဤတဆဲ့တခုသော နာမက္ခန္ဓာတို့အား အာရမ္မဏ။ ၏။

လောကုတ္တရာ ဝိပါက်ဟု ဆိုအပ်သော အာရမ္မဏ ပစ္စည်း းသည် မနောဒွါရာဝဇ္ဇန်း။လ။ ဤတဆဲ့တခုသော နာမက္ခန္ဓာ တို့အား ရုပ်အဋ္ဌဝိသဟု ဆိုအပ်သော အာရမ္မဏ ပစ္စည်းသည် ကာမစိတ်စတုပညာသ အဘိညာဏ်ဒွေး ဤငါးဆဲ့ခြောက်ခုသော နာမက္ခန္ဓာတို့အား။ ၏။ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏပစ္စည်း သည် မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု မဟာကြိယာဉာဏသမ္ပယုတ်လေးခု အဘိညာဏ်ဒွေး လောကုတ္တ ရာစိတ်ရှစ်ခု ဤတဆဲ့ ကိုးခုသောနာမက္ခန္ဓာတို့အား။ ၏။ ပညတ် ဟုဆိုအပ်သော အာရမ္မဏပစ္စည်းသည် မနောဒွါရာဝဇ္ဇန်း ကာမ ဇောတခု ယုတ်သုံးဆယ် ရူပစိတ်တဆဲ့ငါးခု အာကာသာနဉ္စာ ယတနစိတ် သုံးခု အာကိဉ္စညာယတနစိတ်သုံးခု ဤငါးဆဲ့တခုသော နာမက္ခန္ဓာ တို့အား။ ၏။ ။ဤနည်းမှာ စိတ်ပေါင်းစု။

ပစ္စည်း ပြိုင်ဟား အလေး အမြတ် ပြုတတ်သော လောဘမူ ရှစ်ခု မဟာကုသိုလ်ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု လောကုတ္တရာ စိတ်ရှစ်ခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာဒွေး ကြဉ်သော စေတသိက် လေးဆဲ့ငါးခု အား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္န ရုပ်အဋ္ဌာရသ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု ဒေါသ ဣဿာမစ္ဆရိယ ကုက္ကုစ္စဝိစိကိစ္ဆာ ကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု နိဗ္ဗာန်ဟု

ဆိုအပ်သော အာရမ္မဏာ ဓိပတိပစ္စည်းဖြစ်အံ့ အဓိပတိ ဥပနိဿယ ဤနှစ်ပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ ။ကာမစိတ် စတုပညာသ အဘိညာဏ်ဇွေးအား တပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဖြစ်အံ့ ပုရေဇာတ အတ္ထိ အဝိဂတ ဤသုံးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ မနောဒွါရာဝဇ္ဇန်း မရဏာ သန္ဓေဇော ငါးချက် တဒါရုံနှစ်ချက်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်းဖြစ်အံ့ နိဿယ ဝိပ္ပယုတ္တထည့်၍ ငါးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ ။အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဇာဠဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဖြစ်အံ့ အဓိပတိ ဥပနိဿယထည့်၍ ငါးပစ္စယ သတ္တိ။၏။ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္ဓေဇော ငါးချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ် ပြုအပ်သော ဟဒယဝတ္ထုဖြစ်အံ့ အဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တထည့်၍ ခုနစ်ပစ္စယ။၏။ ။ငါးချက်။

အဓိပတိပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ သဟဇာတာဓိပတိအားဖြင့် နှစ်ပါး။ ပစ္စည်းစုဆို၏။ ။ထိုတွင် အလေးအမြတ်ပြုအပ်သော ဇာဠဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ဒေါသမူနွေး မောဟမူနွေး ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော လောကီစိတ် ခုနစ်ဆဲ့ခြောက်ခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်လေးဆဲ့ခုနစ်ခုဟုဆိုအပ်သော အာရမ္မဏာ ဓိပတိပစ္စည်းသည် အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအား အလေး အမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသဟု ဆိုအပ်သော မဂ္ဂါရုံသည် အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုအား အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသ

အောက်ဖိုလ်သုံးခု နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် အလေး အမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအား အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန် ဟုဆိုအပ်သော ဓမ္မာရုံသည် အလေးအမြတ် ပြုတတ်သော မဟာ ကြိယာ ဉာဏသမ္ပယုတ် လေးခုအား နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် လောကုတ္တရာစိတ် ရှစ်ခုအား အာရမ္မဏာဓိပတိ။ ၏။

တနည်းကား လောဘမူဟု ဆိုအပ်သော အာရမ္မဏာ ဓိပတိ ပစ္စည်းသည် လောဘမူချင်းအား ကာမကုသိုလ်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းသည် မဟာကုသိုလ်ချင်း လောဘမူ ၌ နှစ်ရာသီတို့အား ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော ကာမ ဝိပါက်မာဝီသသည် လောဘမူအား ကာမကြိယာဟု။လ။သည်။ လောဘမူအား အရူပကုသိုလ်။လ။ သည်။ လောဘမူ ကာမ ကုသိုလ်အား ရူပဝိပါက် ရူပကြိယာဟု။လ။သည်။ လောဘမူအား အရူပကုသိုလ်၊လ။ သည်။ လောဘမူ ကာမကုသိုလ်အား အရူပ ကြိယာဟုဆို။လ။သည် လောဘမူအား လောကုတ္တရာ ကုသိုလ် သည် ကာမကုသိုလ် ကာမကြိယာအား လောကုတ္တရာ ဝိပါက်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းသည် ကာမကုသိုလ် ကာမ ကြိယာအား ဇာဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏာ ဓိပတိပစ္စည်းသည် လောဘမူ ရှစ်ခုအား နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏာ ဓိပတိ ပစ္စည်းသည် ကာမကုသိုလ် ကာမကြိယာ လောကုတ္တရာ ကုသိုလ် လောကုတ္တရာ ဝိပါက် အား။၏။

**အမှာ** ထိုကြောင့် ဆရာတို့လည်း။ ။သေဇံ တိပါကံ တိကြိယံ၊ စတု ရူပဠ္ဌ သေဇိနော။ တိပုညံ ကာမ ပုညဿ၊ သေဇဿ မိပတီ ဘဝေ။ ဥတ္တရံ မီယုတ္တဋ္ဌန္နံ၊ နိဗ္ဗာနံ ဥတ္တရဿတု။ ဟုဆိုကုန်၏။ ။သေဇဠ္ဌ၊ လောဘ မူသည် လည်းကောင်း။ တိပါကဠ္ဌ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ် သော တေဘူမ္မက ဝိပါက်သည်လည်းကောင်း။ တိကြိယဠ္ဌ၊ တေ

ဘုမ္မကကြိယာသည်လည်းကောင်း။ စတုရူပဥ္စူဇ္ဈာနဖြစ်သော နိပ္ပန္နရုပ် အဋ္ဌာရသ ဟုဆိုအပ်သော စတုသမုဋ္ဌာနိကရုပ်သည် လည်းကောင်း။ သေဇ်ိနေ၁၊လောဘမူရှစ်ခုအား။ တိပုည်၊ တေဘူမ္မိကကုသိုလ်သည်။ ကာမပုညာသ၊ ကာမကုသိုလ်အားလည်းကောင်း။ သေဇသ၊ လောဘမူရှစ်ခုအားလည်းကောင်း။ အဓိပတိ၊ အာရမ္မဏာဓိပတိသည်။ ဘဝေ၊ဖြစ်၏။ ဥတ္တရံ၊ လောကုတ္တရာတရားကိုးပါးသည်။ ဓိယုတ္တဋ္ဌန္နံ၊ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ရှစ်ခုတို့အား။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဥတ္တရသ၊ လောကုတ္တရာစိတ် ရှစ်ခုအား။ အဓိပတိ၊ အာရမ္မဏာဓိပတိသည်။ ဘဝေ၊၏။

သဟဇာတာဓိပတိ၌ပစ္စည်းစုဆိုမြဲ ။ထိုပစ္စည်းပစ္စယုပ္ပန်နှစ်ပါးတို့တွင် လောဘမူစိတ် ရှစ်ခု၌ရှိသော ဆန္ဒ စိတ္တ ဝီရိယဟု ဆိုအပ်သော အဓိပတိ တရားကိုယ် သုံးပါးတို့တွင် တပါးပါးသည် ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ သဟဇာတာ ဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ဒေါသမူ ဒွေး၌ရှိသော ဆန္ဒ စိတ္တ ဝီရိယဟုဆိုအပ်သော အဓိပတိတရားကိုယ်သုံးပါးတို့တွင် တပါးပါးသည် ကာမတဆဲ့တဘုံ၌သာ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်တို့အား သဟဇာတာဓိပတိ သတ္တိဖြင့်။၏။

မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခု၌ရှိသော အဓိပတိတရားကိုယ်သုံးပါးတို့တွင် တပါးပါးသည်။ ပဥ္စဝေါ။လ။ ဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တ ခန္ဓာအားသာ။၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု၌ ရှိသော အဓိပတိတရားကိုယ် လေးပါးတို့တွင် တပါးပါးသည်။လ။၏။ ။မဟာကြိယာနည်းတူ။

ရူပါဝစရ ကုသိုလ်ငါးခု၌ရှိသော အဓိပတိတရားကိုယ်လေးပါးတို့တွင် တပါးပါးသည် ပဥ္စဝေါကာရဘုံ၌သာ ရူပါဝစရကြိယာငါးခု။ အရူပကုသိုလ် ကြိယာလည်း နည်းတူ။

သောတာပတ္တိ မဂ်၌ရှိသော အဓိပတိတရားကိုယ် လေးပါးတို့တွင် တပါးပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရဘုံ၌သာ သမ္ပယုတ္တခန္ဓာအား အထက်မဂ်သုံးခု ဖိုလ်လေးခု၌ရှိသော အဓိပတိတရားကိုယ်လေးပါး။လေ။သည်။၏။

ပစ္စည်းပြိုင်ကား သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းဖြစ်အံ့ အတ္ထိ အဝိဂတ ဤနှစ်ပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။

သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော အဓိပတိတရားကိုယ်သုံးပါး လေးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တပ်သော စုတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ခုနစ်ချက် မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထု ဖြစ်အံ့ နိဿယ ထည့်၍ သုံးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။

သာဓိပတိ စိတ္တဇရုပ်အား တပ်သော အဓိပတိ တရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇောအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော အာရမ္မဏာ ဓိပတိ ပစ္စည်းဖြစ်အံ့ နိဿယ ဝိပ္ပယုတ္တထည့်၍ လေးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ ။မိဿကသုံးချက်။

အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု လောကုတ္တရာစိတ် ရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ

ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြွင်
သော စိတ်ရှစ်ဆဲ့လေးခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိ
ကိစ္ဆာကြွင်သော စေတသိက် လေးဆဲ့ခုနစ်ခု နိဗ္ဗာန်ဟုဆိုအပ်
သော အာရမ္မဏာဓိပတိဖြစ်အံ့ အာရမ္မဏူပနိဿယ ဤနှစ်ပစ္စယ
သတ္တိတို့သည် ပြိုင်ကုန်၏။

အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအားတပ်
သော အလေးအမြတ်ပြုတတ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာ
ရသဖြစ်အံ့ ပုရေဇာတ အတ္ထိ အဝိဂတထည့်၍ ဤငါးပစ္စယသတ္တိ
တို့သည် ပြိုင်ကုန်၏။

အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော
ငါးချက်အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်
ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော အလေးအမြတ်ပြုအပ်
သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထာရမ္မဏာဖြစ်အံ့ နိဿယ
ပုရေဇာတ ဝိပ္ပယုတ္တအတ္ထိ အဝိဂတထည့်၍ ဤခုနစ်ပစ္စယသတ္တိတို
သည် ပြိုင်ကုန်၏။ ။ပကိဏ်းသုံးချက်။

သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သောဆန္ဒာဓိပတိ
ဖြစ်အံ့ သဟဇာတ နိဿယ အတ္ထိအဝိဂတ ဤလေးပစ္စယ။ကုန်၏။
သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဆန္ဒာဓိပတိဖြစ်အံ့ အညမည
သမ္ပယုတ္တထည့်၍ ခြောက်ပစ္စယ။၏။ သာဓိပတိ စိတ္တဇရုပ်အား
တပ်သော ဆန္ဒာဓိပတိဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ငါးပစ္စယ။၏။ ။
အဝိပါကသုံးချက်။

သမ္ပယုတ္တခန္ဓာသာဓိပတိစိတ္တဇရုပ်အားတပ်သော ဗိုလ်လေးခု
ဋ္ဌရှိသော ဆန္ဒာဓိပတိဖြစ်အံ့ သဟဇာတ နိဿယ ဝိပါက အတ္ထိ
အဝိဂတ ဤငါးပစ္စယ။၏။ သမ္ပယုတ္တခန္ဓာအားသာတပ်သော ဗိုလ်
လေးခုဋ္ဌရှိသော ဆန္ဒာဓိပတိဖြစ်အံ့ အညမည သမ္ပယုတ္တထည့်၍
စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော နာမ်ရူပက္ခန္ဓာရှစ်ပါး ဖြစ်အံ့ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤလေးပစ္စယ။ ၏။ အဝိပါက လေးချက်။ ။သဝိပါက ငါးချက်။ ပေါင်းကိုးချက် ထည့်မြဲ၊ ။သာမညာ။ ။သမ္ပယုတ္တ ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိရိယ သတိ ဧကဂ္ဂတာ ပညာဖြစ်အံ့ သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ဤငါးပစ္စယ။ ၏။ ။ အဝိပါကလေးချက်။ သဝိပါကငါးချက်။ ပေါင်းကိုးချက်ထည့်မြဲ။ သမဂ္ဂ။ ။သမ္ပယုတ္တခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ် သော ဝေဒနာ ဧကဂ္ဂတာဖြစ်အံ့ သဟဇာတ နိဿယ ဈာန အတ္ထိ အဝိဂတ ဤငါးပစ္စယ။ ၏။ ။အဝိပါကလေးချက်။ သဝိပါက ငါးချက်။ ပေါင်းကိုးချက်ထည့်မြဲ။ ။သဈာန။ ။သမ္ပယုတ္တ ခန္ဓာ စိတ္တဇရုပ် ကမ္မဇရုပ်အားတပ်သော ဧကဂ္ဂတာဖြစ်အံ့ သဟဇာတ နိဿယ ဈာန မဂ္ဂ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။ ၏။ ။ အဝိပါကလေးချက်။ သဝိပါကငါးချက်။ ပေါင်းကိုးချက်။ ။ သဈာနမဂ္ဂ။ ။သမ္ပယုတ္တ ခန္ဓာစိတ္တဇရုပ်အားတပ်သော မနိန္ဒြေ ဖြစ်အံ့ သဟဇာတ နိဿယ အာဟာရ အတ္ထိ အဝိဂတ ဤငါး ပစ္စယ။ ၏။ ။အဝိပါကလေးချက်။ သဝိပါက ငါးချက်။ ပေါင်း ကိုးချက် ထည့်မြဲ။ ။သအာဟာရ။ ။သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော စိတ္တာဓိပတိဖြစ်အံ့ အဓိပတိ သဟဇာတ နိဿယ အာဟာရ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။ ၏။ ။ အဝိပါက သုံးချက်။ ပေါင်းခြောက်ချက်ထည့်မြဲ၊ ။သာဓိပတိ အာဟာရ။ ။သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝိရိယာဓိပတိဖြစ်အံ့ အဓိပတိ သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။ ၏။ ။အဝိပါက သုံးချက်။ ပေါင်း ခြောက်ချက်။ ။သာဓိပတိမဂ္ဂသမ္ပယုတ္တခန္ဓာ တိဟိတ် စိတ္တဇရုပ် တိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော အမောဟဖြစ်အံ့ ဟေတု သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ဤခြောက် ပစ္စယ။ ၏။ ။အဝိပါက လေးချက်။ သဝိပါကငါးချက်။ ပေါင်း

ကိုးချက်ထည့်မြဲ။ ။သဟေတုမဂ္ဂ။ ။သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝီမံသာဓိပတိဖြစ်အံ့ ဟေတု အဓိပတိ သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယာ၏။ ။ အဝိပါကသုံးချက်။ သဝိပါကသုံးချက်။ ပေါင်းခြောက်ချက်။ ။ သဟေတုအဓိပတိမဂ္ဂ။ ။ဈာနနယပြီး၏။

ဈာနပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ပစ္စည်းစုဆိုမြဲ။ ။ထို ပစ္စည်း ပစ္စယုပ္ပန်နှစ်ပါးတို့တွင် ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်သော စိတ်တခုယုတ်ရှစ်ဆယ်၌ရှိသော ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ ဝေဒနာဟု ဆိုသော ဈာနင်တရားကိုယ် ငါးပါးသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဈာနသတ္တိဖြင့်။ ၏။ ။တနည်းကား လောဘမူစိတ်ရှစ်ခု၌ရှိသော ဈာနင်တရားကိုယ် ငါးပါးသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဈာန။ ၏။ ။ဒေါသမူ၌ရှိသော ဝိတက် ဝိစာရ ဧကဂ္ဂတာ ဝေဒနာ ဈာနင်တရားကိုယ် လေးပါး ပီတိကျသည်။ ။မောဟမူဒွေး လည်း လေးပါး။ ။ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေး၌ရှိသော ဈာနင်တရားကိုယ် လေးပါး။ ။ သောမနဿသန္တီရဏ ဟသိတုပ္ပါဒ်၌ ဈာနင်တရားကိုယ်ငါးပါး ဥပေက္ခာသန္တီရဏ၌လေးပါး ပဋိသန္ဓေပဝတ္တိဆိုလေ။ ။မနောဒွါရာဝဇ္ဇန်း၌ လေးပါး။ ။မဟာကုသိုလ် ဥပေက္ခာသဟဂုတ်၌ လေးပါး ပီတိကျသည်။ ။မဟာကုသိုလ် သောမနဿသဟဂုတ်၌ ငါးပါး။ ။ အောက်ကအတိုင်း စိတ်ကုန်အောင်ဆိုလေ။

ပစ္စည်းပြိုင်ကား သမ္ပယုတ္တခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ ဝေဒနာဟု ဆိုအပ်သောဈာနင်တရားကိုယ်ငါးပါးဖြစ်အံ့ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤလေးပစ္စယာ၏။ ။အဝိပါကလေးချက်။သဝိပါက

ငါးချက်၊ ထည့်မြဲ၊ ပေါင်းကိုးချက်။ ။သာမည၊ ။သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝေဒနာ စေတနာ ဖြစ်အံ့ သဟဇာတ နိဿယ ဈာနိန္ဒြိယ အတ္ထိ အဝိဂတ ဤငါးပစ္စယ၏။ ။အဝိပါကလေးချက်။ သဝိပါက ငါးချက်၊ ပေါင်း ကိုးချက်၊ ထည့်မြဲ၊ ။သဈာနိန္ဒြိယ၊ ။သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိတက် စေတနာ ဖြစ်အံ့ သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ဤငါးပစ္စယ၏။ ။ငုင်းကိုးချက်ထည့်မြဲ၊ ။သမဂ္ဂ၊ ။သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော စေတနာဖြစ်အံ့ သဟဇာတ နိဿယ ဈာနိန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ၏။ ။ငုင်း ကိုးချက်ထည့်မြဲ။ ။သဈာနိန္ဒြိယမဂ္ဂ၊ ။ရှာနုပြီး၏။

မဂ္ဂပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ပစ္စည်းစုဆိုမြဲ၊ ။ထို ပစ္စည်း ပစ္စယုပ္ပန် နှစ်ပါးတို့တွင် သဟိတ်စိတ် ကေသတ္တတိ၌ ရှိသော ပညာ ဝိတက် ဝိရတီသုံးခု ဝီရိယ သတိ စေတနာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ကိုးပါးသည် ပစ္စယဓမ္မ ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့ အား စတုဝေါကာရ ဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ မဂ္ဂ သတ္တိ၏။ ။တနည်းကား လောဘမူ ရှစ်ခု၌ရှိသော ဝိတက် ဝီရိယ စေတနာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်လေးပါး သည် ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ စိတ္တဇ ရုပ်တို့အား စတုဝေါကာရ ဘုံ၌ကား သမ္ပယုတ္တ ခန္ဓာအားသာ မဂ္ဂ၏။ ။ဒေါသမူဒွေး၌ရှိသော ဝိတက် ဝီရိယ စေတနာဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ်သုံးပါး။ ။မောဟမူဒွေးတို့တွင် ဝိစိကိစ္ဆာသဟဂုတ်၌ရှိသော ဝိတက် ဝီရိယ နှစ်ပါး စေတနာ မရ၊ ။ဥဒ္ဓစ္စသဟဂုတ်၌ ဝိတက် ဝီရိယ စေတနာ သုံးပါး။ ။ မဟာ ကုသိုလ်ဉာဏဝိပ္ပယုတ်လေးခု၌ရှိသော ဝိတက် ဝိရတီသုံးခု ဝီရိယ သတိစေတနာခုနစ်ပါး။ ။မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု၌ရှိသော ပညာ ဝိတက် ဝိရတီသုံးခု ဝီရိယ သတိ စေတနာ

ရှစ်ပါး။ ။မဟာဝိပါက် ဉာဏဝိပ္ပယုတ်၌ ဝိတက်ဝီရိယ သတိ ဧကဂ္ဂတာ လေးပါး။ ။မဟာဝိပါက် ဉာဏသမ္ပယုတ်၌ ပညာ ဝိဘက် ဝီရိယ သတိ ဧကဂ္ဂတာ ငါးပါး။ ။မဟာကြိယာ ဉာဏ ဝိပ္ပယုတ်၌လေးပါး။ ဉာဏသမ္ပယုတ်၌ငါးပါး။ ။မဟဂ္ဂုတ်စိတ်၌ လည်း ငါးပါး။ အသီးအသီးဆို။ ။လောကုတ္တရာစိတ်၌ ဝိရတီပါ ရှစ်ပါး။ အောက်ကနည်းကိုမှီ၍ဆိုလေ။

ပစ္စည်းပြိုင်ကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အား တပ်သော မဂ္ဂင်တရားကိုယ် ကိုးပါးဖြစ်အံ့ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤလေးပစ္စယ၏။ ။အဝိပါက လေးချက်။ သဝိပါကငါးချက်။ ပေါင်းကိုးချက်။ ။ဟေတုက အတိုင်း သွင်း လေ။ ။သာမည။ ။သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ရုပ်အားတပ်သော ဝီရိယ သတိ ဧကဂ္ဂတာ ပညာဖြစ်အံ့ သဟ ဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤငါးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။၎င်းအဝိပါကလေးချက်။ သဝိပါကငါးချက်။ ပေါင်းကိုးချက်။ ။သဣန္ဒြိယ။ ။သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိ သန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိတက် ဧကဂ္ဂတာ ဖြစ်အံ့ သဟ ဇာတ နိဿယ ဈာန အတ္ထိ အဝိဂတ ဤငါးပစ္စယ။၏။ ။ အဝိပါက လေးချက်။ သဝိပါကငါးချက်။ ပေါင်း ကိုးချက်။ ။ သဈာန။ ။သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဧကဂ္ဂတာဖြစ်အံ့ သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤ ခြောက်ပစ္စယ။ ၏။ ။၎င်း အဝိပါက လေးချက်။ သဝိပါကငါးချက်။ ပေါင်းကိုးချက်။ ။သဣန္ဒြိယ။ ။သမ္ပယုတ္တ ခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဝီရိယာဓိပတိဖြစ်အံ့။အဓိ ပတိ သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤခြောက် ပစ္စယ။၏။ ။အဝိပါကသုံးချက်။သဝိပါကသုံးချက်။ပေါင်း ခြောက် ချက်။ ။သာဓိပတိ ဣန္ဒြိယ။ ။သမ္ပယုတ္တခန္ဓာ တိဟိတ်စိတ္တဇရုပ် တိဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော အမောဟဖြစ်အံ့ ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤခြောက်

ပစ္စယ။ ၏။ ။အဓိပတိ လေးချက်။ သဓိပတိကငါးချက်။ ပေါင်းကိုးချက်။ ။သဟေတဓိပတိ ပစ္စယ။ ။သမ္ပယုတ္တ ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝိမံသာဓိပတိဖြစ်အံ့ ဟေတု အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ၅ခုနှစ်ပစ္စယ၏။ ။အဓိပတိက သုံးချက်။ သဓိပတိကသုံးချက်။ ပေါင်းခြောက်ချက်။ သဟေတုအဓိပတိဣန္ဒြိယ။ ။မဂ္ဂပစ္စည်းပြီး၏။

သမ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ပစ္စည်းစု ဆိုမြဲ။ ထိုပစ္စည်း ပစ္စယုပ္ပန် နှစ်ပါးတို့၌ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါးတို့တွင် တပါးတပါးသော နာမက္ခန္ဓာသည် သုံးပါး သုံးပါးသော နာမက္ခန္ဓာအား သုံးပါး သုံးပါး သော နာမက္ခန္ဓာသည် တပါးတပါးသော နာမက္ခန္ဓာအား နှစ်ပါး နှစ်ပါးသော နာမက္ခန္ဓာသည် နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအား သမ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။တနည်းကား လောဘမူ နာမက္ခန္ဓာလေးပါး တို့တွင် တပါးတပါးသော နာမက္ခန္ဓာသည် သုံးပါးသုံးပါးသော နာမက္ခန္ဓာအား။လ။သမ္ပယုတ္တ။၏။ ။၅နည်းတူ စိတ်ကုန်အောင် ဆိုလေ။ ။ပစ္စည်းပြိုင်ကား အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဖြစ်အံ့ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ၅ငါးပစ္စယ။၏။ ။အချင်းချင်းအား တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးဖြစ်အံ့ ဝိပါကထည့်၍ ခြောက်ပစ္စယာ၏။ ။သမ္ပယုတ္တပြီး၏။

ဝိပ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ပစ္စည်းစုဆိုမြဲ။ ။သဟဇာတဝိပ္ပယုတ်၌ အရူပဝိပါက် လေးခု ဒွေပဉ္စဝိညာဏ်တဆယ် ရဟန္တာတို့စုတိကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးတို့တွင် တပါးတပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား။ သုံးပါးသုံးပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် တို့အား။ နှစ်ပါး

နှစ်ပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ လေးပါးလေးပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာသည် ဟဒယ ဝတ္ထုအား။ ဟဒယဝတ္ထုသည် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား။ သဟဇာတ ဝိပ္ပယုတ္တ။ ၏။ တနည်းကား လောဘမူ နာမက္ခန္ဓာလေးပါးတို့တွင် တပါးတပါးသော နာမက္ခန္ဓာသည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ စိတ္တဇရုပ်တို့အား။ သုံးပါးသုံးပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ် တို့အား။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ် တို့အား။ လေးပါးလေးပါး သော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား သဟဇာတ ဝိပ္ပယုတ္တ။ ၏။ ။ ဤနည်းအတူ ဒွေပဉ္စဝိညာဏ်တဆယ် အရူပဝိပါက် လေးခုမှ တပါး စိတ်ကုန်အောင်ဆိုလေ။ ။ပုရေဇာတဝိပ္ပယုတ်ကို ပုရေဇာတနိဿယအတိုင်းဆိုလေ။ ပစ္ဆာဇာတဝိပ္ပယုတ်ကို ပစ္ဆာဇာတ အတိုင်းဆို။

ပစ္စည်းပြိုင်ကား စိတ္တဇရုပ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ်တဆယ် ရဟန္တာတို့စုတိကြဉ်သော ပဉ္စဝေါကာရပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတဝိပ္ပယုတ္တပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆဝတ္ထုဟု ဆိုအပ်သော ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဋိသန္ဓေအစရှိသော ရှေးဖြစ်သောစိတ်နှင့် အတူဥပါဒ်၍ မှုပ်၏ ဌီသို့ရောက်သော ဧကဇ ဒွိဇ တိဇ စတုဇကာယအားတပ်သော ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်ကြဉ်သော ပဉ္စမဘဝင် အစရှိသော နောက်ဖြစ်သောနာမက္ခန္ဓာလေးပါး ဟုဆိုအပ်သော ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စည်းဖြစ်အံ့ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ၏။ အလုံးစုံသော သဟဇာတပစ္စည်း။ ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်းဖြစ်အံ့ နိဿယထည့်၍ သုံးပစ္စယ။ ၏။ ။သာဓိပတိစိတ္တဇရုပ်

အားတပ်သောအဓိပတိတရားကိုယ်သုံးပါးလေးပါးတို့တွင် တပါး ပါးဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အားတပ် သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထု ဟုဆိုအပ်သော ဝတ္ထာရမ္မဏာဖြစ်အံ့ အဓိပတိ နိဿယထည့်၍ လေးပစ္စယ။၏။ ။စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ ပစ္စည်း။ ပဉ္စဝိညာဏဓာတ်အားတပ်သော ပဉ္စဝတ္ထုဟုဆိုအပ် သော ပုရေဇာတိန္ဒြိယ ပစ္စည်းဖြစ်အံ့ နိဿယ ဣန္ဒြိယထည့်၍ လေးပစ္စယ။၏။ ။မိဿကလေးချက်။ ။အလုံးစုံသော ပစ္ဆာ ဇာတဝိပ္ပယုတ္တပစ္စည်းဖြစ်အံ့ ပစ္ဆာဇာတ အတ္ထိ အဝိဂတ သုံးပစ္စ ယ။၏။ ။အလုံးခုံသော ပုရေဇာတဝိပ္ပယုတ္တပစ္စည်းဖြစ်အံ့ နိဿယ ပုရေဇာတ အတ္ထိ အဝိဂတ လေးပစ္စယ။၏။ ။အလုံးစုံသော ဝတ္ထာရမ္မဏာဖြစ်အံ့ အာရမ္မဏထည့်၍ ငါးပစ္စယ။၏။ ။အလေး အမြတ်ပြုအပ်သော ဝတ္ထာရမ္မဏာဖြစ်အံ့ အာရမ္မဏ အဓိပတိ ဥပ နိဿယထည့်၍ ခုနစ်ပစ္စယ။၏။ ။ပုရေဇာတိန္ဒြိယပစ္စည်းဖြစ်အံ့ ဣန္ဒြိယထည့်၍ ငါးပစ္စယ။၏။ ။ပကိဏ်းငါးချက်။ ။အလုံးစုံ သော သဟဇာတဝိပ္ပယုတ္တပစ္စည်းဖြစ်အံ့သဟဇာတနိဿယ အတ္ထိ အဝိဂတ လေးပစ္စယ။၏။ ။အချင်းချင်းအားတပ်သော ပဉ္စဝေါ ကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဖြစ်အံ့ အညမညထည့်၍ ငါးပစ္စယ။၏။ ။အဝိပါကနှစ်ချက်။ ။စိတ္တဇရုပ် ပဋိသန္ဓေကမ္မ ဇရုပ်အားတပ်သော အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ်တဆယ် ရဟန္တာတို့စုတိကြဉ်သော ပဉ္စဝေါကာရဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးဖြစ်အံ့ သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတ ၅ငါးပစ္စယ။၏။ ။ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးဖြစ်အံ့ အညမည

ထည့်၍ ခြောက်ပစ္စယ။၏။ ။သဝိပါကနှစ်ချက်။ပေါင်း သဟဇာတလေးချက်။ ။ဝိပ္ပယုတ္တပြီး၏။

အတ္ထိပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ ပစ္စည်း၅ ဆိုမြဲ။ ။ သဟဇာတတ္ထိကို သဟဇာတအတိုင်း။ ပုရေဇာတတ္ထိကို ပုရေဇာတအတိုင်း။ ပစ္ဆာဇာတတ္ထိကို ပစ္ဆာဇာတအတိုင်း။ အာဟာရတ္ထိကို ရုပ်အာဟာရအတိုင်း။ ဣန္ဒြိယတ္ထိကို ရူပဇီဝိတိန္ဒြိယအတိုင်း အကျယ်ဆိုလေ။

ပစ္စည်းပြိုင်ကား အလုံးစုံသော သဟဇာတတ္ထိ ပုရေဇာတတ္ထိ ပစ္ဆာဇာတတ္ထိ အာဟာရတ္ထိ ဣန္ဒြိယတ္ထိဖြစ်အံ့ အဝိဂတပစ္စည်းသာ ပြိုင်၏။ ။အလုံးစုံသော သဟဇာတနိဿယ ပုရေဇာတနိဿယပစ္စည်းဖြစ်အံ့ နိဿယထည့်၍ နှစ်ပစ္စယ။၏။ ။အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ရုပ္ပဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ ဟုဆိုအပ်သော အာရမ္မဏာဓိပတိဖြစ်အံ့ အဓိပတိထည့်၍ နှစ်ပစ္စယ။၏။ ။အဓိပတိမိဿကပဌမပင်။ ။ အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း အလေးအမြတ်ပြုတတ်သော လောဘမူမရဏာသန္နဇော ငါးချက်အားတပ်သော ။လ။ အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့ အဓိပတိနိဿယထည့်၍ သုံးပစ္စယ။၏။ ။အဓိပတိမိဿက ဒုတိယပင်။ ။အလုံးစုံသော နာမ်အာဟာရ ရုပ်အာဟာရပစ္စည်းဖြစ်အံ့ အာဟာရထည့်၍ နှစ်ပစ္စယ။၏။ ။အလုံးစုံသော သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယပစ္စည်းဖြစ်အံ့ ဣန္ဒြိယထည့်၍ နှစ်ပစ္စယ။၏။အလုံးစုံသော သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယဖြစ်အံ့ နိဿယ ဣန္ဒြိယထည့်၍ သုံးပစ္စယ။၏။ ။ အလုံးစုံသော သဟဇာတဝိပ္ပယုတ် ပုရေဇာတ ဝိပ္ပယုတ်ဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ခုနစ်ပစ္စယ။၏။ ။အလုံးစုံသော သဟဇာတ ဝိပ္ပယုတ် ပုရေဇာတဝိပ္ပယုတ်ဖြစ်အံ့ နိဿယ ဝိပ္ပယုတ္တထည့်၍ သုံးပစ္စယ။၏။ ။သာဓိပတိစိတ္တဇရုပ်အားတတ်သော အဓိပတိ

တရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း အလေးအမြတ်ပြုတတ်သော လောဘ မူမရဏာသန္တေဇာ ငါးချက်အားတပ်သော စုတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ငါးချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထာ ရမ္မဏာဖြစ်အံ့ အဓိပတိ နိဿယ ဝိပ္ပယုတ္တထည့်၍ လေးပစ္စယ။ ၏။ ။စိတ္တဇရုပ်ကမ္မဇရုပ်အားတပ်သော သဟဇာတိန္ဒြိယပစ္စည်း ပုရေဇာတိန္ဒြိယပစ္စည်းဖြစ်အံ့ နိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တထည့်၍ လေးပစ္စယသတ္တိတို့သည် ပြိုင်ကုန်၏။ ။နောက်လေးချက်ဝိပ္ပယုတ္တ။ မိဿကလေးချက်။ ပေါင်းမိဿက တဆဲ့တစ်။ ။ပစ္ဆာဇာတတ္ထိ ပစ္စည်းဖြစ်အံ့ ပစ္ဆာတဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သုံးပစ္စယ။၏။ ပုရေဇာတခုနစ်ချက် ပေါင်းပကိဏ်းရှစ်ချက်။ သဟဇာတဆယ် ချက်။ သဟဇာတပစ္စည်းကအတိုင်း။ ။အတ္ထိပြီး၏။ ။နတ္ထိပစ္စည်း ဝိဂတပစ္စည်း အနန္တရအတိုင်း။ ။အဝိဂတ အတ္ထိအတိုင်း။ ။ ရာသီစုပြီး၏။ ။ပစ္စယုဒ္ဒေသပြီး၏။

---

# ပစ္စယနိဒ္ဒေသ

## ဟေတုပစ္စယ

ပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုပစ္စယနိဒ္ဒေသ၌တုံသော်လည်း ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသ အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသ အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထိုနှစ်ဆဲ့လေးပါးတို့တွင် ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုဟေတု ပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌ တုံသော်လည်း နိဒ္ဒိသိတဗ္ဗ နိဒဿနာ ကာရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နိဒ္ဒိသိတဗ္ဗကိုရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား ဟေတုပစ္စယောတိ ဟူသည်တည်း။ ထိုနောင်နိဒဿနာကာရကို ဟောတော်မူ၏။ဟောဟန်ကား ဟေတူ ဟေတ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေနပစ္စယော ဟူသည်တည်း။

၁။ ပစ္စယုဒ္ဒေသေ၊ ပစ္စည်းတို့ကို အကျဉ်းပြရာ၌။ ယောယာဒိသော၊ အကြောင်းသို့သဘောရှိသော။ ပစ္စယော၊ ပစ္စည်းကို။ ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်းဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဥဒ္ဒိဋ္ဌော၊ အကျဉ်းပြတော် မူအပ်ပြီ။ သောတာဒိသော၊ ထိုသို့သဘောရှိသော။ပစ္စယော၊ကို။ပစ္စယနိဒ္ဒေသေ၊ပစ္စည်းတို့ကိုမကျဉ်းမကျယ်ပြရာ၌။ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံတံသမုဋ္ဌာနာနဉ္စ ရူပါနံဟေတုပစ္စယေနပစ္စယော၊ဟေတု။လ။ ယောဟူ၍။ဘဂဝတာ၊မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌော၊ မကျဉ်းမကျယ်ပြတော်မူတော်မူအပ်ပြီ။ ဟေတူ၊ ဟိတ်ခြောက်ပါးတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သဟိတ်စိတ် ကေသတ္တတိမောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေပညာသတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ်နှင့် ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊စိတ္တဇရုပ်

ပဋိသန္ဓေ ကမ္မဇရုပ် တို့အားလည်းကောင်း။ ဟေတုပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

ထိုပါဠိတို့တွင် ဟေတုပစ္စယော ဟူသော ပါဠိဖြင့် နိဒ္ဒိသိတဗ္ဗ ဓမ္မကို ပြတော်မူ၏။ ။ဟေတူဟေတုသမ္ပယုတ္တကာနံ။ ယောဟူသော ပါဠိဖြင့် နိဒ္ဒေသနာ ကာရကို ပြတော်မူ၏။ ထိုနိဒ္ဒေသနာ ကာရ ပါဠိတို့တွင် ဟေတူဟူသော ကတ္တားပါဠိဖြင့် ဟိတ်ခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဟူသော သမ္ပဒါန်ပါဠိဖြင့် သဟိတ်စိတ် စေတသိက် မောဟမူဒွေး၌ မော ဟကြဉ်သော စေတသိက်ဒွေပညာသ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။ဟေတု ပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့နှစ် ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။ ။သဘာဂအတိုင်း။

တနည်းကား ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့်။

(၁) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့ ဟေတု သဟ ဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယ သတ္တိတို့တွင် ဟေတု သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၂) သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဟိတ် ခြောက်ပါးဖြစ်အံ့ ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ် သော သတ္တိ ဝိသေသ။

(၃) သမ္ပယုတ္တခန္ဓာအား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့ ဟေတုသဟဇာတအညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ၌ ခုနစ်ပစ္စယံသတ္တိတွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ။

(၄) သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့ ဟေတု သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ၌ခြောက်ပစ္စယ။၍။ (အဝိပါက လေးချက်)။

(၁) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ် သုံးပါးဖြစ်အံ့ ဟေတု သဟဇာတ နိဿယ ဝိပါက အတ္ထိအဝိဂတ ၌ခြောက်ပစ္စယ သတ္တိတို့တွင် ဟေတု သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၂) သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဝိပါက် ဟိတ်သုံးပါးဖြစ်အံ့ အညမညထည့်၍ ခုနစ်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၃) သမ္ပယုတ္တခန္ဓာအားတပ်သော ဝိပါက် ဟိတ်သုံးပါး ဖြစ်အံ့ အညမည သမ္ပယုတ္တထည့်၍ ရှစ်ပစ္စယ။လ။သ။

(၄) စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တပ်သော ဝိပါက် ဟိတ်သုံးပါးဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ခုနစ်ပစ္စယ။လ။သ။

(၅) ဟဒယဝတ္ထုအား တပ်သော ပဋိသန္ဓေဟိတ်သုံးပါး ဖြစ်အံ့ အညမညဝိပ္ပယုတ္တထည့်၍ ရှစ်ပစ္စယ။လ။သဖြင့် ကျေးဇူး ပြုဟန်ကိုပြဘော်မူ၏။ (သဝိပါက ငါးချက်) ပေါင်း သာမည ဃဋနာကိုးချက်။ ၌နည်းအတူ သဇာန္တြိယမဂ္ဂဒွိကိုးချက်။ ။သာဓိပတိ ဇာန္တြိယမဂ္ဂဒွိ ခြောက်ချက်။ ပစ္စည်းပြိုင် ရာသီစုက အတိုင်း အလေ့ အလာပြု၍ ဆိုလေ။ သို့မှဃဋနာဥ္စ လွယ်မည်။

**အဖွာ** ဟေတုသမ္ပယုတ္တကာနံဟူ၍ မဟောမူ၍ ဟေတု ဟေတု သမ္ပယုတ္တ ကာနံဟု ဟောတော်မူခြင်းသည် ကား အဟိတ် စိတ္တုပ္ပါဒ် သည်လည်း သမ္ပယုတ္တပစ္စည်း သာမည

ဖြစ်ရကား ထိုအဟိတ် စိတ္တုပ္ပါဒ်ကို စင်စေလို၍ ဟေတုဟေတု သမ္ပယုတ္တကာနံဟု ဟောတော်မူသည်။ ထို့ကြောင့် အဋ္ဌကထာ၌ အထာပိ ဟေတုနာ သမ္ပယုတ္တကာနံ ဟေတု သမ္ပယုတ္တကာနန္တိ အတ္ထံ အဂဟေတွာ ဝ ယေသံကေသဉ္စိ သမ္ပယုတ္တကာနံ ဟေတုပစ္စယေန ပစ္စယောတိအတ္ထော ဘဝေယျ။ ဧဝံသန္တေဟေတုနာ ဝိပ္ပယုတ္တာ စက္ခုဝိညာဏာဒယောပိ သမ္ပယုတ္တကာယေဝ ဟေတုနာ သမ္ပယုတ္တကာကုသလာ ဒယောပိ။ တတ္ထ အယံ ဟေတုအသုကဿနာမ သမ္ပယုတ္တဓမ္မဿ ပစ္စယောတိ ပစ္စယုပ္ပန္နဝဝတ္ထာနံ နပညာယေယျ။ တသ္မာ ပစ္စယဉ္စေဝ ပစ္စယုပ္ပန္နဉ္စ ဝဝတ္ထာပေန္တော ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိအာဟ ဟုမိန့်အပ်၏။ ။ဟေတူ စေဝ ဟေတုသမ္ပယုတ္တကာစ သမုဋ္ဌာနံ ဧတေသန္တိ တံ သမုဋ္ဌာနာနိ။ ။တေသံ၊ ထိုသဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အား။ ဟေဟေတူစေဝ၊ တိုဟိတ် ခြောက်ခုတို့သည်လည်းကောင်း။ ဟေတုသမ္ပယုတ္တကာစ၊ ဟိတ်နှင့် ယှဉ်သော စိတ်စေတသိက် တို့သည်လည်းကောင်း။ သမုဋ္ဌာနံ၊ဖြစ်ကြောင်းရုပ်သည်။ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ တေ၊ ထိုသဟိတ်စိတ္တဇ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် တို့သည်။ တံ သမုဋ္ဌာနာနိ၊တံ သမုဋ္ဌာန မည်ကုန်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌ တေဟေတူစေဝ ဟေတု သမ္ပယုတ္တကာစ ဓမ္မာ သမုဋ္ဌာနံ ဧတေသန္တိ တံသမုဋ္ဌာနာနိ။ တေသံ တံသမုဋ္ဌာနာနံ ဟေတုတောစေဝ ဟေတု သမ္ပယုတ္တ ဓမ္မေဟိစ နိဗ္ဗတ္တာနန္တိ အတ္ထော။

စိတ္တဇရုပ် ဆိုလျှက် အဘယ်ကြောင့် စေတသိက်ကြောင့် ဖြစ်သော ရုပ်ကို စိတ္တဇရုပ် ဆိုအပ်သနည်း။ ။သဗ္ဗေပိ ဟိ စိတ္တစေတသိကာ ဧကတော ဝ ဟုတွာ ရူပံ သမုဋ္ဌာပေန္တိ။ လောကိယဓမ္မဒေသနာယံ ပန စိတ္တဿ အဓိကဘာဝတော တထာဝိဓရူပံ စိတ္တသမုဋ္ဌာနန္တိ ဝုစ္စတိ။ အဋ္ဌကထာ။

တသမုဋ္ဌာနာနံဟု မဟောမူ၍ တံသမုဋ္ဌာနာနံဟူ၍ နိဂ္ဂဟိတ်နှင့် ဟောတော်မူခြင်းသည် ယသဒ္ဒါ တသဒ္ဒါနှင့် သမာသ်တွဲရာ၌

နိဂ္ဂဟိတ်သော်လည်း ရှေ့၌ လာရာ၏။ ဒွေဘော်သော်လည်း နောက်၌ရောက်ရာ၏ဟု မှတ်ရာ၏။ ။ထိုကြောင့် ဆရာတို့လည်း ယတသဒ္ဒ သမာသမှိ၊ သဒ္ဓိံ ပရပဒေနစ။ နိဂ္ဂဟိတာ ဂမောပုဗ္ဗေ၊ ဒွေဘာဝေါ ပရောသိယာ။ဟုဆိုကုန်၏။

သဟဇာတရုပ် ဟူသည်ကား ပဝတ္တိအခါ စိတ္တဇရုပ် ပဋိသန္ဓေအခါ ကမ္မဇရုပ်တည်း။ အဘယ်ကြောင့် ပဝတ္တိအခါ ကမ္မဇရုပ်အား သဟဇာတပစ္စည်း မတပ်သနည်းဟူမူကား ကမ္မဇရုပ်တို့သည် ပဋိသန္ဓေအခါ စိတ်နှင့် စပ်၍သာ ဖြစ်ကုန်၏။ စိတ်နှင့်ကင်း၍မဖြစ်။ ပဝတ္တိအခါ၌မူကား စိတ်ကင်းသော်လည်း နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်တို့အား ကမ္မဇရုပ်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ပဋိသန္ဓေကမ္မဇရုပ်အား သဟဇာတ ပစ္စည်းတပ်၏။ ပဝတ္တိကမ္မဇရုပ်အား သဟဇာတပစ္စည်းမတပ်။ ။ထိုကြောင့် အဋ္ဌကထာ၌ ပဋိသန္ဓိယံ ကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓ ဝုတ္တိတာယ။ ပဋိသန္ဓိယဉှိကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓါ ပဝတ္တိစိတ္တဝသေန ဥပ္ပဇ္ဇန္တိ စေဝ တိဋ္ဌန္တိစ။လ။ပဝတ္တိယံပန တေသံစိတ္တေ ဝိဇ္ဇမာနေပိ ကမ္မပဋိဗဒ္ဓါဝ ပဝတ္တိ။ နစိတ္တပဋိဗဒ္ဓါ။ အဝိဇ္ဇမာနေစာပိ စိတ္တေနိရောဓသမာပန္နာနံ ဥပ္ပဇ္ဇန္တိယေဝဟု မိန့်အပ်၏။

ပဋိသန္ဓေအခါ ကံ၏ အဟုန်ဖြင့် ပစ်ချအပ်သော ကြောင့်လည်းကောင်း မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီရသောကြောင့်လည်းကောင်း အားနည်းသည်ဖြစ်၍ စိတ္တဇရုပ်ကို မဖြစ်စေနိုင်သောကြောင့် ပဝတ္တိအခါ၌သာ စိတ္တဇရုပ်ကို ဖြစ်စေနိုင်သည်။ ။ထိုကြောင့် အဋ္ဌကထာ၌ ကသ္မာပန ပဋိသန္ဓိက္ခဏေ စိတ္တဇရူပံ ဇနေတုံ နသက္ကောတီတိ ကမ္မဝေဂက္ခိတ္တတာယ စေဝ အပတိဋ္ဌိတ ဝတ္ထုတာယစ ဒုဗ္ဗလတ္တာ။ တဒှိ တဒါကမ္မဝေဂက္ခိတ္တံ အပုရေဇာတ ဝတ္ထုံ ကတ္တာစ အပတိဋ္ဌိတ ဝတ္ထုကန္တိ ဒုဗ္ဗလံ ဟောတိ။ တသ္မာ ပပါတေ ပတိတမတ္တော ပုရိသော ကိဉ္စိသိပ္ပံ ကာတုံဝိယ ရူပံဇနေတုံ နသက္ကောတိ။ ကမ္မဇရူပမေဝပနဿ

စိတ္တသမုဋ္ဌာနရူပဋ္ဌာနေ တိဋ္ဌတိ၊ တဒ္ဓကမ္မဇရူပဿေဝ ဗီဇဋ္ဌာနေ တိဋ္ဌတိ။ ကမ္မံပနဿ ခေတ္တသဒိသံ ကိလေသာ အာပသဒိသာ။ တသ္မာသန္တေပိ ခေတ္တေအာပေစ ပထမုပ္ပတ္တိယံ ဗီဇာနုဘာဝေန ရုက္ခုပ္ပတ္တိဝိယ ပဋိသန္ဓိက္ခဏေ၊ စိတ္တာနုဘာဝေန ရူပကာယဿ ဥပ္ပတ္တိ။ ဗီဇေန ဝိဂတေပိ ပထဝီအာပါနုဘာဝေန ရုက္ခဿ ဥပရူပရိ ပဝတ္တိဝိယ ပဝတ္တိယံ ဝိနာပိ စိတ္တေန ကမ္မတောဝ ကဋတ္တာ ရူပါနံ ပဝတ္တိဟောတီတိ ဝေဒိတဗ္ဗော။ မိန့်အပ်၏။ အဋ္ဌကထာမှာ ကြပ်ကြပ်ကြည့်၍ ကြံလေ။

ဟေတု ပစ္စည်း ၏ ပစ္စယ နိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုအာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌ တုံသည်လည်း နိဒ္ဒိသိတဗ္ဗ နိဒဿနာကာရ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နိဒ္ဒိသိတဗ္ဗကို ဟောတော်မူ၏။ ဟောတော်မူဟန်ကား အာရမ္မဏ ပစ္စယော ဟူသည်တည်း။ ထိုနောင် နိဒဿနာကာရကို ဟောတော်မူ၏။ ဟောဟန်ကား ရူပါယတနံ စက္ခုဝိညာဏဓာတုယာ။ လ။ အာရမ္မဏပစ္စယေန ပစ္စယော ဟူသည်တည်း။

၂။ ပစ္စယုဒ္ဒေသော၊ ပစ္စည်းတို့ကို အကျဉ်းပြရာ၌။ ယောယာဒိသော၊ အကြင်သို့သဘောရှိသော။ ပစ္စယော၊ ပစ္စည်းကို။ အာရမ္မဏ ပစ္စယောတိ၊ အာရမ္မဏပစ္စည်းဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဥဒ္ဒိဋ္ဌော၊ အကျဉ်းပြတော်မူအပ်ပြီ။ သော တာဒိသော၊ ထိုသို့သဘောရှိသော။ ပစ္စယော၊ ကို။ ပစ္စယနိဒ္ဒေသတော၊ ပစ္စည်း တို့ကို မကျဉ်းမကျယ် ပြတော်မူသောအားဖြင့်။ အဋ္ဌကထာနည်း။ ပစ္စယနိဒ္ဒေသော၌။ ဆရာနည်း၊ ရူပါယတနံ စက္ခုဝိညာဏ ဓာတု ယာ။လ။ အာရမ္မဏပစ္စယေန ပစ္စယောတိ။လ။ယောဟူ၍။ ဘဂဝ တာ၊ သည်။ နိဒ္ဒိဋ္ဌော၊ မကျဉ်းမကျယ်ပြတော်မူအပ်ပြီ။ ရူပါယတနံ၊ ပစ္စုပ္ပန်ရူပါရုံသည်။ စက္ခုဝိညာဏ ဓာတုယာစ၊ စက္ခုဝိညာဏ ဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏ

ခေတ် နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သမ္ပယုတ္တ သာဓာရဏ စေတသိက် ခုနစ်ခုတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဒါယတနံ။ပေ။ဖြ။လ။ ရူပါယတနံ၊ ပစ္စုပ္ပန် ရူပါရုံ သည်လည်းကောင်း။လ။ဖေါဋ္ဌဗ္ဗာယတနံ၊ပစ္စုပ္ပန်ဖေါဋ္ဌဗ္ဗာရုံ သည်လည်းကောင်း။ မနောဓာတုယာစ၊ မနောဓာတ်သုံးခုအား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်သုံးခုနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် တဆယ်တို့အားလည်းကောင်း။ အာရမ္မဏ။လ။ဖြင့်။ ပစ္စယော ဥပကာရကော၊သည်။ ဟောတိ၊ဖြစ်၏။ သဗ္ဗေ၊ခပ်သိမ်း ကုန်သော။ ဓမ္မာ၊ အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ မနောဝိညာဏဓာတုယာစ၊ မနောဝိညာဏဓာတ် ခုနစ်ဆဲ့ခြောက်ခုတို့ အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ် နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် ဒွေပညာသတို့အား လည်းကောင်း။အာရမ္မဏပစ္စယေန။လ။ ဟောတိ၊ ဖြစ်၏။

ယံယံဓမ္မံ၊ အကြင်အကြင်သို့ သဘောရှိသော အာရုံခြောက်ပါး ပစ္စည်းတရားကို။ အာရဗ္ဘ၊ အာရုံပြုကုန်၍။ ယေယေဓမ္မာ၊ အကြင် အကြင်သို့ သဘောရှိကုန်သော အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့ သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ စိတ္တ စေတသိကာ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တေတေဓမ္မာ၊ ထိုထိုသို့ သဘောရှိကုန်သော အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ တေသံတေသံ ဓမ္မာနံ၊ ထိုထိုသို့ သဘောရှိကုန်သော အာရမ္မဏိက ပစ္စယုပ္ပန် တရား တို့အား။

အာရမ္မဏ။လ။ယော ဟူသော ပါဠိတော်ပါဌ်၌ အာရမ္မဏ ပစ္စယောတိ ဟူသောပါဌ်ဖြင့် နိဒ္ဒိသိတဗ္ဗဓမ္မကို ပြတော်မူ၏။ ရူပါ ယတနံ။လ။ ယော ဟူသောပါဌ်ဖြင့် နိဒ္ဒေသနာကာရကို ပြတော်

မူ၏။ လိုနိဒ္ဒေသနာကာရပေါ်ဌွတို့တွင် ရူပါယတနံဟူသော ကတ္တားပေါ်ဖြင့် ပစ္စယုပ္ပန်ပစ္စည်းတရားကို ပြတော်မူ၏။ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဟူသောပေါ်ဖြင့် စက္ခုဝိညာဏ်ဓာတ် သမ္ပယုတ္တသာခါရဏ စေတသိက်ခုနစ်ခု ပစ္စယုပ္ပန် တရားကိုပြတော်မူ၏။ အာရမ္မဏ ပစ္စယေန ပစ္စယော ဟူသော ကရိုဏ်းပေါ်ဖြင့် တပိုင်နက် တပ်ကောင်းသော အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိ ဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကိုပြတော်မူ၏။ သဒ္ဒါယတနံစသည်တို့၏။

ရူပါယတနံ။လ။ ဖေါဋ္ဌဗ္ဗာယတနံ ဟူသော ကတ္တားပေါ်ဖြင့် ပစ္စုပ္ပန်ပဉ္စာရုံ ပစ္စည်းတရားကို ပြတော်မူ၏။ မနောဓာတုယာ။လ။ နံဟူသော သမ္ပဒါန်ပေါ်ဖြင့် မနောဓာတ်သုံးခု ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် တဆယ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။အာရမ္မဏပစ္စယေန ဟူသော ကရိုဏ်းပေါ်ဖြင့် တပိုင်နက် တပ်ကောင်းသော အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤလေးပစ္စယ။၏။ ။သဗ္ဗေဓမ္မာဟူသော ကတ္တားပေါ်ဖြင့် စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ရုပ် အဋ္ဌဝီသ နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ မနောဝိညာဏ။လ။ နံဟူသော သမ္ပဒါန်ပေါ်ဖြင့် မနောဝိညာဏဓာတ် ခုနစ်ဆဲ့ခြောက်ခု စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား တဒါရုံကောဒသ ဟသိတုပ္ပါဒ်အား တပ်သော ကာမစိတ် စတုပညာသ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အာရုံခြောက်ပါး အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် ရှစ်ခုအား တပ်သော လောကီစိတ် ကောသိတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ ပညတ်ဟုဆိုအပ် သော အာရုံခြောက်ပါး မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု

အားတပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု စေတသိက် ဒွေပညာသ ရုပ် အဋ္ဌဝီသ နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါး မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု မနောဒွါရာဝဇ္ဇန်းအားတပ်သော စိတ်တခုယုတ်ကိုးဆယ်စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသနိဗ္ဗာန် ပညတ်ဟုဆိုအပ်သောဤအာရုံခြောက်ပါး။

ဒိဗ္ဗစက္ခု ကုသိုလ် အဘိညာဏ်အား တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန် ရူပါရုံ။ ဒိဗ္ဗ သောတ ကုသိုလ် အဘိညာဏ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ။ ဣဒ္ဓိဝိဓကုသိုလ် အဘိညာဏ်အားတပ်သော ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမ ဈာန် သတ္တ သဟာဿ စသော နိမ္မိတ ရုပ် ဟုဆိုအပ်သော အာရုံ ခြောက်ပါး။ စေတော ပရိယ ကုသိုလ်အဘိညာဏ် အားတပ်သော လွန်လေပြီးသော ခုနစ်ရက်မှစ၍လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော သူတပါးတို့စိတ်ရှစ်ဆယ်ခုနစ်ခုဟု ဆိုအပ်သော ဓမ္မာရုံ။ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဏ်အားတပ်သောပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ်ရှစ်ဆယ်ခုနစ်ခု စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန် အမည်အမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါး။ ယထာကမ္မုပဂ ကုသိုလ်အဘိညာဏ်အားတပ်သော အတိတ်ဖြစ်သော လောကီကုသိုလ်အကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ။ အနာဂတံသ ကုသိုလ်အဘိညာဏ်အား တပ်သော အနာဂတ်ဖြစ်သော အရဟတ္တမဂ်အရဟတ္တ ဖိုလ်ကြဉ်သော စိတ်ရှစ်ဆယ်ခုနစ်ခု စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ခန္ဓာငါးပါး။ ထိုငါးပါးမှလျှောက်၍သိအပ်သော နိဗ္ဗာန် အမည်အမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါး။

**အမှာ** ဒိဋ္ဌိစက္ခု ဒိဋ္ဌိသောတ ကြိယာ အဘိညာဏ်သည် ကုသိုလ်နှင့် အာရုံတူ၏။ ရူပိဗ္ဗိ ကြိယာအဘိညာဏ်မှာ ပါဒက ဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန် ဤမျှသာ ထူးသည်၊ စေတောပရိယ ကြိယာအဘိညာဏ်မှာ စိတ်တခုယုတ်ကိုးဆယ်ယူ၊ ပုဗ္ဗေနိဝါသာနုဿတိ ကြိယာ အဘိညာဏ်မှာ ပုဗ္ဗေနိဝုတ္ထဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၊ ယထာကမ္မုပဂ ကြိယာ အဘိညာဏ်တူ၏၊ အနာဂတံသ ကြိယာအဘိညာဏ်မှာ အနာဂတ်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ် ဤမျှသာ ထူးသည်၊

ရူပါဝစရ ပဉ္စမဈာန်စိတ် သုံးခုအား တပ်သော ကသိုဏ်းပညတ်ဆယ်ပါး အသုဘပညတ်ဆယ်ပါး ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယအစုပညတ်၊ အာနာပါနာသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရ တရားသုံးပါး၏ အာရုံဖြစ်ဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤနှစ်ဆဲ့ငါးပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။ ရူပါဝစရ ဒုတိယဈာန်စိတ် သုံးခု တတိယဈာန်စိတ်သုံးခု စတုတ္ထဈာန်စိတ် သုံးခုအားတပ်သော ကသိုဏ်းပညတ်ဆယ်ပါး အာနာပါနာသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤတဆဲ့လေးပါးသော ပညတ်ဟုဆိုအပ်သောဓမ္မာရုံ။ ။ရူပါဝစရပဉ္စမဈာန်စိတ်သုံးခုအားတပ်သော ကသိုဏ်းပညတ်ဆယ်ပါး အာနာပါနာသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်။ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်။ ဤတဆဲ့နှစ်ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။

အာကာသာနဉ္စာယတနစိတ် သုံးခုအားတပ်သော အာကာသကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါ၍ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဝိညာ

ဇာနူာယတန ကုသိုလ်အား တပ်သော ဤဘာဝ ရှေးဘာဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနညာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဥ္စာယတန ဝိပါက်အား တပ်သော ရှေးဘာဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနညာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဥ္စာယတန ကြိယာအား တပ်သော ဤဘာဝ ရှေးဘာဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနညာယတနကြိယာ။ ဤဘာဝ ရှေးဘာဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနညာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ အာကိဉ္စညာယတနစိတ် သုံးခုအားတပ်သော ဝိညာဏဥ္စာယတန ကုသိုလ် ကြိယာ၏မရှိခြင်းဟု ဆိုအပ်သော နတ္ထိဘော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။ နေဝသညာ နာသညာယတန ကုသိုလ်အား တပ်သော ဤဘာဝ ရှေးဘာဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ နေဝသညာ နာသညာယတန ဝိပါက်အားတပ်သော ရှေးဘာဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆို အပ်သော ဓမ္မာရုံ။ နေဝသညာ နာသညာယတန ကြိယာအား တပ်သော ဤဘာဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စ။လ။ ကြိယာ။ ဤဘာဝ ရှေးဘာဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စ။လ။ ကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ။

လောကုတ္တရာစိတ်ရှစ်ခုအားတပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဤအာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။

မနောဝိညာဏဓာတုယာတံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဟူသော သမ္ဗန္ဓပါဠိဖြင့် မနောဝိညာဏဓာတ်ခုနစ်ဆဲ့ခြောက်ခု စေတသိက်ငါးဆယ့်နှစ်ပါး နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ အာရမ္မဏပစ္စယေနဟူသော ကရိုဏ်းပါဠိဖြင့် တပ်ခိုင်နက်ယထော ရဟတပ်ကောင်းသော အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင်

အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ။အကျယ်တနည်းကို နောက်၌ဆိုလတ္တံ့။

ယံယံဓမ္မံ ဟူသောပါဠိဖြင့် အနိယမအားဖြင့် အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ။ယေယေဓမ္မာ ဟူသောပါဠိဖြင့် အနိယမအားဖြင့် အာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ စိတ္တစေတသိကာဓမ္မာ ဟူသောပါဠိဖြင့် အာရမ္မဏိက ပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။ တေတေဓမ္မာ ဟူသောပါဠိဖြင့် နိယမအားဖြင့် ယံယံဓမ္မံ ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ တေသံတေသံ ဓမ္မာနံ ဟူသောပါဠိဖြင့် နိယမအားဖြင့် ယေယေဓမ္မာ ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့ကို ပြတော်မူ၏။ ။အာရမ္မဏပစ္စယေန ဟူသောကရိုဏ်းပါဠိဖြင့် တပြိုင်နက် ယထာရဟ တင်ကောင်းသော အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ၏ ပစ္စယ။ပ။ သ။၏။

တနည်းကား (၁) အလေးအမြတ်ပြုတတ်သော လောဘမူ ရှစ်ခု မဟာကုသိုလ်ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု။ လောကုတ္တရာစိတ် ရှစ်ခုအားတင်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ ဒေါသမူနှစ်ခု မောဟမူနှစ်ခု ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု ဒေါသဣဿာ မစ္ဆရိယကုက္ကုစ္စဝိစိကိစ္ဆာ ကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း ဖြစ်အံ့ အာရမ္မဏ အဓိပတိ ဥပနိဿယ ၏သုံးပစ္စယ တို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၁) ကာမစိတ်စတုပညာသ အဘိညာဏ်နှစ်ပါးအား တင်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသ ဟုဆိုအပ်သော အာရမ္မဏပုရေဇာတပစ္စည်းဖြစ်အံ့ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ၏လေး ပစ္စယ။လ။သ။

(၃) မနောဝိညာဏ ဝိပ္ပယုတ္တ မရဏာသန္နဇောငါးချက် တဒါရုံအားတပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့ နိဿယ ဝိပ္ပယုတ္တထည့်၍ ခြောက်ပဋ္ဌာန်း။လ။ တွင်။သ။

(၄) အလေး အမြတ်ပြုတတ်သော လောဘမူ ရှစ်ခုအားတပ်သော အလေး အမြတ် ပြုအပ်သော ရူပဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသ ဟုဆိုအပ်သော အာရမ္မဏ ပုရေဇာတပစ္စည်းဖြစ်အံ့ အဓိပတိ ဥပနိဿယ ထည့်၍ ခြောက်ပစ္စယ။ လ။ တွင်။သ။

(၅) အလေး အမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အားတပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့ အဓိပတိ နိဿယ ဥပနိဿယ ဝိပ္ပယုတ္တထည့်၍ ရှစ်ပစ္စယ။လ။ တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ပစ္စည်းပြိုင်အတိုင်း။

**အမှာ** ရူပါယတနံ စက္ခုဝိညာဏဓာတုယာ မှစ၍ သဗ္ဗေ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ။လ။ ယော တိုင်အောင်သော ပါဠိတို့ဖြင့် အာရုံအာရမ္မဏိက အဖြစ်သည် ပြီးပြီးလျက် ယံယံဓမ္မံ ဟုဟောတော်မူပြန်သည်ကား အာရုံပြု၍ဖြစ်သော ခဏာ္တသာလျှင် ထိုအာရုံခြောက်ပါးတို့သည် ခုနစ်ပါးသော ဝိညာဏဓာတ်တို့အား အာရမ္မဏပစ္စည်းဖြစ်ကုန်၏၊ ထိုသို့ဖြစ်သော်လည်း တကွနက်မဖြစ်ကုန်။ အသီးသီး အာရုံခြောက်ပါးတို့သည် သတ္တဝိညာဏဓာတ်အား အာရမ္မဏ ပစ္စည်းဖြစ်ကုန်၏ဟုပြတော်မူကုန်၏။ ။ထိုကြောင့် အဋ္ဌကထာ၌ ယံယံဓမ္မံအာရဗ္ဘာတိ ရူပါဒီသု ယံ ယံ ဓေတောသံ သတ္တန္နံ ဝိညာ

ဏဓာတူနံ ဓာရမ္မဏမ္ပေဝုတ္တာ။ တေ တာသံ ဓာတူနံ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇနကဓမ္မာ ယေဝ အာရမ္မဏပစ္စယော ဟောန္တီတိ ဒီပေတိ။ ဧဝံ ဟောန္တာပိစ နဧကတော ဟောန္တိ။ ယံယံအာရဗ္ဘ ယေယေဥပ္ပဇ္ဇန္တိ တေသံတေသံ ဧတတေဝိသုံဝိသုံ အာရမ္မဏ ပစ္စယော ဟောန္တီတိ ဒီပေတိ။ ဟုဆိုအပ်၏။ ။အာရမ္မဏပစ္စယ နိဒ္ဒေသပြီး၏။

အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အဓိပတိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ နိဒ္ဒိသိတဗ္ဗ နိဒ္ဒသနာကာရ အစရှိသည်ကို စစ်မြဲ။

၃။ ပစ္စယုဒ္ဒေသော။လ ပြီး။ ဆန္ဒာဓိပတိ၊ ဆန္ဒဟုဆိုအပ်သော အဓိပတိသည်။ ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့် ယှဉ်ကုန်သော။ ဓမ္မာနံ၊ သာဓိပတိ ဇောငါးဆဲ့နှစ်ခု ဆန္ဒ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပညာသတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဆန္ဒ ဆန္ဒနှင့်ယှဉ်သော စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနံ၊ သာဓိပတိစိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ သဟဇာတာဓိပတိ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တာဓိပတိ၊သည်။ စိတ္တသမ္ပယုတ္တကာနံ၊ စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနံ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဧကပညာသ တို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုစိတ္တာဓိပတိနှင့်ယှဉ် ကုန်သော စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနံ၊ သာဓိပတိစိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ ဖြင့်။ ပစ္စယောဥပကာရကော၊ သည်။ ဟောတိ၊၏။

ဝီရိယာဓိပတိ၊သည်။ ဝီရိယသမ္ပယုတ္တကာနံ၊ ဝီရိယနှင့်ယှဉ်ကုန်သော။ ဓမ္မာနံ၊ သာဓိပတိဇောငါးဆဲ့နှစ်ခု ဝီရိယ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ငါးဆယ်တို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဝီရိယနှင့်ယှဉ်ကုန်သော စိတ် စေတသိက်လျှင်ဖြစ်

ကြောင်းရှိကုန်သော။ ရူပါနံ၊ သာမိပတိစိတ္တဇရုပ်တို့အားလည်း
ကောင်း။ အဓိပတိပစ္စယေန၊ ဖြင့်။ ပစ္စယောဥပကာရကော၊သည်။
ဟောတိ၊ ဖြစ်၏။

ဝီမံသာဓိပတိ၊ သည်။ ဝီမံသသမ္ပယုတ္တကာနံ၊ ဝီမံသနှင့်ယှဉ်
ကုန်သော၊မွောနံ၊သာမိပတိ တိဟိတ်ဇောသုံးဆဲ့လေးခု ဝီမံသ
ကြဉ်သော စေတသိက် သတ္တတိံသတို့အား လည်းကောင်း။
တံသမုဋ္ဌာနာနံ၊ထိုဝီမံသနှင့်ယှဉ်သောစေတသိက်လျှင်ဖြစ်ကြောင်း
ရှိကုန်သော။ ရူပါနံ၊ သာမိပတိ စိတ္တဇ ရုပ်တို့အား လည်း
ကောင်း။ အဓိပတိပစ္စယေန၊ဖြင့်။ ပစ္စယော ဥပကာရကော၊သည်။
ဟောတိ၊၏။

ယံယံဓမ္မံ၊ အကြင်အကြင်သို့သဘောရှိသော အာရုံခြောက်ပါး
ပစ္စည်းတရားကို။ ဂရုံကတွာ၊ အလေးအမြတ်ပြုကုန်၍။ ယေယေ
ဓမ္မာ၊ အကြင်အကြင်သို့ သဘောရှိကုန်သော အာရမ္မဏိက ပစ္စ
ယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ စိတ္တစေတသိကာ၊သော။
ဓမ္မာ၊ တို့သည်။ ဟောန္တိ၊ကုန်၏။ တေတေဓမ္မာ၊ ထိုထိုသို့သဘော
ရှိကုန်သော အာရုံခြောက်ပါး ပစ္စည်းတရား တို့သည်။ တေသံ
တေသံဓမ္မာနံ၊ထိုထိုသို့သဘောရှိကုန်သောအာရမ္မဏိက ပစ္စယုပ္ပန်
တရားတို့အား။ အဓိပတိပစ္စယေန၊ အာရမ္မဏာဓိပတိသတ္တိဖြင့်။
ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊၏။

ထိုပါဠိတို့တွင် အဓိပတိပစ္စယောတိ ဟူသောပါဠိဖြင့် နိဒ္ဒိသိ
တဗ္ဗဓမ္မကိုပြတော်မူ၏။ ။ဆန္ဒာဓိပတိ။လ။ ယော ဟူသောပါဠိ
ဖြင့် နိဒ္ဒေသနာကာရကိုပြတော်မူ၏။

ထိုတွင် ဆန္ဒာဓိပတိဟူသော ကတ္တားပါဠိဖြင့် သာမိပတိ
ဇောငါးဆဲ့နှစ်ခု၌ရှိသော ဆန္ဒာဓိပတိ ပစ္စည်းတရားကို ပြတော်
မူ၏။ ။ဆန္ဒသမ္ပယုတ္တကာနံ။လ။ နံဟူသော သမ္ပဒါန်ပါဠိဖြင့်
သာမိပတိဇော ငါးဆဲ့နှစ်ခု ဆန္ဒ ဝိစိကိစ္ဆာကြဉ်သော စေတသိက်
ပညာသ သာမိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အဓိပတိပစ္စယေန ဟူသောကရိုဏ်းပါဌ်ဖြင့်တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤကိုးပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

တနည်းကား (၁) သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဆန္ဒာဓိပတိဖြစ်အံ့ အဓိပတိ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆို အပ်သော သတ္တိဝိသေသ။

(၂) သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဆန္ဒာဓိပတိဖြစ်အံ့ အညမညသမ္ပယုတ္တထည့်၍ ခုနစ်ပစ္စယ။လ။သ။

(၃) သာဓိပတိစိတ္တဇရုပ်အားတပ်သော ဆန္ဒာဓိပတိဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ခြောက်ပစ္စယ။ တွင်။ လ။သ။ ။အဝိပါကသုံး ချက်။

(၁) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဗိုလ်လေးခု၌ရှိသော ဆန္ဒာဓိပတိဖြစ်အံ့ အဓိပတိ သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် အဓိပတိ။လ။သ။

(၂) သမ္ပယုတ္တခန္ဓာအားသာတပ်သော ဗိုလ်လေးခု၌ရှိသော ဆန္ဒာဓိပတိဖြစ်အံ့ အညမည သမ္ပယုတ္တထည့်၍ ရှစ်ပစ္စယ။လ။သ။

(၃) သာဓိပတိစိတ္တဇရုပ်အား တပ်သော ဗိုလ်လေးခု၌ရှိ သော ဆန္ဒာဓိပတိဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ဤခုနစ်ပစ္စ။လ။သဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ။သဝိပါကသုံးချက်။ ပေါင်း ခြောက်ချက်။

စိတ္တာဓိပတိ ဟူသော ကတ္တားပါဌ်ဖြင့် သာဓိပတိဇောငါးဆဲ့ နှစ်ခုဟု ဆိုအပ်သော စိတ္တာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။ စိတ္တသမ္ပ။ လ။ နံဟူသောသမ္ပဒါန်ပါဌ်ဖြင့် ဝိစိကိစ္ဆာကြဉ်သော

စေတသိက်ကေပညာသ သာဓိပတိစိတ္တဇရုပ် ပဉ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။အဓိပတိပစ္စယေနဟူသော။ လ။ ဖြင့် တပြိုင်နက် ယထာရဟတင်ကောင်းသော အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့တပစ္စယသတ္တိတို့တွင်။လ။ သဖြင့်ကျေးဇူးပြုဟန် ကို ပြတော်မူ၏။

တနည်းကား (၁) သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော စိတ္တာဓိပတိ ဖြစ်အံ့ အဓိပတိ သဟဇာတ နိဿယ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ။လ။သ။

(၂) သမ္ပယုတ္တခန္ဓာအားသာတပ်သော စိတ္တာဓိပတိဖြစ်အံ့ အညမညသမ္ပယုတ္တထည့်၍ ကိုးပစ္စယ။လ။သ။

(၃) သာဓိပတိစိတ္တဇရုပ်အားတပ်သော စိတ္တာဓိပတိဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ရှစ်ပစ္စယ။လ။သ။ ။အဝိပါကသုံးချက်။

(၁) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဗိုလ်ခလေးခုဟုဆိုအပ်သော စိတ္တာဓိပတိဖြစ်အံ့ အဓိပတိ သဟ ဇာတ နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤ ရှစ်ပစ္စယ။လ။သ။

(၂) သမ္ပယုတ္တခန္ဓာအားသာတပ်သော ဗိုလ်စိတ်လေးခုဟု ဆိုအပ်သော စိတ္တာဓိပတိဖြစ်အံ့ အညမည သမ္ပယုတ္တထည့်၍ ဆယ်ပစ္စယ။လ။သ။

(၃) သာဓိပတိစိတ္တဇရုပ်အား တပ်သော ဗိုလ်လေးခုဟုဆို အပ်သော စိတ္တာဓိပတိဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ကိုးပစ္စယ။လ။သ။ ဖြင့် ကျေးဇူးပြု။လ။၏။ ။သဝိပါကသုံးချက်။ ပေါင်းခြောက် ချက်။

ဝီရိယာဓိပတိဟူသော ကတ္တားပါဠ်ဖြင့် ဝီရိယာဓိပတိပစ္စည်း တရားကို ပြတော်မူ၏။ ။ဝီရိယသမ္ပယုတ္တကာနံ။ လ။ နံဟူသော သမ္ပဒါန်ပါဠ်ဖြင့် သာဓိပတိဇော ငါးဆဲ့နှစ်ခု ဝီရိယ ဝိစိကိစ္ဆာ ကြဉ်သော စေဘသိက်ငါးဆယ် သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်။

လ။ ။အဓိပတိပစ္စယေန ဟူသော။လ။ဖြင့်တပြိုင်နက် ယထာရဟ တစ်ကောင်းသော အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယမဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့တပစ္စယ။လ။သဖြင့်ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

တနည်းကား သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတစ်သော ဝီရိယာဓိပတိဖြစ်အံ့ အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ။လ။သ။ ။အဝိပါကသုံးချက်။ သဝိပါကသုံးချက်။ပစ္စည်းပြိုင်ကအတိုင်း ခြောက်ချက်ဆိုလေ။

ဝီမံသာဓိပတိဟူသော ကစ္ဆားပါဠိဖြင့် ဝီမံသာဓိပတိပစ္စည်း တရားကို ပြတော်မူ၏။ ။ဝီမံသသမ္ပယုတ္တကာနံ ခန္ဓာနံ။ လ။ နံဟူသောပါဠိဖြင့် သာဓိပတိတိဟိတ်ဇော သုံးဆဲ့လေးခု ဝီမံသကြဉ်သော စေတသိက်သတ္တတိံသ သာဓိပတိစိတ္တဇရုပ် ပစ္စုပ္ပန်တရားကို ပြတော်မူ၏။ ။အဓိပတိ။လ။ ကရိုက်းပါဠိဖြင့် တပြိုင်နက် ယထာရဟတစ်ကောင်းသော အဓိပတိ ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့နှစ်ပစ္စယ။လ။သ။ ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ။တနည်းကား သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတစ်သော ဝီမံသာဓိပတိဖြစ်အံ့ အဓိပတိ ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယ၊လ။သ။ ။အဝိပါကသုံးချက်။ ။သဝိပါက ခြောက်ချက်။ ပေါင်းကိုးချက်။ ပစ္စည်းပြိုင်ကအတိုင်း လေ့လာ၍ဆိုလေ။

ယံယံဓမ္မံ ဟူသောပါဠိဖြင့် အနိယမအားဖြင့် အလေးအမြတ်ပြုအပ်သောရုပ္ပဖြစ်သောနိပ္ဖန္နရုပ်အဋ္ဌာရသ ဒေါသမူဒွေး မောဟမူဒွေးဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သောအလေးအမြတ်ပြုအပ်သောစိတ်ရှစ်ဆဲ့လေးခု ဒေါသ ဣဿာ မစ္ဆရိယကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏။

ယေယေဓမ္မာဟူသောပါဠိဖြင့်အနိယမအားဖြင့် အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခု မဟာကုသိုလ်ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု လောကုတ္တရာ စိတ်ရှစ်ခု ဒေါသ ဋ္ဌာသာ မန္တရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာ ကြဉ်သော စေတသိက် လေးဆဲ့ငါးခု ပစ္စယုပ္ပန်တရားကိုပြတော်မူ၏၊ ဧဝိဇ္ဇစေတသိကာ ဓမ္မာ ဟူသောပါဠိဖြင့် အလေးအမြတ်ပြုတတ်သော အာရမ္မဏိက ပစ္စယုပ္ပန်နာမက္ခန္ဓာ သရုပ်ကို ပြတော်မူ၏။

တေတေဓမ္မာ ဟူသော ပါဠိဖြင့် နိယမအားဖြင့် ယံယံဓမ္မံ ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော အလေးအမြတ် ပြုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။

တေသံ တေသံဓမ္မာနံဟူသောသမ္ဗန္ဓပါဠိဖြင့် နိယမအားဖြင့် ယေယေဓမ္မာ ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အဓိပတိပစ္စယောန ဟူသော ကရိဏ်းပါဠိဖြင့် တပိုင်နက် ယထာရဟတင်ကောင်းသော အဓိပတိ အာရမ္မဏ နိဿယ ဥပ နိဿယပုရေဇာတဝိပ္ပယုတ္တ အတ္ထိအဝိဂတ ၌ရှစ်ပစ္စယ၊ပ၊သ၊၏။

တနည်းကား (၁) အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်း ဖြစ်အံ့ အဓိပတိ အာရမ္မဏ ဥပနိဿယ ၌သုံးပစ္စယ သတ္တိတို့တွင် ၊လ၊သ၊

(၂) အလေးအမြတ်ပြုတတ်သော လောဘမူ ရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ရုပ်ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတပစ္စည်းဖြစ်အံ့ ပုရေဇာတ အတ္ထိ အဝိဂတထည့်၍ ခြောက်ပစ္စယ၊လ၊သ။

(၃) အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္န ဇောငါးချက်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ် ပြုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ

အညီ အဓိဂတထည့်၍ ရှစ်ပစ္စယတွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကိုပြတော်မူ၏။

အမှာ ဟေတုဟေတု သမ္ပယုတ္တကာနံဟု ဟောတော်မူသကဲ့သို့ အဓိပတိ အဓိပတိ သမ္ပယုတ္တ ကာနံဟု ဟောတော်မမူဘဲ ဆန္ဒာဓိပတိအစရှိသည်ဖြင့် အသီးအသီး ဟောတော်မူခြင်းသည်ကား အဓိပတိတရား လေးပါးတို့သည် တပြိုင်နက် ပစ္စည်းမတစ်ကုန် အသီးအသီး တစ်၏ဟု ပြတော်မူလို၍ ဟောတော်မူသည်။ ထိုကြောင့် အဋ္ဌကထာ၌ ကသ္မာ ပန ယထာ ဟေတုပစ္စယနိဒ္ဒေသေဟေတုဟေတုသမ္ပယုတ္တကာနန္တိဝုတ္တံ၊ဧဝမိဓ အဓိပတိ အဓိပတိ သမ္ပယုတ္တကာနန္တိ အဝတွာ ဆန္ဒာဓိပတိ ဆန္ဒ သမ္ပယုတ္တကာနန္တိ အာဒိနာနယေန ဒေသနာ ကတာတိ၊ ဧကက္ခဏေ အဘာဝတော အစရှိသည်ကိုမိန့်အပ်ပြီ။ ။အဓိပတိပြီး၏။

၄။ အဓိပတိ ပစ္စည်း၏ ပစ္စယ နိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရ ပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ စစ်ခြိ ။စက္ခုဝိညာဏဓာတု၊ စက္ခု ဝိညာဏဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာစ၊ သမ္ဗစ္ဆိသာဓာရဏစေတသိက် ခုနစ်ခုတို့သည် လည်းကောင်း။ မနောဓာတုယာစ၊ သမ္ပဋိစ္ဆိုင်းဒွေးဟု ဆိုအပ်သော မနောဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် တဆယ်တို့အား လည်းကောင်း။ အနန္တရ၊လ၊သည်။ ဟောတိ၊၏။

မနောဓာတုစ၊ သမ္ပဋိစ္ဆိုင်းဒွေးဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ဓမ္မာစ၊ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်း စေတသိက် တဆယ်တို့သည် လည်းကောင်း။ မနောဝိညာဏ ဓာတုယာစ၊ သန္တီရဏသုံးခုဟုဆိုအပ်သော မနောဝိညာဏဓာတ်အား

လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော။ ခန္ဓာနဉ္စ၊ ဆန္ဒ ဝီရိယကြဉ်သော အညသမာန်း စေတသိက် တဆဲ့တခုတို့အားလည်းကောင်း။ အနန္တရ၊လ။သည်။ ဟောတိ၊ဖြစ်၏။

ပုရိမာပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ၊ ကုသိုလ် ဖြစ်ကုန်သော။ခန္ဓာ၊အဆုံးဇောကြဉ်သော လောကီကုသိုလ် သတ္တရသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ၊ကုန်သော။ ခန္ဓာနံ၊ပဌမဇော ကြဉ်သော ကုသိုလ်ကောဝီသနာမက္ခန္ဓာတို့အား။ အနန္တရ၊လ၊သည်၊ ဟောတိ၊ ဖြစ်၏။ ပုရိမာပုရိမာ၊ ကုန်သော။ ကုသလာ၊ ကုသိုလ် ဖြစ်ကုန် သော။ ခန္ဓာ၊လောကီကုသိုလ် သတ္တရသ အဆုံးဇော မဂ်လေးခု နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊သော။ အဗျာကတာနံ၊ ကုန်သော။ ခန္ဓာနံ၊ သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ် ဝိပါက်ကိုးခု ဖိုလ်ခလေးခု နာမက္ခန္ဓာတို့အား။ အနန္တရပစ္စယေန။ လ။၏။ ပုရိမာပုရိမာ၊သော။ အကုသလာ၊ကုန်သော။ ခန္ဓာ၊အဆုံး ဇောကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ကုန်သော။ အကုသလာနံ၊ကုန်သော။ ခန္ဓာနံ၊ပဌမဇော ကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့အား။ အနန္တရ၊လ၊၏။

ပုရိမာပုရိမာ၊ကုန်သော။ အကုသလာ၊ အကုသိုလ် ဖြစ်ကုန် သော။ ခန္ဓာ၊အကုသိုလ်ဒွါဒသ အဆုံးဇော နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ကုန်သော။ အဗျာကတာနံ၊ ကုန်သော။ ခန္ဓာနံ၊ သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ် ဝိပါက်ကိုးခု နာ မက္ခန္ဓာတို့အား။ အနန္တရပစ္စယေန၊ဖြင့်။ပစ္စယော၊သည်။ ဟောတိ၊ ၏။ ။ပုရိမာပုရိမာ၊ကုန်သော။ အဗျာကတာ၊ ကုန်သော။ ခန္ဓာ၊ ရဟန္တာတို့စုတိကြဉ်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာ တို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊နောက်နောက်၌ဖြစ်ကုန်သော။ အဗျာ ကတာနံ၊ကုန်သော။ ခန္ဓာနံ၊ရဟန္တာတို့ စုတိစိတ်နှင့်တကွ ဝိပါက်

ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာတို့အား။ အနန္တရပစ္စယေန၊ဖြင့်။ ပစ္စယော၊သည်။ ဟောတိ ၏။ ပုရိမာပုရိမာ၊ ကုန်သော။ အဗျာကတာ၊ကုန်သော။ ခန္ဓာ၊ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ ကုသလာနံ၊ဖြစ်ကုန်သော။ ခန္ဓာနံ၊မဟဂ္ဂတကုသိုလ် ပဌမဇော နာမက္ခန္ဓာတို့အား။ အနန္တရ ။လ။၏။

ပုရိမာပုရိမာ၊ကုန်သော။ အဗျာကတာ၊ ကုန်သော။ ခန္ဓာ၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့သည်။ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အကုသလာနံ၊ကုန်သော။ ခန္ဓာနံ၊ အကုသိုလ်ဒွါဒသ ပဌမဇော နာမက္ခန္ဓာတို့အား။ အနန္တရ၊လ။၏။

ယေသံယေသံ၊ အကြင်အကြင်သို့သဘောရှိကုန်သော။ ခန္ဓာနံ၊ ရဟန္တာတို့ စုတိ ကြဉ်သော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏။ အနန္တရာ၊အခြားမဲ့၌၊ ယေယေခန္ဓာ၊ အကြင်အကြင်သို့ သဘော ရှိကုန်သော ရဟန္တာတို့ စုတိနှင့် တကွ နောက်နောက်သော နာမက္ခန္ဓာ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ စိတ္တစေတသိကာ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ခန္ဓာ၊ နာမက္ခန္ဓာ တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊၏၊ ။တေတေခန္ဓာ၊ ထိုထိုသို့ သဘော ရှိကုန်သော ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာတို့သည်။ တေသံတေသံခန္ဓာနံ၊ ထိုထိုသို့ သဘောရှိကုန်သော ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာတို့အား။ အနန္တရ ။လ။၏။

အနန္တရပစ္စယော ဟူသောပါဌ်ဖြင့် နိဒ္ဒိသိ။လ။၏။ စက္ခုဝိညာဏ၊ လ။ယော ဟူသောပါဌ်ဖြင့် နိဒ္ဒေသနာကာရ၊လ။၏။ ထိုနိဒ္ဒေသနာကာရပါဌ်တို့တွင် စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစ ခန္ဓာ ဟူသော ကတ္တားပါဌ်ဖြင့် စက္ခုဝိညာဏ်ဒွေး သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခု ပစ္စည်းတရားကို ပြတော်မူ၏။ ။မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့်

သမ္ပဋိစ္ဆိုင်းဒွေးဟု ဆိုအပ်သော မနောဓာတ် ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက်တဆယ် ပစ္စယုပ္ပန်၊၏။ ။ အနန္တရပစ္စယေန ဟူသော ကရိုက်းပါဠ်ဖြင့် တပြိုင်နက် တပ် ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါး ပစ္စယ၊လ။ သဖြင့်။၏။

မနောဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ ဟူသောကတ္တားပါဠ်ဖြင့် သမ္ပဋိစ္ဆိုင်းဒွေး ဟုဆိုအပ်သော မနောဓာတ် ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက်တဆယ် ပစ္စည်း။လ။၏။ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဠ်ဖြင့် သန္တီရဏသုံးခု ဟုဆိုအပ်သော မနောဝိညာဏ ဓာတ် ဆန္ဒ ဝီရိယကြဉ်သော အညသမာန်း စေတသိက် တဆဲ့ တခု၊ ပစ္စယ၊လ။၏။ အနန္တရ၊လ။ဖြင့် တပြိုင်နက် တပ်ကောင်း သော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယ။ လ။သ။၏။ သောတဝိညာဏဓာတ် စသည်တူ၏။

ပုရိမာပုရိမာ ကုသလာဓမ္မာ ဟူသောပါဠ်ဖြင့် အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီ ကုသိုလ် သတ္တရသ ပစ္စည်း တရားကို ပြတော်မူ၏။ ၊ပစ္ဆိမာနံ။လ။ နံဟူသော သမ္ပဒါန်ပါဠ် ဖြင့် ပဌမဇောကြဉ်သော နောက်နောက်သော ကုသိုလ် ဇောဝီသ ပစ္စည်း။၏။

တနည်းကား ပုရိမာ ပုရိမာ ကုသလာဓမ္မာ။လ၊ ဖြင့်၊ မဟာ ကုသိုလ် ဒုတိယဇောအားတပ်သော ပဌမဇော။လ၊ သတ္တမဇော အားတပ်သော ဆဋ္ဌဇော မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟ ဂုတ်လေးခု မဂ်သောမနဿသဟဂုတ် တဆဲ့ခြောက်ခု အားတပ် သော ဂေါတြဘူ ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ်ပဌမဒွေး မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ငါးခု မဂ်ဥပေက္ခာသဟဂုတ် လေးခုအားတပ်သော ဂေါတြဘူဝေါဒါန် ကိစ္စတပ်သော မဟာ ကုသိုလ်တတိယဒွေး သမာပဇ္ဇန် ဝီထိ၌ နောက်နောက်သော

မဟဂ္ဂုတ်ကုသိုလ်အားတပ်သောရှေးရှေးသော ဇောတို့ မဟဂ္ဂုတ်ကုသိုလ် ပစ္စည်းတရားကိုပြတော်မူ၏။ ။ပစ္ဆိမာနံ။လ။ ဟူသော သမ္ဗဒါနံပါဌ်ဖြင့် မဟာကုသိုလ် ဒုတိယာဒိဇော မဟဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခုပစ္စယုပ္ပန်။၏။ အနက်အတိုင်းသော်လည်းဆို။ ။အနန္တရပစ္စယေန။ လ။ ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် တပ်သော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝနနတ္ထိဝိဂတ ဤခြောက်ပစ္စယ။လ။ ၏။

ပုရိမာ။လ။ ကုသလာဓမ္မာဟူသော ကဏ္ဍားပါဌ်ဖြင့် လောကီကုသိုလ် သတ္တရသ အဆုံးဇောမဂ်လေးခု ပစ္စည်းတရားကိုပြတော်မူ၏။ ။ပစ္ဆိမာနံ ။လ။ဖြင့်။ သန္တိရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ဖိုလ်လေးခု ပစ္စယုပ္ပန် တရားကိုပြတော်မူ၏။

တနည်းကား မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ တဒါရုံကောဒသ မကျသည်ဖြစ်အံ့ ဘဝင်ကျေနပ်သအား တပ်သောမဟာကုသိုလ်အဆုံးဇော အောက်ဖိုလ်သောမနဿ သဟဂုတ် တဆွဲနှစ်ခုအား တပ်သော အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဗွေး အောက်ဖိုလ် ဥပေက္ခာသဟဂုတ် သုံးခုအား တပ်သော အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် တတိယဗွေး ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု အားတပ်သော ရူပါဝစရကုသိုလ်အဆုံးဇော ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စာယတန ဘဝင်အားတပ်သော အာကာသာနဉ္စာယတနကုသိုလ်အဆုံးဇော။လ။တိဟိတ်ဘဝင်တရသ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်အားတပ်သော နေဝသညာ နာသညာယတနကုသိုလ် အဆုံးဇော။ သောတာပတ္တိဖိုလ်အားတပ်သော သောတာပတ္တိမဂ်။ လ။ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ် ပစ္စည်းတရားတို့ ပြတော်မူ၏။ ။ပစ္ဆိမာနံ။ လ။ ဖြင့် သန္တိရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက် ကိုးခု ဖိုလ်လေးခုပစ္စယုပ္ပန်တရားတို့ ပြတော်မူ၏။ ။အနန္တရပစ္စယ။လ။

ဖြင့် တပြိုင်နက် တပ်ကောင်းသောအနန္တရသမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယ။လ။သ။ မဂ္ဂါနန္တရ ဖိုလ်လေးခုအားတပ်သော မဂ်စေတနာဖြစ်အံ့ ကမ္မထည့်၍ ခြောက်ပစ္စယ။ လ။သ။ ဖြင့်။၏။

ပုရိမာပုရိမာ အကုသလာဓမ္မာ ဟူသောပါဠ်ဖြင့် အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသ ပစ္စည်းတရားကို ပြတော်မူ၏။ ။ပစ္ဆိမာနံ ပစ္ဆိမာနံ။လ။ ဟူသောပါဠ်ဖြင့် ပဌမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရား၏။

တနည်းကား ပုရိမာ။လ။ ဖြင့် ဒုတိယဇောအား တပ်သော ပဌမဇော။လ။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော ပစ္စည်းတရားကိုပြတော်မူ၏။ သမ္ပဒါန်ဖြင့် အကုသိုလ်ဒွါဒသ ဒုတိယာဒိဇောပစ္စယုပ္ပန်။၏။ ။အနန္တရပစ္စယေန ဟူသော။သ။ဖြင့် တပြိုင်နက် တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယ။လ။ သဖြင့် ကျေးဇူး ပြုဟန်ကို ပြတော်မူ၏။

ပုရိမာပုရိမာ အကုသလာဓမ္မာဟူသော။ဖြင့်အကုသိုလ်ဒွါဒသ အဆုံးဇောပစ္စည်းတရားကိုပြတော်မူ၏။ ။ပစ္ဆိမာနံပစ္ဆိမာနံအဗျာကတာနံ ဖြင့် သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ပစ္စယုပ္ပန်။၏။

တနည်းကား ပုရိမာပုရိမာ အကုသလာဓမ္မာဟူသောကတ္တားပါဠ်ဖြင့် လောဘမူ မောဟမူဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ တဒါရုံကောဒသမကျသည်ဖြစ်အံ့ ဘဝင်ကျေနုဝီသအားတပ်သော လောဘမူ မောဟမူအဆုံးဇော ဒေါသမူနောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာတဒါရုံခြောက်ခု မကျသည်ဖြစ်အံ့ ကာမဥပေက္ခာဘဝင်ခြောက်ခုအားတပ်သောဒေါသမူအဆုံးဇောပစ္စည်း။လ။၏။ ပစ္ဆိမာနံ။လ။ဖြင့် သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ပစ္စယုပ္ပန်။၏။ အနန္တရ ပစ္စယေန။ဖြင့် တပြိုင်နက်

တစ်ကြောင်းသော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယ၊လ၊ သဖြင့်။ဟန်ကိုပြတော်မူ၏။

ပုရိမာ ပုရိမာ အဗျာကတာခန္ဓာ ဟူသော ကတ္တားပါဌ်ဖြင့် ရဟန္တာတို့စုတိကြည်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသ ကြိယာဝီသ ပစ္စည်းတရားကို ပြတော်မူ၏။ ။ပစ္ဆိမာနံပစ္ဆိမာနံ၊ယ၊ဖြင့် ရဟန္တာတို့စုတိစိတ်နှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာ ပစ္စယုပ္ပန်၏။

တနည်းကား ကတ္တားပါဌ်ဖြင့်ပဌမဘဝင် နာမက္ခန္ဓာအားတစ်သောပဋိသန္ဓေနာမက္ခန္ဓာ ဒုတိယအစရှိသောနောက်နောက်ဘဝင် နာမက္ခန္ဓာအားတစ်သော ပဌမအစရှိသော ရှေးရှေးသောဘဝင် နာမက္ခန္ဓာ အာဝဇ္ဇန်းဒွေးအားတစ်သော ပဉ္စဝေါကာရ ဘဝင်ပစ္ဆေဒ တဆဲ့ငါးခု မနောဒွါရာဝဇ္ဇန်းအား တစ်သော အရူပဘဝင်ပစ္ဆေဒလေးခု ပဉ္စဝိညာဏ်အားတစ်သော ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးအားတစ်သော ပဉ္စဝိညာဏ်၊ သန္တီရဏအားတစ်သော သမ္ပဋိစ္ဆိုင်း၊ ဝုဋ္ဌောအားတစ်သော သန္တီရဏ၊ ပရိတ္တာရုံဝီထိဖြစ်အံ့ ဒုတိယဝုဋ္ဌောအားတစ်သော ပဌမဝုဋ္ဌော ပဉ္စဝေါကာရဘဝင်တဆဲ့ငါးခုအားတစ်သော ဒုတိယဝုဋ္ဌော၊ အတိမဟန္တာရုံ မဟန္တာရုံ ဝိဘူတာရုံ အဝိဘူတာရုံဝီထိဖြစ်အံ့ ဟသိတုပ္ပါဒ် မဟာကြိယာပဌမဇောအားတစ်သောဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း။ ဒုတိယဇောအားတစ်သော ပဌမဇော၊လ၊ သတ္တမဇောအားတစ်သော ဆဋ္ဌဇော၊ ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿတဒါရုံငါးခု မကျသည်ဖြစ်အံ့ ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု အားတစ်သော ဟသိတုပ္ပါဒ် အဆုံးဇော၊ မဟာကြိယာသောမနဿသဟဂုတ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿတဒါရုံငါးခု မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသအားတစ်သော မဟာကြိယာ သောမနဿသဟဂုတ်အဆုံးဇော။မဟာကြိယာ ဥပေက္ခာသဟဂုတ် ဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ ဥပေက္ခာတဒါရုံခြောက်ခု မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရ

သအားတပ်သော မဟာကြိယာဥပေက္ခာသဟဂုတ် အဆုံးဇော၏
ဒုတိယတဒါရုံအားတပ်သော ပဌမတဒါရုံ၏။ ကာမဘဝင်တဆယ်
အားတပ်သော ဒုတိယတဒါရုံ၏။ မဟဂ္ဂုတ်ကြိယာ သောမနဿ
သဟဂုတ်လေးခု အရဟတ္တဖိုလ်သောမနဿသဟဂုတ်လေးခုအား
တပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သောမဟာကြိယာပဌမဒွေး
မဟဂ္ဂုတ်ကြိယာဥပေက္ခာသဟဂုတ်ငါးခု အရဟတ္တဖိုလ် ဥပေက္ခာ
သဟဂုတ်အားတပ်သော ဂေါတြဘူ အနုလုံ ကိစ္စတပ်သော မဟာ
ကြိယာ တတိယဒွေး၏။ သမာပဇ္ဇန ဝီထိ၌ နောက်နောက်သော
မဟဂ္ဂုတ်ကြိယာအားတပ်သော ရှေးရှေးသော ဇောတည်း မဟဂ္ဂုတ်
ကြိယာ ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုအားတပ်သော ရူပါ
ဝစရကြိယာအဆုံးဇော၏။ ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု အာ
ကာသာနဉ္စာယတနဘဝင်အားတပ်သော အာကာသာနဉ္စာယတ
နကြိယာ အဆုံးဇော၏။ ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု အာကာ
သာနဉ္စာယတန ဝိညာဏဉ္စာယတန ဘဝင်အားတပ်သော ဝိညာ
ဏဉ္စာယတနကြိယာ အဆုံးဇော၏။ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုး
ခု အာကာသာနဉ္စာ ယတန ဝိညာဏဉ္စာယတန အာကိဉ္စညာ
ယတနဘဝင်အားတပ်သော အာကိဉ္စညာယတန ကြိယာအဆုံး
ဇော၏။ တိဟိတ်ဘဝင်တေရသ နိရောဓသမာပတ်မှ ထသောအခါ
အရဟတ္တဖိုလ် အားတပ်သော နေဝသညာ နာသညာယတန
ကြိယာအဆုံးဇော၏။ နောက်နောက်သော ဖိုလ်လေးခု အားတပ်
သော ရှေးရှေးသော ဇောတည်းဖိုလ်လေးခု၏။ တိဟိတ်ဘဝင်တေရသ
အားတပ်သော ဖိုလ်လေးခုအဆုံးဇော၏။မရဏာသန္နတဒါရုံနောက်
စုတိကျသည်ဖြစ်အံ့ ကာမစုတိ တဆယ်အားတပ်သော ဒုတိယ
တဒါရုံ ဇောနောင် စုတိကျသည်ဖြစ်အံ့ တိဟိတ်စုတိ တေရသ
အားတပ်သော မဟာကြိယာပဉ္စမဇော၏။ ဘဝင်နောင်စုတိဖြစ်အံ့
စုတိကျေနဝီသအားတပ်သော ဘဝင်ကျေနဝီသ။ ကာမပဋိသန္ဓေ
တဆယ်အားတပ်သော ဒွိဟိတ်အဟိတ်စုတိ။ ပဋိသန္ဓေကျေနဝီသ
အားတပ်သော ကာမတိဟိတ်စုတိလေးခု။သဟိတ်ပဋိသန္ဓေသတ္တ

ရသအားတစ်သော ရူပါဝစရစုတိငါးခု။ ကာမတိဟိတ်ပဋိသန္ဓေလေးခု အရူပပဋိသန္ဓေ လေးခုအားတစ်သော အာကာသာနဉ္စာယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေလေးခု ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာနာသညာယတန ပဋိသန္ဓေအားတစ်သောဝိညာဏဉ္စာယတနစုတိ။ ကာမတိဟိတ်ပဋိသန္ဓေလေးခု အာကိဉ္စညာယတန နေဝသညာ နာသညာယတန ပဋိသန္ဓေအားတစ်သော အာကိဉ္စညာ ယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေလေးခု နေဝသညာ နာသညာယတန ပဋိသန္ဓေအားတစ်သော နေဝသညာနာသညာယတနစုတိ ပစ္စည်းတရားကို ပြတော်မူ၏။

ပစ္ဆိမာနံ။လ။ဖြင့် ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသနာမက္ခန္ဓာ ဝစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရ။လ။ဖြင့် နောက်နောက်သော ဝိပါက်ကြိယာအားတစ်သော ရဟန္တာတို့ စုတိကြည်သော ရှေးရှေးသော ဝိပါက်ကြိယာဖြစ်အံ့ တပြိုင်နက် တစ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယသတ္တိ။လ။သ။ ။နောက်နောက်သော ကြိယာဇောအဋ္ဌာရသအား တစ်သော အဆုံးဇော ကြည်သော ရှေးရှေးသောကြိယာဇော အဋ္ဌာရသဖြစ်အံ့ အာသေဝနထည့်၍ ခြောက်ပစ္စယ။လ။ သဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပုရိမာပုရိမာ အဗျာကတာဓမ္မာ ဟူသော ကဏ္ဍားပါဠ်ဖြင့် ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရားကို ပြတော်မူ၏။ ။ပစ္ဆိမာနံ။လ။ နံဟူသော သမ္ဗန္ဓပါဠ်ဖြင့် မဟာကုသိုလ်ပဉ္စမဇော ပစ္စယုပ္ပန်။လ။၏။ ။အနန္တရပစ္စယေန ဟူသောကရိုက်းပါဠ်ဖြင့် တပြိုင်နက် တစ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယ။လ။ သဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ပုရိမာပုရိမာ အဗျာကတာ။လ။ဖြင့် ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရားကို ပြတော်မူ၏။ ။ပစ္ဆိမာနံ။ လ။ဖြင့် အကုသိုလ် ဒွါဒသ ပဥ္စမဇော ပစ္စယုပ္ပန်။လ။၏။ ။အနန္တရပစ္စယေန။လ။ ပါဠိဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယ။လ။၏။

ယေသံယေသံဓမ္မာနံ ဟူသော ပါဠိဖြင့် အနိယမအားဖြင့် ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသောစိတ်တခုယုတ် ကိုးဆယ် စေတသိက်ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ ။ယေယေဓမ္မာ ဟူသောပါဠိဖြင့် အနိယမအားဖြင့် ရဟန္တာတို့စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။စိတ္တစေတသိကာ ဓမ္မာ ဟူသောပါဠိဖြင့် အနန္တရပစ္စယုပ္ပန်နာမက္ခန္ဓာ သရုပ်ကို ပြတော်မူ၏။ ။တေတေဓမ္မာ ဟူသောပါဠိဖြင့် နိယမအားဖြင့် ယေသံယေသံဓမ္မာနံ ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ ။တေသံတေသံ ဓမ္မာနံ ဟူသောပါဠိဖြင့် နိယမအားဖြင့် ယေယေဓမ္မာ ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။အနန္တရပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့်တပြိုင်နက် ယထာရဟတပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန ကမ္မ နတ္ထိ ဝိဂတ ဤခုနှစ် ပစ္စယ၊လ၊သဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

တနည်းကား (၁) အနန္တရ။လ။ဖြင့် ရဟန္တာတို့စုတိစိတ်နှင့် တကွ နောက်နောက်သော နာမက္ခန္ဓာအားတပ်သော ရဟန္တာတို့စုတိ ကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာဖြစ်အံ့ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယ၊လ၊သ၊

(၂) ပဌမဇော ဒုတိယဇော ကြဉ်သော နောက်နောက်သော ဇောကောပညာသအားတပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသဖြစ်အံ့ အာသေဝနထည့်၍ ခြောက်ပစ္စယ၊လ၊သ။

(၃) မဂ္ဂါနန္တရဖိုလ်အားတပ်သော မဂ်စေတနာဖြစ်အံ့ ကမ္မထည့်၍ ခြောက်ပစ္စယ၊လ၊ သ၊ ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အမှာ — စက္ခုဝိညာဏဓာတုတံသမ္ပယုတ္တကာစမ္မာ အစရှိသောပါဠ်ဖြင့် စက္ခုဝိညာဏ်သည် သမ္ပဋိစ္ဆိုင်းအား၊ သမ္ပဋိစ္ဆိုင်းသည် သန္တီရဏအား ကျေးဇူးပြုဟန်ကိုပြတော်မူ၏၊

ထိုမှနောက်၌ သန္တီရဏသည် ဝုဋ္ဌောအား၊ ဝုဋ္ဌောသည် ဇောအား၊ ဇောသည် တဒါရုံအား ဤသို့အစရှိသည်တို့ကို ဆိုအပ်လျက် မဆိုသော်လည်း ဤနောက်က ဆိုပြီးသောနည်းဖြင့် သိအပ်ကုန်၏ဟူ၍ ဒေသနာကို ချုပ်တော်မူ၏။ ၊တနည်းလည်း ပုရိမာပုရိမာ အစရှိသောနည်း၌ သင်္ဂြိုဟ်အပ်၏ဟူ၍ မဟောအပ်၊ ထို့ကြောင့် အဋ္ဌကထာ၌ တတောပရံ ပန ဝေါဋ္ဌဗ္ဗနဇဝန တဒါရမ္မဏ ဘဝင်္ဂကိစ္စာ မနောဝိညာဏ ဓာတုယော ဝတ္တဗ္ဗတာ သိယျုံ၊အဝုတ္တာပိ ဣမိနာဝနယေန ဝေဒိတဗ္ဗာတိ နယံ ဒဿေတွာ ဒေသနာ သံခိတ္တာ၊ ပုရိမာပုရိမာ ကုသလာဓမ္မာတိ အာဒိကေစ ဆင္ဂနယေတာ သင်္ဂဟိတာတိ ဣမ နဝုတ္တာတိ ဝေဒိတဗ္ဗာ ဟုမိန့်အပ်ပြီ၊ ၊ခပ်သိမ်းသော အနန္တရပစ္စည်းတို့၏ သခေ်ပလက္ခဏာကို ပြအံ့သောငှါ ယေသံယေသံဓမ္မာနံ အစရှိသော ပါဠ်ကို မိန့်သတည်း။ ၊ထို့ကြောင့် အဋ္ဌကထာ၌ ယေသံယေသန္တိဣဒံ သဗ္ဗေသမ္ပိ အနန္တရပစ္စယဓမ္မာနံ သခေ်ပလက္ခဏန္တိ ဟုမိန့်အပ်ပြီ၊ ၊သမနန္တရလည်းနည်းတူ၊

၆၊ သမနန္တရပစ္စည်း၏ပစ္စယနိဒ္ဒေသကိုဟောတော်မူသည်၏ အခြားမဲ့၌ စစ်ပြီး ၊စတ္တာရော၊ လေးပါးကုန်သော၊ အရူပိနော၊

နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ တို့သည်။ အညမညံ အညမညဿ၊
အချင်းချင်းအား။ တနည်းကား၊ အညောအညဿ၊ တပါး
သည်တပါးအား။ သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယောဥပကာ
ရကော၊ သည်။ ဟောတိ၊ ဖြစ်၏။ ဝတ္ထုရော၊ ကုန်သော။ မဟာ
ဘူတာ၊ တို့သည်။ အညမညံ အညမညဿ၊ အား။ ပစ္စယော၊
သည်။ ဟောတိ၊၏။ ဩက္ကန္တိက္ခဏေ၊ ပဉ္စဝေါကာရ ပဋိသန္ဓေ
ခဏ၌။နာမရူပံ၊ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုသည်။အညမညံ
အညမညဿ၊ အား။ ပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တ
စေတသိကာ၊ ကုန်သော။ ဓမ္မာ၊ အရူပ ဝိပါက် လေးခု ဒွေပဉ္စ
ဝိညာဏ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော စိတ်ခုနစ်ဆဲ့ငါးခု
စေတသိက် ဒွေပဉ္စာသ နာမက္ခန္ဓာတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊
ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်တို့အား။ အဋ္ဌကထာနည်း။ တနည်း
ကား။ ရူပါနံ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား။ ဆရာနည်း။
သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။
မဟာဘူတာ၊ တို့သည်။ ဥပါဒါရူပါနံ၊တို့အား၊လ၊ရူပီနော၊ရုပ်ဖြစ်
ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုတို့သည်။ အရူပီနံ၊ ကုန်သော။
ဓမ္မာနံ၊ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ ကိဉ္စိကာလေ၊
ပဋိသန္ဓေကာလ၌။ သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။
ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတပစ္စ
ယေန၊ ဖြင့်။ ပစ္စယော၊ သည်။ နဟောတိ၊ ဖြစ်။

ထိုနိဒ္ဒေသနာဝကာရပါဌ်တို့တွင် စတ္တာရောခန္ဓာ အရူပိနော၃
ဟူသောပါဌ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာအားတပ်သော
တပါးတပါးသောနာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာအား
တပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ။ နှစ်ပါးနှစ်ပါးသော
နာမက္ခန္ဓာအားတပ်သော နှစ်ပါးနှစ်ပါးသောနာမက္ခန္ဓာ ပစ္စည်း
တရားကို ပြတော်မူ၏။ ။အညမညံ ဟူသောသဗ္ဗာဒိနိပါဌ်ဖြင့်
သုံးပါးသုံးပါးသော နာမက္ခန္ဓာ တပါးတပါးသော နာမက္ခန္ဓာ
နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။သဟဇာတ

ပစ္စယေန ကမ္မကြ်ားပါဠိဖြင့် အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဖြစ်အံ့ သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယတို့တွင် သဟဇာတသတ္တိ။လ။သ။ ။အချင်းချင်းအားတပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါးဖြစ်အံ့ ဝိပါကထည့်၍ ခုနစ်ပစ္စယ။လ။သ ဖြင့်။၏။

စတ္တာရော မဟာဘူတာဟူသောပါဠိဖြင့် သုံးပါးသုံးပါးသော မဟာဘုတ်အား တပ်သော တပါးတပါးသော မဟာဘုတ်။ တပါးတပါးသော မဟာဘုတ်အားတပ်သော သုံးပါးသုံးပါးသော မဟာဘုတ်။ နှစ်ပါးနှစ်ပါးသော မဟာဘုတ်အားတပ်သော နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စည်းတရားကို ပြတော်မူ၏။ ။အညမညံ ဟူသော သမ္ဗန္ဓပါဠိဖြင့် သုံးပါးသုံးပါးသော မဟာဘုတ်တပါးတပါးသော မဟာဘုတ် နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရားကို ဟောတော်မူ၏။ ။သဟဇာတ။ဖြင့် တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယ။လ။သဖြင့်။၏။

ဩက္ကန္တိက္ခဏေ နာမရူပံ ဟူသောပါဠိဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုပစ္စည်း၏။ ။အညမညံဖြင့် ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်၏။သဟဇာတ။ ဖြင့် တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။လ။သ။ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်အံ့ ဝိပါကထည့်၍ ခုနစ်ပစ္စယ။လ။သဖြင့်။၏။

စိတ္တစေတသိကာဓမ္မာ ဟူသောကတ္တားပါဠိဖြင့် ပဉ္စဝေါကာရ ဘုံ၌ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော စိတ်ခုနစ်ဆယ့်ငါးခု စေတသိက်ဒွေပညာသ ပစ္စည်းတရား။၏။ ။စိတ္တသမုဋ္ဌာနာနံရူပါနံ ဟူသော သမ္ဗန္ဓပါဠိဖြင့်

စိတ္တဇရုပ်ပစ္စယုပ္ပန်။၏။ ။တနည်းကား စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်။၏။ ။သဟဇာတ။ဖြင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ်တဆယ် ရဟန္တာတို့ စုတိ ကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါးဖြစ်အံ့ သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤငါးပစ္စယ။ လ။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ်တဆယ် ရဟန္တာတို့စုတိကြဉ်သော ပဉ္စဝေါကာရ ဝိပါက်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါးဖြစ်အံ့ ဝိပါကထည့်၍ ခြောက်ပစ္စယ။သ။၏။

မဟာဘူတာ ဟူသော ကတ္တားပါဌ်ဖြင့် မဟာဘုတ် လေးပါး ပစ္စည်း။၏။ ။ဥပါဒါရူပါနံ။ဖြင့် ဥပါဒါရုပ် ပစ္စယုပ္ပန်။၏။ ။သဟဇာတ။ဖြင့် တပြိုင်နက် တပ်ကောင်းသော သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤလေးပစ္စယ။၏။

ရူပိနောဓမ္မာ ကတ္တားပါဌ်ဖြင့် ဟဒယဝတ္ထု ပစ္စည်း။ ။အရူပီနံ ဓမ္မာနံ။ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ဟူသောပါဌ်ဖြင့် ပဋိသန္ဓေကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။လ။၏။ ။ကိဉ္စိကာလေ နသဟဇာတ ပစ္စယေန ဟူသော ကရိုဏ်းပါဌ်ဖြင့် ပဝတ္တိ ကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုဟန်ကို ပြတော်မူ၏။ ။စိတ္တစေတသိကာတိ ပဝတ္တိယံ စတ္တာရောခန္ဓာ အဋ္ဌကထာပါဌ်။ ။သဟဇာတပြီး၏။

၇။ သဟဇာတ ပစ္စယ နိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ စစ်မြဲ။ ။စတ္တာရော၊ ကုန်သော။ အရူပိနော၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ အညမညံ အညမညဿ၊အား။ သမ္ပဒါန်ထည့်။ အညမညပစ္စယေန၊ ဖြင့်။ပစ္စယော၊သည်။ ဟောတိ၊ ဖြစ်၏။ စတ္တာရော၊ ကုန်သော။ မဟာဘူတာ၊ သည်။ အညမညံ အညမညဿ၊ အား။ အညမညပစ္စယေန၊ ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ၌။ နာမရူပံ၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ သည်။ အညမညံအညမညဿ၊ အား။ အညမည ပစ္စယေန၊ ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊၏။

စတ္တာရော အရူပိနောပါဠိဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ အား တစ်သော တပါးတပါးသော နာမက္ခန္ဓာ။ တပါးတပါး သော နာမက္ခန္ဓာအားတစ်သော သုံးပါးသုံးပါးသောနာမက္ခန္ဓာ။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအား တစ်သော နှစ်ပါးနှစ်ပါး သော နာမက္ခန္ဓာပစ္စည်းတရားကိုပြတော်မူ၏။ ။အညမညပစ္စယေ န။ဖြင့် သဟဇာတအတိုင်း နှစ်ချက်ဆို။ ။စတ္တာရော မဟာဘူတာ ၌လည်း သဟဇာတအတိုင်းဆို။ ။ဩက္ကန္တိက္ခဏေ၌လည်း သဟ ဇာတအတိုင်း။ ။အညမညပြီး၏။

၈။ အညမညပစ္စည်း၏ပစ္စယ နိဒ္ဒေသကိုဟောတော်မူသည်၏ အခြားမဲ့၌ စဉ်မြဲ။ ။နိဿယပစ္စယနိဒ္ဒေသ၌သဟဇာတနိဿယ သည် သဟဇာတနှင့်တူ၏။ ။ပုရေဇာတနိဿယ၌ စက္ခာယတနံ မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော စက္ခာယတန သည်။ စက္ခုဝိညာဏဓာတုယာ၊ စက္ခုဝိညာဏ ဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ နံ၊သမ္ပယုတ္တသာဓာရဏ စေတသိက်ခုနစ်ခုတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ဖြင့်။ပစ္စယော ဥပကာရကော။လ။ယံရူပံ၊အကြင် ဟဒယဝတ္ထုကို။ နိဿာယ၊မှီ၍။ မနောဓာတု စ၊ မနောဓာတ် သည် လည်းကောင်း။ မနောဝိညာဏဓာတု စ၊ အရူပဝိပါက်လေးခုကြဉ် သော မနောဝိညာဏဓာတ် ခုနစ်ဆဲ့နှစ်ခု သည်လည်းကောင်း။ ဣမေ၊ ဤမနောဓာတ် မနောဝိညာဏဓာတ်တို့သည်။ဥပ္ပဇ္ဇန္တိ၊ကုန် ၏။တံရူပံ၊ ထိုဟဒယဝတ္ထုသည်။ မနောဓာတုယာ၊ အားရင်း။ မနောဝိညာဏဓာတုယာ၊ အားရင်း။နိဿယပစ္စယေန၊ ဖြင့်။ ပစ္စ ယော၊ သည်။ လ။၏။ ။သဟဇာတနိဿယပြီး။

စက္ခာယတနံဟူသော ကဏ္ဍဦး ပါဠိဖြင့် မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုပစ္စည်း တရားကို

ပြတော်မူ၏။ ။စက္ခုဝိညာဏ။လ။နံ။ပါဠ်ဖြင့် စက္ခုဝိညာဏ်ဒွေး သဗ္ဗစိတ္တ သာဓာရဏစေတသိက်ခုနစ်ခု ပစ္စယုပ္ပန်။မူ၏။ ။နိဿယ။ လ။ဖြင့် တပြိုင်နက် တပ်ကောင်းသောနိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။ ၏။ သောတ စသည် တို့၏။

ယံရူပံဟူသော ပါဠ်ဖြင့် အနိယမအားဖြင့် ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။ ။နိဿာယ မနောဓာတု၏။လ။နှင့် ပါဠ်ဖြင့် မနောဓာတ်သုံးခု အရူပဝိပါက် လေးခု ကြဉ်သော မနောဝိညာဏဓာတ် ခုနစ်ဆဲ့နှစ်ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။တံရူပံ။ဖြင့် နိယမအားဖြင့် ယံရူပံ ဟူသော ပါဠ်ဖြင့် မှတ်အပ်ပြီးသော ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကိုပြတော်မူ၏။ ။မနောဓာတုယာစ။လ။နံ ဟူသော ပါဠ်ဖြင့် မနောဓာတ်သုံးခု အရူပဝိပါက် လေးခုကြဉ်သော မနောဝိညာဏဓာတ် ခုနစ်ဆဲ့နှစ်ခု စေတသိက် ဒွေပညာသ ပစ္စယ။လ။ ၏။ ။နိဿယ ပစ္စယေန။ ဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော နိဿယ အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယ။လ။သ။ ဖြင့်။၏။

တနည်းကား၊ (၁) ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု ကြဉ်သော ပဌမဘဝင်အစရှိသော မနောဓာတ် မနောဝိညာဏဓာတ် ခုနစ်ဆဲ့နှစ်ခုအားတပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။နိရောဓသမာပတ်မှ ထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ပုရေဇာတနိဿယ ပစ္စည်းဖြစ်အံ့ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤငါးပစ္စယ။လ။နိဿယ။သ။

(၂) မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံ အား တပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့ အာရမ္မဏထည့်၍ ခြောက်ပစ္စယ။ နိဿယ။သ။

(၃) အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာ သန္နဇော ငါးချက်အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲခုနစ်ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ဖြစ်အံ့ အာရမ္မဏာဓိပတိ ဥပနိဿယထည့်၍ ရှစ်ပစ္စယ။လ။ နိဿယ။ သဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အနုရ ထေရောစ ဒဟရောစ ပိဏ္ဍာယ စရန္တိကုဲ့သို့ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္ထုန္တိ ပုဒ်သည် အင်္ဂါနုဂတဖြစ်၍ မဟုဝုစ် ရှိသည်။ ။ထိုကြောင့် ဆရာတို့လည်း သမ္ဗန္ဓယေ ကတော ဒွိန္နံ၊ ဗဟုနံဝါ ပတိယတော။ စယင်္ဂါနုဂတာ သချာ၊ ဝါကျေ ဒွန္ဒာနုသာရိနာ။ ။သတ္တာစ သာရိပုတ္တောစ၊ မဲ့ ဒေသေတိ ကေဝလံ။ထေရောစ ဒဟရောစေဝ။ ပိဏ္ဍာယစရန္တိတိ၊ ဟု ဆိုကုန်၏။ ။နိဿယပြီး၏။

၉။ နိဿယပစ္စည်း၏။ လ။ ၌ ဥပနိဿယ ပစ္စည်း၏ ပစ္စယ နိဒ္ဒေသကို ဟောတော်မူ၏။စင်မြီ။ ။ပစ္စယုဒ္ဒေသ၌ ယောယာဒိ သော၊ သော။ ပစ္စယော၊ကို။ ဥပ။လ။ ပုရိမာပုရိမာ၊ ကုန်သော။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ အရဟတ္တမဂ် ကြဉ်သော ကုသိုလ် ဝီသ နာမက္ခန္ဓာတို့သည်။ပစ္ဆိမာနံပစ္ဆိမာနံ၊ကုန်သော။ ကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ ကုသိုလ်ကောဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန၊ အာရမ္မဏူ အနန္တရ ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာပုရိမာ၊ ကုန်သော။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ လောကီကုသိုလ် သတ္တရသ နာမက္ခန္ဓာတို့သည်။ပစ္ဆိမာနံ၊ ပစ္ဆိမာနံကုန်သော။ အကုသလာနံ၊

ကုန်သော။ ဓမ္မာနံ၊ အကုသိုလ်ဒွါဒသ နာမက္ခန္ဓာ တို့အား။ ကေသဒ္ဓိံ၊ အချို့သောအကုသိုလ်တို့အား။ တနည်းကား၊ ကေသဒ္ဓိ ဥပနိဿယေန၊အချို့သော အာရမ္မဏူ ပကတူပနိဿယဖြင့်။ပစ္စယော၊သည်။ ဟောတိ၊ ၏။

အမှာ ကေသဒ္ဓိ ပါဠိဖြင့် အနန္တရူပနိဿယကို စင်စေ၏။ ထိုကြောင့် ကုသလေနပန အကုသလေ။သမနန္တရာတီတာ နလဗ္ဘန္တိ။ တေန ဝုတ္တံ အကုသလာနံ ဓမ္မာနံ ကေသဒ္ဓိ ဥပနိဿယပစ္စယေန ပစ္စယောတိ။ အဋ္ဌကထာ၌ မိန့်အပ်ပြီ။

ပုရိမာပုရိမာ၊ ကုန်သော။ ဓမ္မာ၊ ကုသိုလ် ဧကဝီသ နာမက္ခန္ဓာတို့သည်။ပစ္ဆိမာနံပစ္ဆိမာနံ၊ ကုန်သော။အဗျာကတာနံ၊ကုန်သော။ ဓမ္မာနံ၊ ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယ ပစ္စယေန၊အာရမ္မဏူ အနန္တရူ ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊ ၏။

ပုရိမာပုရိမာ၊ ကုန်သော။အကုသလာ၊ဓမ္မာ၊တို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ကုန်သော။အကုသလာနံ၊ကုန်သော။ ဓမ္မာနံ၊ အကုသိုလ်ဒွါဒသနာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန၊အာရမ္မဏူ အနန္တရူ ပကတူပနိဿယဖြင့်။ပစ္စယော၊သည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာပုရိမာ၊ ကုန်သော။ အကုသလာ၊ သော။ ဓမ္မာ၊ အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ ကုန်သော။ ကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ကုသိုလ်ဧကဝီသ နာမက္ခန္ဓာတို့အား။ကေသဒ္ဓိ၊ အချို့သော ကုသိုလ်တို့အား။ ဥပနိဿယပစ္စယေန၊ဖြင့်။ ကေသဒ္ဓိ ဥပနိဿယေန၊ အချို့သော ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ ပုရိမာပုရိမာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ ကုန်သော။ အဗျာကတာနံ၊ ကုန်သော။ဓမ္မာနံ၊ ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာ တို့အား။ ဥပနိဿယပစ္စယေန၊ အနန္တရူပ ပကတူပနိဿယဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

အဖွာ ဤ၌ အနန္တရူပ နိဿယကို ရသောကြောင့် ကေသဒ္ဒိ ဟူ၍ မဆိုအပ်။ ။ထိုကြောင့် အဋ္ဌကထာ၌ ယသ္မာ ပန အနန္တရတာ လဗ္ဘတိ၊ တသ္မာ ဧတ္ထ ကေသဉ္စိတိ နဝုတ္တံ ဟုမိန့်အပ်ပြီ။

ပုရိမာပုရိမာ၊ ကုန်သော။ အဗျာကတာ၊ ကုန်သော။ ဓမ္မာ၊ ဝိပါက်ဆတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသနိဗ္ဗာန်တို့သည်၊ပစ္ဆိမာနံ ပစ္ဆိမာနံ၊ကုန်သော။ အဗျာကတာနံ၊ ကုန်သော။ ဓမ္မာနံ၊ ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယ ပစ္စယေန၊ အာရမ္မဏူပ အနန္တရူပ ပကတူပနိဿယ သတ္တိဖြင့်၊ ပစ္စယော၊ သည်။ ဟောတိ၊၏။ ပုရိမာ ပုရိမာ၊ကုန်သော။ အဗျာကတာ၊ကုန်သော။ ဓမ္မာ၊အရဟတ္တဖိုလ်ကြဉ်သောဝိပါက်ပဉ္စတိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့သည်။

အဖွာ မိမိသန္တာန်၌ ဖြစ်သော တရားကိုရည်၍ အရဟတ္တဖိုလ်ကိုကြဉ်သည်။ထိုကြောင့် ပဋ္ဌာဝါရ၌ သေက္ခာဖလံ ဥပနိဿာယ အစရှိသည်ကို ဟောတော်မူအပ်၏။ သူတပါးသန္တာန်၌ ပစ္စည်းကို ယူသော် ဝိပါက်ဆတ္တိံသပင် သင့်မည်ထင်၏။

ပစ္ဆိမာနံ ပစ္ဆိမာနံ၊ကုန်သော။ ကုသလာနံ၊ကုန်သော။ ဓမ္မာနံ၊ ကုသိုလ်ဧကဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယ ပစ္စယေန၊ အာရမ္မဏူ အနန္တရူ ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊၏။ ပုရိမာ ပုရိမာ၊ကုန်သော။ အဗျာကတာ၊ကုန်သော။ ဓမ္မာ၊ လောကီဝိပါက် မာတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ကုန်သော။ အကုသလာနံ၊ကုန်သော။ ဓမ္မာနံ၊အကုသိုလ်ဒွါဒသ နာမက္ခန္ဓာ တို့အား။ ဥပနိဿယပစ္စယေန၊ အာရမ္မဏူ အနန္တရူ ပကတူပနိဿယဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊၏။

ပုဂ္ဂလောပိ၊ ကလျာဏမိတ္တစသော ပုဂ္ဂိုလ်သည်လည်း၊ ဥပနိဿယ၊လ။၏။ ဥတုပိ၊ လျောက်ပတ်သည်စသော အချမ်း အပူ

ဟူသော ဥတုသည်လည်း။လ။ ဘောဇနံပိ၊ လျောက်ပတ်သည် စသောဘောဇဉ်သည်လည်း။လ။သေနာသနမ္ပိ၊လျောက်ပတ်သည် စသော ကျောင်း အစရှိသော အိပ်ရာ နေရာသည်လည်း။ ဥပနိဿယပစ္စယေန၊ ပကတူပနိဿယ သတ္တိဖြင့်။၏။

**အမှာ** ဥတုဘောဇန သေနာသနကိုကား ပရမတ်။ ပုဂ္ဂလကိုကား ပညတ်ဟု သိအပ်၏။ ပုဂ္ဂလောပိ သေနာသနမ္ပိ၌ ပိသဒ္ဒါဖြင့် သင်္ကန်း တောင် သစ်ပင် တောချုံအစရှိသော ပကတူပ တပ်ကောင်းသမျှကို သင်္ဂြိုဟ်တော်မူ၏။ ။ပုဂ္ဂလ သေနာသနနှစ်ပါးကို အဘယ်ကြောင့် ဟောတော် မူလေသနည်း။ အရည်ပဗ္ဗတ အစရှိသည်တို့ကို ဟောကောင်းပါ၏တကား ဟူမူကား ပုဂ္ဂလသေနာသန ဤနှစ်ပါးသည် ကုသိုလ် အကုသိုလ်တို့၏ ဖြစ်ခြင်း၌ အားကြီးသော အကြောင်း ဖြစ်သောကြောင့် ဦးတည်၍ ဟောတော်မူသည်။ ။ထိုကြောင့် အဋ္ဌကထာ၌ ပုဂ္ဂလောပိ သေနာသနမ္ပိတိ ဣဒံ ဒွယံ ပကတူပနိဿယ ဝသေန ဝုတ္တံ။ ဣဒဉှိ ဒွယံ ကုသလာ ကုသလပ္ပဝတ္တိယာ ဗလဝ ပစ္စယော ဟောတီဟု မိန့်အပ်ပြီ။ ။ဣဒဉှိ၌ ဟိကား ကာရဏတည်း။

အာရမ္မဏူဖြစ်အံ့ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ဟူသော ကဏ္ဍားပါဠိဖြင့် အလေး အမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသ။ အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအားကပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ ပစ္စည်း။၏။ ။ပစ္ဆိမာနံ ပစ္ဆိမာနံ ဟူသော သမ္ပဒါန် ပါဠိဖြင့် မဟာကုသိုလ် ရှစ်ခု။ ပစ္စယ။၏။ ဥပ နိဿယ။လ။ဖြင့်။ ဥပနိဿယ အာရမ္မဏ အဓိပတိဤသုံးပစ္စယ။လ။သ။၏။

အနန္တရူပ နိဿယဖြစ်အံ့ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ဟူသော ပါဠိဖြင့် အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ ပစ္စည်းတရားကို ပြတော်မူ၏။ ။ပစ္ဆိမာနံ

ပစ္ဆိမာနံ ကုသလာနံ။ ဖြင့် မဟာ ကုသိုလ် ဒုတိယာဒိဇော မဟဂ္ဂုတ်ကုသိုလ်ကိုးခု ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။ ဥပနိဿယပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့် ဥပနိဿယ အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယ သတ္တိဖြင့်။၏။

ပကတူပနိဿယဖြစ်အံ့။ပု။လ။ဖြင့် ဗလဝဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ ပစ္စည်းတရား။၏။ ပစ္ဆိမ။လ။ပါဠိဖြင့် နောက်နောက်သော ကုသိုလ်ကေဝီသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။ဥပနိဿယ ပစ္စယေနဟူသော ကရိုဏ်းပါဠိဖြင့် ပကတူပနိဿယ သတ္တိဖြင့်။၏။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ၌ အာရမ္မဏူပ နိဿယဖြစ်အံ့ ကတ္တားပါဠိဖြင့် အလေးအမြတ်ပြုတတ်သော လောဘမူ ရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ ပစ္စည်း။၏။ သမ္ပဒါန်ပါဠိဖြင့် အလေးအမြတ်ပြုတပ်သော လောဘမူရှစ်ခု ပစ္စယုပ္ပန်။၏။ ဥပနိဿယဖြင့် ဥပနိဿယ အာရမ္မဏ အဓိပတိ ဤသုံးပစ္စယ။လ။၏။

ပကတူပနိဿယဖြစ်အံ့ ပုရိမာ ပုရိမာဖြင့် ဗလဝဖြစ်သော လောကီကုသိုလ် သတ္တရသ ပစ္စည်း။၏။ ။ပစ္ဆိမာနံဖြင့်။ နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်။၏။ ။ကရိုဏ်းပါဠိဖြင့် ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ (အဇ္ဈာကတအား တပ်ရာ၌ ပုရိမာ အရဟတ္တမဂ်ပစ္စည်း။ မဟာကြိယာဉာဏသမ္ပယုတ်လေးခု သမ္ပဒါန်ယူ။ကရိုဏ်းသုံးပစ္စည်း။အနန္တရူပ အနန္တရအတိုင်း)။

ပကတူပ၌ ပုရိမာဖြင့် ဗလဝဖြစ်သော ကုသိုလ် ကေဝီသ။ သမ္ပဒါန်ကား ဝိပါက် ဆတ္တိံသ ကြိယာဝီသ။ ကရိုဏ်းပါဠိဖြင့် ယထာရဟဥပနိဿယ အနန္တရသမနန္တရ ကမ္မနတ္ထိ ဝိဂတခြောက်။

အာရမ္မဏူပ။အံ့။ ပုရိမာ ပုရိမာ အကုသလာဓမ္မာ ဟူသော ပါဠိဖြင့် အလေးအမြတ် ပြုတတ်သော လောဘမူ ရှစ်ခုအားတပ်

သော အလေးအမြတ်ပြုအပ်သော လောဘမှု ရှစ်ခုပစ္စည်း။၏။ သမ္ပယုတ္တကပါဠ်ဖြင့် အလေးအမြတ်ပြုတတ်သော လောဘမှု ရှစ်ခု ပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဠ်ဖြင့် ဥပနိဿယ အာရမ္မဏ အဓိပတိ။ လ။သ။၏။

(အနန္တရူပ နိဿယ အနန္တရအတိုင်းဆိုလေ)။

ပကတူပနိဿယဖြစ်အံ့ ပုရိမာ။လ။ဖြင့်။ ဗလဝ ဖြစ်သော အကုသိုလ်ဒွါဒသ ပစ္စည်း။၏။ သမ္ပယုတ္တကပါဠ်ဖြင့် နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဠ်ဖြင့် ပကတူပ နိဿယ။၏။ (အကုသိုလ်ချင်း)။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ဟူသော ကတ္တားပါဠ်ဖြင့် ဗလဝဖြစ်သော အကုသိုလ်ဒွါဒသ ပစ္စည်း။၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ သမ္ပဒါန်ပါဠ်ဖြင့် နောက်နောက်သော ကုသိုလ်ကေဝီသ ပစ္စယုပ္ပန်။၏။ကရိုဏ်းဖြင့် ပကတူပနိဿယသတ္တိဖြင့်။၏။ (အကုသိုလ်သည် ကုသိုလ်အား ပကတူပသာ အာရမ္မဏူ အနန္တရူနှစ်ပါးမရ)။ အနန္တရူပဖြစ်အံ့ ကတ္တားပါဠ်ဖြင့် အနန္တရအတိုင်းဆိုလေ။ ။ပကတူပဖြစ်အံ့ ကတ္တားပါဠ်ဖြင့် ဗလဝဖြစ်သော အကုသိုလ်ဒွါဒသ ပစ္စည်း။ သမ္ပဒါန်ပါဠ်ဖြင့် နောက်နောက်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ ပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဠ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဥပနိဿယ ကမ္မ နှစ်ပစ္စယ။၏။

အာရမ္မဏူပဖြစ်အံ့ ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ဟူသော ကတ္တားပါဠ်ဖြင့် အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏ သမ္ပယုတ်လေးခုအားတပ်သော အရဟတ္တဖိုလ်နိဗ္ဗာန်။ ဖိုလ်လေးခု အားတပ်သော နိဗ္ဗာန် ပစ္စည်းတရား။၏။ အဗျာကတာနံ။ဖြင့်။ အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏ သမ္ပယုတ်လေးခု ဖိုလ်လေးခု ပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဠ်ဖြင့် ဥပနိဿယ အာရမ္မဏ အဓိပတိသုံးပစ္စယ။ ၏။ (အနန္တ ရူပ နိဿယမှာ အနန္တရ အတိုင်းဆိုလေ)။

ပကတူပ နိဿယ၌ ကမ္ဘာ့ပါဠိဖြင့် ဗလဝဖြစ်သော ဝိပါက် ဆတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ ပစ္စည်း၊ သမ္ပဒါန် ပါဠိဖြင့် နောက်နောက်သော ဝိပါက် ဆတ္တိံသ ကြိယာဝီသ ပစ္စယုပ္ပန်း၏၊ ကရိုဏ်းပါဠိဖြင့် ပကတူပ။၏၊

အာရမ္မဏူပ၊အဓိ၊ ပုရိမာ၊လ၊ဖြင့် အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုအားတပ်သော အောက်ဖိုလ် သုံးခု နိဗ္ဗာန်၊မဂ်လေးခုအား တပ်သော နိဗ္ဗာန် ပစ္စည်း။သမ္ပဒါန် ပါဠိဖြင့် အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု မဂ်လေးခု ၏၊တရိုဏ်းပါဠိဖြင့် ဥပနိဿယ အာရမ္မဏ အဓိပတိသုံးပစ္စယ၊လ၊၏၊

အနန္တရူပ၊အဓိ ဂုဏ္ဍော မနောဒွါရာဝဇ္ဇန်း။၏။ သမ္ပဒါန်ပါဠိဖြင့် မဟာကုသိုလ် ပဌမဇဝေ၊၏၊ကရိုဏ်းပါဠိဖြင့် ဥပနိဿယ အနန္တရ သမနန္တရ နတ္ထိ ဝိဂတ ငါးပစ္စယ၊၏၊

ပကတူပ၊အဓိ ကမ္ဘာ့ပါဠိဖြင့် ဗလဝဖြစ်သော အရဟတ္တဖိုလ် ကြဉ်သော ဝိပါက်ပဉ္စတိံသ၊ တနည်းကား ဝိပါက် ဆတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ ပစ္စည်း၊၏။ ၊သမ္ပဒါန်ပါဠိဖြင့် ကုသိုလ် ဧကဝီသ ပစ္စယုပ္ပန်တရား။၏၊ ကရိုဏ်းပါဠိဖြင့် ပကတူပနိဿယ။ ၏၊ ၊ကုသိုလ်ကားပြီး၏၊

အာရမ္မဏူပ၊အဓိ ကမ္ဘာ့ပါဠိဖြင့် အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဧဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ် သော လောကီဝိပါက်တေတိံသ ကြိယာဝီသ ပစ္စည်း။၏၊ ၊ သမ္ပဒါန်ပါဠိဖြင့် အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခု ပစ္စယုပ္ပန်း၏၊ ကရိုဏ်းပါဠိဖြင့် တပြိုင်နက် ဥပနိဿယ အာရမ္မဏ အဓိပတိ သုံးပစ္စယ၊သ၊

တနည်းကား (၁) အလေးအမြတ်ပြုတတ်သော လောဘမူ ရှစ်ခုအားတပ်သော အလုံးစုံသောအာရမ္မဏာဓိပတိ ပစ္စည်းဖြစ်အံ့ ဥပနိဿယ အာရမ္မဏအဓိပတိ သုံးပစ္စယ၊

(၂) အလေးအမြတ် ပြုတတ်သော လောဘမူ ရှစ်ခုအား တပ်သောအလေးအမြတ် ပြုအပ်သောဇုဋ္ဌဖြစ်သောပဉ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသဟုဆိုအပ်သော အာရမ္မဏပုရေဇာတဖြစ်အံ့ ပုရေဇာတ အတ္ထိ အဝိဂတထည့် ၍ ခြောက်ပဉ္စယ။သ။

(၃) အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္န ဇောငါးချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ် ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော အလေးအမြတ် ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ဖြစ်အံ့ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိအဝိဂတထည့်၍ ရှစ်ပဉ္စယ။ ဥပနိဿယ။သ။ ၏။ ။(အနန္တရူပနိဿယ အနန္တရအတိုင်း ဆိုလေ)။

ပကတူပ နိဿယဖြစ်အံ့ ကတ္တားပါဠိဖြင့် ဗလဝ ဖြစ်သော လောကီဝိပါက် ဗာတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ ပစ္စည်း။၏။ သမ္ပဒါန်ပါဠိဖြင့် အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဠိ ဖြင့် ပကတူပနိဿယ သတ္တိဖြင့်။လ။၏။ ။ဥပနိဿယပြီး၏။

၁၀။ ဥပနိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ သည်၏အခြားမဲ့၌ပုရေဇာတစစ်မြို၊စက္ခာယတနံစသည်ကို အနက် ပေးမြို။လ။ ကိန္တိကာလော၊ ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန။ ဖြင့်။ ပစ္စယော၊သည်။ ကိန္တိကာလော၊ ပဋိသန္ဓေကာလ၌။ပုရေဇာ တပစ္စယေန။ဖြင့်။ ပစ္စယော၊သည်။ နဟောတိ။ မဖြစ်။(ထိုနိဒ္ဒေသ နှာကာရပါဠိတို့တွင် စက္ခာယတနံစသည်ကို ပုရေဇာတနိဿယ အတိုင်းပြလေ။ ရူပါယတနံစသည်ကို အာရမ္မဏ အတိုင်းပြလေ။ ယံရူပံစသည်ကိုလည်း ပုရေဇာတနိဿယ အတိုင်းပြလေ။)

**အမှာ** ရူပါယတနံ စက္ခုဝိညာဏဓာတုယာ အစရှိသော ပါဠိတို့ဖြင့် ပဉ္စဒွါရအာရမ္မဏပုရေဇာတကိုပြတော် မူသည်။ မနောဒွါရ၌ ပြတော်မမူ။ ထိုသို့မပြသော်လည်း မနော ဒွါရ၌ စက္ခုံအနိစ္စတော အစရှိသည်ကို ဟောတော် မူသော

ကြောင့် ရသင့်၏၊ ရသင့်လျက် အဘယ်ကြောင့် ပြတော်မမူသနည်း ဟူမူကား ဤအရာ၌ သာဝသေသအားဖြင့် ဒေသနာကို ဟောတော်မူသည်ဟုမှတ်။ ။ထိုကြောင့် အဋ္ဌကထာ၌ မနောဒွါရေပိ အာရမ္မဏပုရေဇာတံ လဗ္ဘတေဝ၊ ဣမ ပန သာဝသေသဝသေန ဒေသနာ ကတာတိ ဟုမိန့်အပ်ပြီ၊ အဘယ်ကြောင့် သာဝသေသအားဖြင့် ဟောတော်မူသနည်း။ ပစ္စယ နိဒ္ဒေသ၏ မကျဉ်းမကျယ်ဖြစ်သောကြောင့်၊ ဆရာနည်း။ ။ပုရေဇာတပြီး၏။

၁၁။ ပုရေဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္ဆာဇာတစစ်မြီ၊ ။ပစ္ဆာ၊ နောက်၌။ဇာတာ၊ ဖြစ်ကုန်သော၊ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော၊ မွာ၊ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု ကြဉ်သော စိတ်ရှစ်ဆဲ့ငါးခု စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့သည်၊ ပုရေ၊ ပစ္စည်းတရားဖြစ်သည်မှ ရှေး၌။ဇာတဿ၊ ဖြစ်ထသော၊ ဣမဿ၊ ဤသို့သဘောရှိသော။ ကာယဿ။ ဧကဇ ဒွိဇ တိဇ စတုဇ ကာယအား။ ပစ္ဆာဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊၏။

ထိုနိဒ္ဒေသနာကာရပါဠိတို့တွင် ပစ္ဆာဇာတာဟူသော ကဏ္ဍား ပါဌ်ဖြင့် ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်ဖြစ်သော စိတ်ရှစ်ဆဲ့ငါးခု စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ ။သမ္ဗာဒါနိပါဌ်ဖြင့် ပဋိသန္ဓေအစရှိသော ရှေးဖြစ်သောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇ ဒွိဇ တိဇ စတုဇကာယပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အကျယ်တနည်းကား ပဋိသန္ဓေနာမက္ခန္ဓာနှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇရုပ်ဟု ဆိုအပ်သော ဧကဇကာယအားတပ်သော ပဌမဘဝင် နာမက္ခန္ဓာ၊ တနည်းကား ကမ္မဇရုပ် ဥတုဇရုပ်ဟုဆိုအပ်သော ဒွိဇကာယအားတပ်သော ပဌမဘဝင်

နာမက္ခန္ဓာ။ ပဌမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာနှင့် အတူဥပါဒ်၍ ရုပ်၏ငြိသို့ရောက်သော တိဇကာယအားတပ်သော ဒုတိယ အစရှိသော နောက်နောက်သော ဘဝင် နာမက္ခန္ဓာ။ အာဟာရဇရုပ် ဥပါဒ်သောအခါ ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြိသို့ရောက်သော စတုဇကာယအား တပ်သော အမှတ်မဲ့နောက်ဖြစ်သော နာမက္ခန္ဓာ။ ပဋ္ဌဝေါကာရဘဝင် တဆဲ့ငါးခုနှင့်အတူဥပါဒ်၍ ရုပ်၏ငြိသို့ရောက်သော တိဇ စတုဇကာယ အားတပ်သော အာဝဇ္ဇန်းဒွေး ရူပါဝစရကိုရည်၍ တိဇ။ကာမာ ဝစရကိုရည်၍ စတုဇဆိုသည်။ ပဋ္ဌဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်၍ တိဇ စတုဇကာယအားတပ်သော ပဋ္ဌဝိညာဏ်နာမက္ခန္ဓာ။ ပဋ္ဌဝိညာဏ်နှင့် အတူဥပါဒ်၍ ရုပ်၏ငြိသို့ ရောက်သော ဒွိဇ တိဇ ကာယအားတပ်သော သမ္ပဋိစ္ဆိုင်းနာမက္ခန္ဓာ (စိတ္တဇရုပ်ကျသည်။ ရာသီစုကအတိုင်း ဤနည်းကိုမှီ၍ ဝိထိအစဉ်အတိုင်း နောက်က စ၍ဆိုလေ)။

ပစ္ဆာဇာတပစ္စယေန ဟူသောကရိုဏ်းပါဠ်ဖြင့် ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤငါးပစ္စယ၊ ပစ္ဆာဇာတ၊ သဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

**အမှာ** ပုရေဇာတသာတိ တေသံ ဥပ္ပါဒတော ပဌမတရံ ဇာတသာ ဇာတိက္ခဏံ အတိက္ကမိတွာ ဌိတိပ္ပတ္တဿ ဟုအဋ္ဌကထာ၌ ဆိုသောကြောင့် ဥပါဒ်ခဏ၌ ကျေးဇူးမပြု ဌိတိက္ခဏ၌ ကျေးဇူးပြုသည်ဟု မှတ်လေ။ ။ပစ္ဆာဇာတပြီး၏။

၁၂။ အာသေဝနဥ္စ အတက်ဆိုမြဲ၊ ပုရိမာပုရိမာ ကုသလာ ဓမ္မာ အကုသလာဓမ္မာ ဤနှစ်ပုဒ်သည် အနုဉ္ဇရနှင့်တူ၏။ ။ ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကြိယာဗျာကတာ၊ ကုန်သော။ ဓမ္မာ၊ အဆုံးဇော ကြဉ်သော ကြိယာ ဇောအဋ္ဌာရသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ ကုန်သော။ ကြိယာဗျာကတာနံ၊ ကြိယာအဗျာကတဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဌမဇော

ကြဉ်သော ကြိယာဇောအဋ္ဌာရသတို့အား။ အာသေဝနပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ပုရိမာပုရိမာ ကြိယာအဗျာကတာဓမ္မာ ဟူသော ကဏ္ဍား ပါဠိဖြင့် အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇောအဋ္ဌာရသပစ္စည်း။၏။ ။ပစ္ဆိမာနံ။ ဖြင့်။ ပဌမဇောကြဉ်သော ကြိယာဇောအဋ္ဌာရသ ပစ္စယုပ္ပန်။၏။

တနည်းကား ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယဇောအား တပ်သော ပဌမဇော။လ။ သတ္တမဇောအားတပ်သော ဆဋ္ဌဇော။ မဟဂ္ဂုတ်ကြိယာ သောမနဿ သဟဂုတ်လေးခုအား တပ်သော ဂေါတြဘူ ကိစ္စတပ်သော မဟာကြိယာ ပဌမဇွေး မဟဂ္ဂုတ် ကြိယာ ဥပေက္ခာသဟဂုတ် ငါးခုအားတပ်သော ဂေါတြဘူကိစ္စ တပ်သော မဟာကြိယာတတိယဇွေး သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ် ကြိယာအား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကြိယာပစ္စည်း။၏။ သမ္မုဒါနိပါဠိဖြင့် ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော မဟဂ္ဂုတ် ကြိယာကိုးခု ပစ္စယုပ္ပန်။၏။

ကရိုဏ်းဖြင့် တပြိုင်နက် အာသေဝန အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤခြောက်ပစ္စယ။သ။ ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

**အမှာ** ကုသိုလ် အကုသိုလ်သည် ဝိပါက် ကြိယာအား အဘယ်ကြောင့် အာသေဝနပစ္စည်း မတပ်သနည်း။

အတ္တနော ဂတိံ ဂါဟာပေတုံ အသမတ္ထတာယ။ အဋ္ဌကထာ ဟိတ်။ ။ဘိန္နဇာတိကာ ဟိ ဘိန္နဇာတိကာနံ အာသေဝန ဂုဏေန ပဂုဏ ဗလဝဘာဝံ သာဓယမာနာ အတ္တနော ကုသလာဒိ ဘာဝသင်္ခါတံ ဂတိံ ဂါဟာပေတုံ နသက္ကောန္တိ။ တသ္မာ တေဟိ သဒ္ဓိံ နိဒ္ဒေသံ အကတွာ အစရှိသည်ဖြင့် များစွာဆို၏။ ဝိပါက်သည်ဝိပါက်ချင်းမတပ်ရာ၌။ အထဝိပါကာဗျာကတံကသ္မာ နဂဟိတန္တိ။ အာသေဝနာဘာဝေန။ ဝိပါကဉှိ ကမ္မဝသေန ဝိပါ

ကဘာဝပ္ပတ္တံ ကမ္မပရိဏာမိတံ ဟုတွာ ဝတ္တတိ၊ နိရုဿာဟံ ဒုဗ္ဗလန္တိ အာသေဝနဂုဏေန အတ္တနော သဘာဝံ ဂါဟာပေတွာ ပရိဘာဝေတွာ နေဝအညံ ဝိပါကံ ဥပ္ပါဒေတုံ သက္ကောတိ။ နပုရိမ ဝိပါကာနုဘာဝံ ဂဟေတွာ ဥပ္ပဇ္ဇိတုန္တိ။ ကမ္မဝေဂက္ခိတ္တံ ပန ပတိတံ ဝိယဟုတွာ ဥပ္ပဇ္ဇတီတိ သဗ္ဗထာပိ ဝိပါကေ အာသေဝနံ နတ္ထီတိ အာသေဝန ဘာဝေန ဝိပါကံ နဂဟိတံ။ အဋ္ဌကထာ။ အာသေဝနပြီး၏။

၁၃။ ကမ္မ၌ အတက်ဆိုမြဲ။ ။ကုသလာ ကုသလံ၊ ကုသိုလ် အကုသိုလ်ဖြစ်သော။ ကမ္မံ၊ နာနာက္ခဏိက စေတနာသည်။ ဝိပါကာနံ၊ အကျိုးဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ ဝိပါက်ဆတ္တိံသ စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့အားလည်းကောင်း။ ကဋတ္တာ ရူပါနဉ္စ၊ ပဋိသန္ဓေကမ္မဇရုပ်ပဝတ္တိကမ္မဇရုပ်အသညသတ်ကမ္မဇရုပ် တို့အား လည်းကောင်း။ ကမ္မပစ္စယေန၊ နာနာက္ခဏိက ကမ္မသတ္တိဖြင့်။ ပစ္စယော၊ ၏။ စေတနာ၊ စေတနာသည်။ သမ္ပယုတ္တကာနံ၊ သမ္ပယုတ် ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်တခုယုတ်ကိုးဆယ် စေတနာ ကြဉ်သော စေတသိက် ဧက ပညာသ တို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုစေတနာနှင့် ယှဉ်သော စိတ် စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ ကမ္မပစ္စယေန၊ သဟဇာတ သတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ထိုနိဒ္ဒေသနာကာရပါဠ်တို့တွင် ကုသလာကုသလံကမ္မံဟူသော ကဏ္ဍားပါဠ်ဖြင့် အကုသိုလ် ဒွါဒသ ကုသိုလ်ဧကဝီသဉ္စရှိသော နာနာက္ခဏိက စေတနာပစ္စည်းတရားကို ပြတော်မူ၏။

တနည်းကား အကုသလ ဝိပါက်ခုနစ်ခု နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်အား တပ်သော အကုသိုလ် ဒွါဒသ စေတနာ။ အဟိတ် ကုသလ ဝိပါက်ရှစ်ခု မဟာ ဝိပါက်ရှစ်ခု နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်အား တပ်သော

တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။ အဟိတ် ကုသလ ဝိပါက် ရှစ်ခု မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခု နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်အားတစ်သော တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။ အဟိတ် ကုသလ ဝိပါက်ရှစ်ခု နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်အား တစ်သော ဒွိဟိတ်ဩမက မဟာကုသိုလ် စေတနာ။ ရူပါဝစရ ပဉ္စမဈာန် ဝိပါက် နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်အား တစ်သော ရူပါဝစရပဉ္စမဈာန် ကုသိုလ် စေတနာ။လ။ ပဉ္စမဈာန် ဝိပါက်နာမက္ခန္ဓာပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် အသညသတ်ကမ္မဇရုပ်အားတစ်သော ပဉ္စမဈာန်ကုသိုလ်စေတနာ။အာကာသာနဉ္စာယတန ဝိပါက်အား တစ်သော အာကာသာနဉ္စာယတန ကုသိုလ်။လ။နေဝသညာနာသညာယတန ဝိပါက်အားတစ်သော နေဝသညာ နာသညာယတနကုသိုလ် စေတနာ။ သောတာပတ္တိဖိုလ်အားတစ်သော သောတာပတ္တိမဂ် စေတနာ။လ။ အရဟတ္တဖိုလ်အားတစ်သော အရဟတ္တမဂ် စေတနာပစ္စည်း။ဧ။

ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဟူသော သမ္ဗန္ဓပါဌ်ဖြင့် ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ပစ္စယုပ္ပန်။ဧ။ ကမ္မပစ္စယေန။ ဖြင့် တပြိုင်နက် ယထာရဟ တစ်ကောင်းသော ကမ္မ အနန္တရသမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤခြောက်ပစ္စယ။လ။သ။

တနည်းကား ဝိပါက် ဆတ္တိံသအားတစ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာဖြစ်အံ့ ကမ္မ ဥပနိဿယ ဤပစ္စယ။လ။သ။

မဂ္ဂါနန္တရ ဖိုလ်လေးခုအား တစ်သော မဂ်စေတနာ ဖြစ်အံ့ ကမ္မ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤခြောက်ပစ္စယ။လ။သဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

စေတနာဟူသော ပါဌ်ဖြင့် စိတ်တခုယုတ်ကိုးဆယ်ရှိသော စေတနာ။ ပစ္စည်း။လ။၏။ ။သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာ

နာနု၌ ရူပါနံ ဟူသောပါဌ်ဖြင့် စိတ်တခုယုတ်ကိုးဆယ် စေတနာကြဉ်သော စေတသိက် ကေပညာသ ဟုဆိုအပ်သော သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ပဉ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။ကမ္မပစ္စယေန။ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ကမ္မ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤဆယ်ပစ္စယ။လ။သ။၏။

တနည်းကား ကရိုဏ်းပါဌ်ဖြင့် (၁) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော စေတနာဖြစ်အံ့ ကမ္မသဟဇာတ နိဿယ အာဟာရ အတ္ထိ အဝိဂတဤခြောက်ပစ္စယ။လ။သ။

(၂) သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော စေတနာဖြစ်အံ့ အညမညထည့်၍ ခုနစ်ပစ္စယ။ပ။သ။

(၃) သမ္ပယုတ္တခန္ဓာအားသာ တပ်သော စေတနာဖြစ်အံ့ အညမည သမ္ပယုတ္တထည့်၍ ရှစ်ပစ္စယ။လ။သ။၏။

(၄) စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော စေတနာဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ ခုနစ်ပစ္စယ။လ။ ။အဝိပါက လေးချက်။

(၁) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိပါက်၌ရှိသော စေတနာဖြစ်အံ့ ကမ္မ သဟဇာတ နိဿယ ဝိပါက အာဟာရ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ။လ။သ။

(၂) သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဝိပါက်၌ရှိသော စေတနာဖြစ်အံ့ အညမညထည့်၍ ရှစ်ပစ္စယ။လ။

(၃) သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဝိပါက်၌ရှိသော စေတနာဖြစ်အံ့ အညမည သမ္ပယုတ္တထည့်၍ ကိုးပစ္စယ။လ။သ။

(၄) စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိပါက်၌ရှိသော စေတနာဖြစ်အံ့ ဝိပ္ပယုတ္တထည့်၍ရှစ်ပစ္စယ။သ။သ။

(၅) ဟဒယ ဝတ္ထုအား တပ်သော ပဋိသန္ဓေ၌ ရှိသော စေတနာဖြစ်အံ့ အညမည ဝိပ္ပယုတ္တထည့်၍ ကိုးပစ္စယ။လ။သ။ဖြင့်။လ။ ပြတော်မူ၏။ ။သဝိပါက ငါးချက်။ပေါင်းကိုးချက် ပစ္စည်းပြိုင် အတိုင်း။

အမှာ  နာနာက္ခဏိကကမ္မသည် မိမိဖြစ်ဆဲကာလ၌အကျိုး မပေး ချုပ်ပြီးသောနောက်၌သာ အကျိုးပေးသည်၊ ထိုကြောင့် အဋ္ဌကထာ၌ ကမ္မပစ္စယေနာတိ အနေကာနမ္ပိ ကမ္မ ကောဋ္ဌီနံ မဇ္ဈကေ အဇ္ဈနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိက ကမ္မပစ္စယေနာတိ အတ္ထော၊ ကုသလာ ကုသလံ ဟိ ကမ္မံ အဇ္ဈနော ပဝတ္တိက္ခဏေဖလံ နဒေတိ၊ ယဒိ ဒဒေယျ၊ ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ၊ တဿာ နုဘာဝေန တသ္မိံ ယေဝ ခဏေ ဒေဝေါ ဘဝေယျ၊ ယသ္မိံ ပန ခဏေ တံကတံ၊ တတော အညသ္မိံခဏေ အဝိဇ္ဇာမာနံပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေဝ ဓမ္မေ ဥပပဇ္ဇေဝ ါ အပရေဝ ါ ပရိယာယေ၊ အဝသေသ ပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ၊ နိရုဒ္ဓါပိ ပုရိမသိဒ္ဓါဒိကြိယာဝိယ ကာလန္တရေ ပစ္ဆိမသိဒ္ဓါဒိကြိ ယာယ၊ တသ္မာ နာနာက္ခဏိက ကမ္မပစ္စယောတိ၊ ဝုတ္တံ၊ ဟုဆို အပ်ပြီ၊ ကမ္မပြီး၏။

၁၄။ အတက်ဆိုမြဲ၊ ၊ဝိပါကာ၊ကုန်သော၊ စတ္တာရော၊ ကုန်သော၊ အရူပိနော၊ကုန်သော၊ ခန္ဓာ၊ တို့သည်၊ အညမည့် အညမညဿ၊အား၊ တနည်း၊ အညော အညဿ၊အား၊၊ ဝိပါက ပစ္စယေန၊ဖြင့်၊ ပစ္စယော၊ သည်၊ ဟောတိ၊၏။

ထိုနိဒ္ဒေသနာကာရ ပါဠိတို့တွင် ဝိပါကာစတ္တာရောခန္ဓာ အရူပိနောဟူသော ကတ္တားပါဠိဖြင့် သုံးပါးသုံးပါးသော ဝိပါက် နာမက္ခန္ဓာအား တပ်သော တပါးတပါးသော ဝိပါက်နာမက္ခန္ဓာ တပါးတပါးသော ဝိပါက် နာမက္ခန္ဓာအား တပ်သော သုံးပါး သုံးပါးသော ဝိပါက်နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော ဝိပါက် နာမက္ခန္ဓာအားတပ်သော နှစ်ပါးနှစ်ပါးသော ဝိပါက်နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ အညမညံဟူသော သမ္ပဒါနပါဠိဖြင့် သုံးပါးသုံးပါးသော ဝိပါက်နာမက္ခန္ဓာ တပါးတပါးသော ဝိပါက် နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော ဝိပါက်နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဠိဖြင့် တပြိုင်နက် တပ်ကောင်းသော ဝိပါက သဟ

ဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ၌ခုနစ် ပစ္စယ။လ။သဖြင့်။၏။

အဖွာ ၌ပစ္စယနိဒ္ဒေသ၌ ဝိပါက် နာမက္ခန္ဓာ ချင်းအား ဝိပါကပစ္စည်း တပ်ဟန်ကို ပြတော်မူ၏။ စိတ္တဇရုပ် ကမ္မဇရုပ်အား ပစ္စည်းတပ်ဟန်ကို ပြတော်မမူ။ မကျဉ်း မကျယ် ပြတော်မမူသော အရာဖြစ်သောကြောင့် သာဝသေသအားဖြင့် ဟောတော် မူသည်။ ထိုကြောင့် အဋ္ဌကထာ၌ သာဝသေသ ဒေသနာကတာဟု မိန့်အပ်ပြီ။ ။ဝိပါက ပစ္စည်းပြီး၏။

၁၅။ အတက်ဆိုမြ။ ။အာဟာရ ပစ္စည်း၌ ကဗဠီကာရော၊ အလွေ့ အလုပ်ကိုလည်း မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့ သော။အာဟာရော၊ အာဟာရသည်။ ဣမဿ၊ ဤသို့ သဘောရှိ သော။ကာယဿ၊ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာ နိကကာယအား။ အာဟာရ ပစ္စယေန၊ ရုပ်အာဟာရသတ္တိဖြင့်။ ပစ္စယော၊၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။အာဟာရာ၊ ဖဿ စေတနာ ဝိညာဏ်ဟုဆိုအပ်သော အာဟာရတို့သည်၊ သမ္ပယုတ္တ ကာနံ၊သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ တို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအာဟာရနှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန် သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အားလည်း ကောင်း။ အာဟာရပစ္စယေန၊နာမ်အာဟာရ သတ္တိဖြင့်။ပစ္စယော၊ သည်။ ဟောတိ၊၏။

ထိုနိဒ္ဒေသနာကာရပါဠ်တို့တွင် ကဗဠီကာရော အာဟာရော ဟူသော ကတ္တားပါဠ်ဖြင့် ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တပ်သော စတုသမုဋ္ဌာနိကဩဇာပစ္စည်း တရားကိုပြတော်မူ၏။ ဣမဿ ကာယဿ ဟူသော သမ္ပဒါန် ပါဠ်ဖြင့် စတုသမုဋ္ဌာနိက ရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်း အကျယ်ကား ကမ္မဇကလာပ်ကိုးစည်းတို့တွင် စက္ခု ဒသကကလာပ်၌ ဩဇာကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု။

ကလာပ်ပြား နှစ်ဆယ်သော ရုပ်ကလာပ်တို့အား တပ်သော စက္ခုဒသက ကလာပ်၌ရှိသော သြဇာ၊ သောတ ဒသကကလာပ်၌ သြဇာကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု ကလာပ်ပြား နှစ်ဆယ်သော ရုပ်ကလာပ်တို့အား တပ်သော သောတ ဒသက ကလာပ်၌ရှိသော သြဇာ၊ ဃာနဒသက အစရှိသည်ကို ဤနည်း အတူဆို။ ။ဇီဝိတနဝက ကလာပ်၌ သြဇာ ကြဉ်သော ကမ္မဇရုပ် ရှစ်ခု ကလာပ်ပြား နှစ်ဆယ်သော ရုပ်ကလာပ်အား တပ်သော ဇီဝိတနဝက ကလာပ်၌ရှိသော သြဇာ။ ။စိတ္တဇကလာပ် ခြောက် စည်းတို့တွင် သက်သက်သော အဋ္ဌကကလာပ်၌ သြဇာကြဉ်သော ကလာပ်တူ စိတ္တဇရုပ်ခုနစ်ခု ကလာပ်ပြား နှစ်ဆယ်သော ရုပ် ကလာပ်အားတပ်သော သက်သက်သော အဋ္ဌကကလာပ်၌ ရှိသော သြဇာ။ ။ကာယဝိညတ္တိ နဝက အစရှိသည်ကို ဤနည်းအတူ ဆိုလေ။ ။ဥတုဇကလာပ်လေးစည်း အာဟာရဇကလာပ်နှစ်စည်း တို့ကိုလည်း ဤနည်းကိုမှီ၍ဆိုလေ။ ။ပစ္စည်းတရားကို ပြတော် မူ၏။ ။သမ္ပဒါန်ပါဌ်ဖြင့် ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။ ။ကရိုဏ်းပါဌ်ဖြင့် အာဟာရ အတ္ထိ အဝိဂတ ဤသုံးပစ္စယ။သ။၏။

အရူပိနော အာဟာရာ ဟူသော ကတ္တားပါဌ်ဖြင့် ဖဿ စေတနာ ဝိညာဏ် နာမ် အာဟာရသုံးပါး။ ပစ္စည်း။၏။ သမ္ပဒါန် ပါဌ်ဖြင့် စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ စိတ္တဇ ရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်။ ၏။ ။အာဟာရ ပစ္စယေန ကရိုဏ်းပါဌ်ဖြင့် တပိုင်နက် ယထာရဟ တပ်ကောင်းသော အဓိ ပတိ အာဟာရ သဟဇာတ အညမည နိဿယ ကမ္မဝိပါက ဣန္ဒြိယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့တပစ္စယ။ သ။၏။

တနည်းကား (၁) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဖဿ စေတနာ ဝိညာဏ်ဟု ဆိုအပ်

သော နာမ်အာဟာရ သုံးပါး ဖြစ်အံ့ အာဟာရ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယ။ လ။ သ။ ၏။ ။ဤသာမည္တ အဝိပါကလေးချက် သဝိပါက ငါးချက် ပစ္စည်းပြိုင်က အတိုင်း ဆိုလေ။

(၂) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော စေတနာ အာဟာရဖြစ်အံ့ အာဟာရ သဟဇာတ နိဿယ ကမ္မ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။ လ။ သ။ ဤ၌ရင်း အဝိပါကလေးချက် သဝိပါကငါးချက် ပေါင်းကိုးချက် ပစ္စည်း ပြိုင်ကအတိုင်း ဆိုလေ။

(၃) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ် သော ဝိညာဏာဟာရဖြစ်အံ့ အာဟာရ သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။ လ။ သ။ ဤ၌လည်း အဝိပါကလေးချက် သဝိပါကငါးချက် ပေါင်းကိုးချက် ပစ္စည်း ပြိုင်ကအတိုင်း ဆိုလေ။

(၄) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော စိတ္တာဓိပတိဖြစ်အံ့ အာဟာရ အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ။ လ။ သ။ ။ဤ၌ အဝိပါက သုံးချက် သဝိပါကသုံးချက် ပစ္စည်းပြိုင်ကအတိုင်း ခြောက်ချက် စေ့အောင် ဆိုလေ။

**အမှာ** ကဗဠီကာရ အာဟာရပင် ဆိုသော်လည်း စတု သမုဋ္ဌာနိက ဩဇာကိုယူ။ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဥတုဇဩဇာကိုသာ မယူသင့်။ ။ထိုကြောင့် အဋ္ဌကထာ၌ ကဗဠီ ကာရော အာဟာရောတိ စတုသန္တတိ သမုဋ္ဌာနရူပေ ဩဇာ အာဟာရောနာမ။ သော ပန ယသ္မာ ကဗဠံ ကရိတွာ အဇ္ဈော ဟရိတော ဝ အာဟာရကိစ္စံ ကရောတိ။ န ဗဟိဋ္ဌိတော။ တသ္မာ အာဟာရောတိ အဝတွာ ကဗဠီကာရော အာဟာရောတိ ဝုတ္တံ။ ။ ဟု မိန့်အပ်ပြီ။

ဤရုပ်အာဟာရပစ္စည်းသည် ဇနကသတ္တိ ဥပထမ္ဘက သတ္တိနှစ်ပါးတပ်၏။ ဗဟိဒ္ဓသန္တာန်၌ ဥတုဇသြဇာသည် အာဟာရဇရုပ်အား ဇနက။ ကြွင်းသော တိဇရုပ်အား ဥပထမ္ဘက။ တိဇသြဇာသည် စတုသမုဋ္ဌာနိကရုပ်အား ဥပထမ္ဘက။ တနည်းလည်း ကလာပ်တူအား ဇနက၊ ကလာပ်ပြားအား ဥပထမ္ဘကတည်း။ အာဟာရပြီး၏။

၁၆။ ဣန္ဒြိယ၌ အတက်ဆိုမြဲ။ ။စက္ခုန္ဒြိယံ မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဒြေသည်။ စက္ခုဝိညာဏ မာတုယာစ၊ ပေးမြဲ။ ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ကဋတ္တာ ရူပါနံ၊ မိမိကြဉ်သောကလာပ်တူ ကမ္မဇရုပ်ကိုးခုတို့အား။ ဣန္ဒြိယပစ္စယေန၊ ဖြင့်။ ပစ္စယော၊ ၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ၊ တို့သည်။ သမ္ပယုတ္တကာနံ၊ ကုန်သော။ ဓမ္မာနံ၊ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဣန္ဒြေနှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ဣန္ဒြိယ ပစ္စယေန။လ။၏။

ထိုနိဒ္ဒေသနာဘာရ ပါဠိတို့တွင် စက္ခုန္ဒြိယံဟူသော ကတ္တားပါဌ်ဖြင့် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဒြေပစ္စည်း။၏။ ။ပုရေဇာတနိဒ္ဒေသအတိုင်းပြလေ။

ရူပဇီဝိတိန္ဒြိယံဟူသော ကတ္တားပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေပစ္စည်း။၏။ကဋတ္တာရူပါနံဟူသော သမ္ပဒါန်ပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား၊ ကမ္မဇရုပ်ကလာပ် ကိုးစည်းတို့တွင် စက္ခုဒသကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ်ကလာပ် ကိုးခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေ။သော ၊တ ဒသဘ စသည်နည်းတူ။ ဇီဝိတ

နဝကကလာပ်၌ ဇီဝိတိန္ဒြေ ကြဉ်သော ကမ္မဇရုပ် ရှစ်ခုအားတပ်သော ဇီဝိတိန္ဒြေပစ္စည်း တရားကို ပြတော်မူ၏။ ကဋတ္တာရူပါနံ ဟူသော သမ္ဗဒါန်ပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခု ပစ္စယုပ္ပန်တရား။၏။ဣန္ဒြိယ ပစ္စယေန။ ဖြင့် ဣန္ဒြိယ အတ္ထိ အဝိဂတ ဤသုံးပစ္စယ။လ။သ။၏။

အရူပိနော ဣန္ဒြိယာ ဟူသော ကတ္တားပါဌ်ဖြင့် နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါးပစ္စည်း။၏။ သမ္ဗဒါန်ပါဌ်ဖြင့် စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဣန္ဒြိယ ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့လေးပစ္စယ။လ။သ။

တနည်းကား (၁) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော နာမ်ဣန္ဒြေရှစ်ပါးဖြစ်အံ့ ဣန္ဒြိယ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယ။လ။သ။ အဝိပါက လေးချက် သဝိပါကငါးချက် ပေါင်းကိုးချက်ထည့်လေ။

(၂) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဖြစ်အံ့ ဣန္ဒြိယ သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။လ။သ။ ဤ၌လည်း အဝိပါကလေးချက် သဝိပါကငါးချက် ပေါင်းကိုးချက် ထည့်လေ။

(၃) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တပ်သော ဝေဒနာ ဧကဂ္ဂတာ ဖြစ်အံ့ ဣန္ဒြိယ သဟဇာတ နိဿယ ဈာန အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။လ။သ။ ဤ၌လည်း အဝိပါကလေးချက် သဝိပါကငါးချက် ပေါင်းကိုးချက် ထည့်လေ။

(၄) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဧကဂ္ဂတာဖြစ်အံ့ ဣန္ဒြိယ သဟဇာတ နိဿယ ဈာန

မဂ္ဂ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ။လ။သ။ ဤ၌လည်း အဝိပါက လေးချက် သဝိပါကငါးချက် ပေါင်းကိုးချက် ထည့်မြဲ၊

(၅) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော မနိန္ဒြေဖြစ်အံ့ ဣန္ဒြိယ သဟဇာတ နိဿယ အာဟာရ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။လ။သ။ ။ဤ၌လည်း အဝိပါက လေးချက် သဝိပါကငါးချက် ပေါင်းကိုးချက်ထည့်မြဲ။

(၆) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော စိတ္တာဓိပတိ ဖြစ်အံ့ ဣန္ဒြိယ အဓိပတိ သဟဇာတ နိဿယ အာဟာရ အတ္ထိ အဝိဂတ ခုနစ်ပစ္စယ။လ။သ။ ။ဤ၌လည်း အဝိပါက သုံးချက် သဝိပါကသုံးချက် ထည့်မြဲ။

(၇) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် အား တပ်သော ဝီရိယာဓိပတိဖြစ်အံ့ ဣန္ဒြိယ အဓိပတိ သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ခုနစ်ပစ္စယ။ လ။သ။ ။ဤ၌လည်း အဝိပါက သုံးချက် ထည့်မြဲ။

(၈) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော အမောဟဖြစ်အံ့ ဣန္ဒြိယဟေတု သဟဇာတနိဿယ မဂ္ဂ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ။လ။သ။ ။အဝိပါက လေးချက်။ သဝိပါကငါးချက် ပေါင်း ကိုးချက်။ ထည့်မြဲ။

(၉) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိဖြစ်အံ့ ဣန္ဒြိယ ဟေတု အဓိပတိ သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယ။လ။သ။ ။ဤ၌လည်း အဝိပါက သုံးချက် သဝိပါကသုံးချက် ပေါင်းခြောက်ချက် ထည့်မြဲ။

**အမှာ** ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည် ဣန္ဒြေဖြစ်လျက် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်သနည်း ဟူမူကား ဣတ္ထိန္ဒြိယ ပုရိသိန္ဒြိယာနိ ဟိ ကဏ္ဍပိ ဣတ္ထိလိင်္ဂ ပုရိသလိင်္ဂါဒီနံ ဗီဇဘူတာနံ။ ကလလာဒိ ကာလေ ပန ဝိဇ္ဇမာနေသုပိ တေသု ဣတ္ထိလိင်္ဂ ပုရိသလိင်္ဂါဒီနံ အဘာဝါ။ တာနိ နေဝတေသံ နအညေသံ ဣန္ဒြိယပစ္စယာ ဘဝန္တိ။ ဣန္ဒြိယပစ္စယော ဟိ အတ္တနော ဝိဇ္ဇ

မာနက္ခဏေ အဝိနိဗ္ဘုတမ္မောနံ ဣန္ဒြိယပစ္စယတံ အဖရန္တောနာမ နတ္ထိ။ တသ္မာ တာနိဣန္ဒြိယ ပစ္စယာ နဟောန္တီတိ အဋ္ဌကထာ၌ ဆိုသောကြောင့် ဣလလအခါ အစရှိသည်တို့၌ ဣတ္တိလိင် အစရှိသည်တို့သည် မရှိသည်ဖြစ်၍ ဣန္ဒြိယပစ္စည်းမတပ်၊ ။ဣန္ဒြိယပြီး၏။

၁၇။ ဈာနဥ္စတက်မြ။ ။ဈာနင်္ဂါနိ၊ ဈာနင်တို့သည်။ ဈာန သမ္ပယုတ္တကာနံ၊ ဈာန်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ ဒွေပဥ္စ ဝိညာဏ် တဆယ်ကြဉ်သော စိတ်တခုယုတ်ရှစ်ဆယ် စေတသိက် ငါးဆဲ့နှစ်ခုတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဈာနင် ဈာန်နှင့် ယှဉ်သော စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အားလည်းကောင်း။ ဈာနပစ္စယေန၊ ဖြင့်။ ပစ္စယောသည်။ ဟောတိ၊ ဖြစ်၏။

ထိုနိဒ္ဒေသနာကာရပါဠ်တို့တွင် ဈာနင်္ဂါနိဟူသော ကတ္တားပါဠ်ဖြင့် ဈာနင်တရားကိုယ် ငါးပါး ပစ္စည်း။၏။ ။သမ္ပဒါန်ပါဠ်ဖြင့် ဒွေပဥ္စဝိညာဏ် တဆယ် ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ် စေတသိက်ဒွေပညာသ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်။ ၏။ ။ကရိုဏ်းပါဠ်ဖြင့် တပြိုင်နက် ယထာရဟ တင်ကောင်း သော ဈာန သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတ ၌ဆယ်ပစ္စယာ လ။ သ။၏။

တနည်းကား (၁) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဈာနင်တရားကိုယ်ငါးပါးဖြစ်အံ့ ဈာန သဟဇာတ နိဿယ အတ္ထိ အဝိဂတ ၌ငါးပစ္စယာ လ။သ။ အဝိပါက လေးချက် သဝိပါကငါးချက် ပစ္စည်းပြိုင်ကအတိုင်း ကိုးချက်။ ထည့်မြ။

(၂) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ် သော ဝေဒနာ ဧကဂ္ဂတာ ဖြစ်အံ့ ဈာန သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ၌ခြောက်ပစ္စယာ လ။ သ။ ။၌၌လည်း ကိုးချက်ထည့်မြ။

(၃) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိပါက် ကေဂ္ဂတာ ဖြစ်အံ့ ဈာန သဟဇာတ နိဿယ မဂ္ဂ အတ္ထိ အဝိဂတ ၅ခြောက်ပစ္စယ။လ။သ။ ဤ၌လည်း ကိုးချက်ထည့်မြဲ။

(၄) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ကေဂ္ဂတာ ဖြစ်အံ့ ဈာနသဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ ၅ခုနစ်ပစ္စယ။လ။သ။ ။ဤ၌လည်း ကိုးချက်ထည့်မြဲ။လ။ကျေးဇူးပြုပုံကို ပြတော်မူ၏။

**အမှာ** ဒွေပဉ္စဝိညာဏ်တဆယ်၌ ဥပေက္ခာဝေဒနာ သုခဝေဒနာ ဒုက္ခဝေဒနာတို့သည် အဘယ်ကြောင့် ဈာနပစ္စည်းမတပ်သနည်း၊ အာရုံသို့ကပ်၍ရှုခြင်းသဘောမရှိ အာရုံ၌ ကျကာမတ္တ သဘောမျှသာ ရှိသောကြောင့် ဈာန ပစ္စည်းမတပ်သတည်း။ ထိုကြောင့် အဋ္ဌကထာ၌။ ။ပဉ္စန္နံ ပန ဝိညာဏကာယာနံ အဘိနိပါတမတ္တတ္တာ။ တေသု ဝိဇ္ဇမာနာနိပိ ဥပေက္ခာ သုခဒုက္ခာနိ ဥပနိဇ္ဈာနာကာရဿ အဘာဝတော ဈာနင်္ဂါနိတိ နဥဒ္ဓဋ္ဌာနိ၊ တတ္ထပဋ္ဌိန္နတ္တာ ပန သေသာ ဟေတုကေသုပိ ဈာနင်္ဂ နဥဒ္ဓဋ္ဌမေဝ ဟု မိန့်အပ်ပြီ။ ။ဈာနပစ္စည်းပြီး၏။

၁၈။ မဂ္ဂပစ္စည်း၌တက်မြဲ။ ။မဂ္ဂင်္ဂါနိ၊မဂ္ဂင်တို့သည်။မဂ္ဂ သမ္ပယုတ္တကာနံ၊ မဂ်နှင့်ယှဥ်ကုန်သော။ ဓမ္မာနဉ္စ၊ သဟိတ်စိတ် စေတသိက် ဒွေပဉ္စသ တို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ္ဂင်နှင့် ယှဥ်သော စိတ် စေတသိက်လျှင် ဖြစ်ကြောင်း ရှိကုန်သော။ ရူပါနဉ္စ၊ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ မဂ္ဂပစ္စယေန၊ ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊ ဖြစ်၏။

ထိုတွင်မဂ္ဂါနိဟူသော ကတ္တားပါဋ်ဖြင့်မဂ္ဂင်တရားကိုးပါး။၏။ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ။လ။ဖြင့်။၏။သဟိတ်စိတ္တဇရုပ် သဟိတ်

ပဋိသန္ဓေ ကမ္မဇရုပ်။ပစ္စယုပ္ပန်။၏။ ။ကရိုက်းပါဠိဖြင့် တပြိုင်နက်ယထာရဟတပ်ကောင်းသော မဂ္ဂ ဟေတု အဓိပတိ သဟဇာတ နိဿယ ဝိပါက ဈာနိန္ဒြိယ ဈာန သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့နှစ်ပစ္စယ:လ။သ။၏။

တနည်းကား (၁) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော မဂ္ဂင်တရားကိုယ် ကိုးပါးဖြစ်အံ့ မဂ္ဂ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယ။လ။သ။ အဝိပါကလေးချက် သဝိပါကငါးချက် ပေါင်းကိုးချက်။ထည့်မြဲ။

(၂) သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိရိယ သတိ ဧကဂ္ဂတာ ပညာဖြစ်အံ့ မဂ္ဂ သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။လ။သ။ ။ဤ၌လည်း ကိုးချက်။

(၃) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝေဒနာ ဧကဂ္ဂတာ ဖြစ်အံ့ မဂ္ဂ သဟဇာတ နိဿယ ဈာန အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။လ။သ။ ဤ၌လည်းကိုးချက်။

(၄) သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဧကဂ္ဂတာ ဖြစ်အံ့ မဂ္ဂ သဟဇာတ နိဿယ ဣန္ဒြိယ ဈာန အတ္ထိ အဝိဂတ ဤခြောက်ပစ္စယ။လ။သ။ ဤ၌လည်းကိုးချက်။

(၅) သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်အား တပ်သော ဝိရိယာဓိပတိဖြစ်အံ့ မဂ္ဂ အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယ။လ။သ။ ။ဤ၌ခြောက်ချက်။

(၆) သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော အမောဟဖြစ်အံ့ မဂ္ဂ ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ အတ္ထိ အဝိဂတဤခုနစ်ပစ္စယ။၏။ ။ဤ၌လည်း ကိုးချက်။

(၇) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝီမံသာဓိပတိဖြစ်အံ့ မဂ္ဂ ဟေတု အဓိပတိ သဟဇာတ နိဿယ ဇ္ဈာန်မဂ္ဂ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယ်။ လ။ သ။ ။ဤသို့ခြောက်ချက် ထည့်မြဲ။

အမှာ အဟိတ်စိတ်အဋ္ဌာရသန္ဓမဂ္ဂပစ္စည်းအဘယ်ကြောင့် မတပ်သနည်း ဟူမူကား ဟိတ် မရှိသောကြောင့် မတပ်သတည်း။ ။ထိုကြောင့် အဋ္ဌကထာ၌ မဂ္ဂဿ ပန ဟေတု ပစ္ဆိမကတ္တာ အဟေတုက စိတ္တေသု မဂ္ဂင်္ဂါနိ နဥဒ္ဓဋာနိ။ ။ဟု မိန့်အပ်၏။ ။မဂ္ဂပစ္စည်းပြီး၏။

၁၉။ သမ္ပယုတ္တ၌တက်မြဲ။ ။စတ္တာရော၊ ကုန်သော။ အရူပိ နော၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ အညမညံ၊ အချင်းချင်းအား။ သမ္ပယုတ္တပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရောခန္ဓာ အရူပိနော ကတ္တားပါဠိဖြင့် သုံးပါးသုံးပါး သော နာမက္ခန္ဓာအားတပ်သော တပါးတပါးသော နာမက္ခန္ဓာ။ တပါးတပါးသော နာမက္ခန္ဓာအား တပ်သော သုံးပါးသုံးပါး သော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအားတပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း၏။ သမ္ပဒါန် ပါဠိ ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ တပါးတပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာပစ္စယုပ္ပန်။၏။ ။ကရိုဏ်းပါဠိဖြင့် အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဖြစ်အံ့ သမ္ပယုတ္တ သဟဇာတ အညမည နိဿယအတ္ထိ အဝိဂတ ဤခြောက်ပစ္စယ်။လ။သ။

အချင်းချင်း အားတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဖြစ်အံ့ ဝိပါကထည့်၍ ခုနစ်ပစ္စယ်။လ။သ။၏။ သမ္ပယုတ္တပြီး၏။

၂၀။ ဝိပ္ပယုတ္တ၌။ ။ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဆဝတ္ထုတရားတို့သည်။ အရူပီနံ၊ ကုန်သော။ ဓမ္မာနံ၊အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်တို့အား။ဝိပ္ပယုတ္တပစ္စယေန၊

သဟဇာတဝိပ္ပယုတ္တ ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော။ လ။၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ မှော၊ အရူပဝိပါက်လေးခုကြည်သော စိတ်ရှစ်ဆဲ့ငါးခု စေတသိက်ဒွေပညာသ နာမက္ခန္ဓာတို့သည်။ ရူပီနံ၊ ဖြစ်ကုန်သော။ မှောနံ၊ စတုသမုဋ္ဌာနိကရုပ်တို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ သဟဇာတဝိပ္ပယုတ္တ ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ဖြစ်၏။

ထိုတွင် သဟဇာတ ဝိပ္ပယုတ်ဖြစ်အံ့ ရူပိနောမှောဟူသော ကတ္တားပါဠိဖြင့် ပဋိသန္ဓေနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း၏။ ။အရူပိနံသမ္ဗဒါန်ပါဠိဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဠိဖြင့် တပြိုင်နက် တပ်ကောင်းသော ဝိပ္ပယုတ္တ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ၍ခြောက်ပစ္စယ။လ။သ။၏။

ပုရေဇာတဝိပ္ပယုတ်ဖြစ်အံ့ အရူပိနောမှော ဟူသောကတ္တားပါဠိဖြင့် ဆဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။ ။သမ္ဗဒါန်ပါဠိဖြင့် အရူပဝိပါက်လေးခုကြည်သော သတ္တဝိညာဏဓာတ်ပစ္စယုပ္ပန်။၏၊ အကျယ်ကား ပုရေဇာတဥ္စ ယံရူပံနိဿာယ အတိုင်းပြလေ။ ကရိုဏ်းပါဠိဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော ဝိပ္ပယုတ္တ အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဣန္ဒြိယ အတ္ထိ အဝိဂတ ၉ကိုးပစ္စယ။ပ။၏။

တနည်းကား (၁) အရူပဝိပါက်လေးခုကြည်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆဝတ္ထုဖြစ်အံ့ ဝိပ္ပယုတ္တ နိဿယ ပုရေဇာတ အတ္ထိ အဝိဂတ ၅ငါးပစ္စယ။လ။သ။

(၂) မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက် တဒါရုံအားတပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့ အာရမ္မဏထည့်၍ ခြောက်ပစ္စယ။လ။သ။

(၃) အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက်အားတပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်

ချက်ဖြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်းဖြစ်အံ့ အာရမ္မဏ အဓိပတိ ဥပနိဿယ ထည့်၍ရှစ်ပစ္စယ။လ။သ။

(၄) ပဉ္စဝိညာဏ်အားတပ်သော ပဉ္စဝတ္ထုဟုဆိုအပ်သော ပုရေဇာတ် ဣန္ဒြိယပစ္စည်းဖြစ်အံ့ ဣန္ဒြိယထည့်၍ ခြောက်ပစ္စယ။လ။သ။၏။

သဟဇာတာဒိပစ္စယုတ်ဖြစ်အံ့ အရူပိနော ဓမ္မာ ဟူသောကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ်တဆယ်ရဟန္တာတို့စုတိကြဉ်သော စိတ်ခုနစ်ဆဲ့ငါးခု စေတသိက်ဒွေပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာပစ္စည်းတရားကိုပြတော်မူ၏။ရူပိနံ ဓမ္မာနံ ဟူသောသမ္ပဒါန်ပါဌ်ဖြင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်။၏။ ကရိုဏ်းပါဌ်ဖြင့် ယထာရဟတပ်ကောင်းသော ဝိပ္ပယုတ္တ သဟဇာတ အညမည နိဿယ ဝိပါက အတ္ထိ အဝိဂတ ၍ခုနစ်ပစ္စယ။လ။သဖြင့်။၏။

ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်းဖြစ်အံ့ အရူပိနော ဓမ္မာ ဟူသောကတ္တားပါဌ်ဖြင့် ပဋိသန္ဓေအစရှိသော ရှေးဖြစ်သောစိတ်နှင့် အတူ ဥပါဒ်၍ရုပ်၏ဌီသို့ရောက်သောကေဇ ဒွိဇ တိဇ စတုဇကာယအားတပ်သော ပဉ္စဝေါကာရဘုံ၌အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်ဖြစ်သော စိတ်ရှစ်ဆဲ့ငါးခု စေတသိက်ဒွေပညာသ နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ သမ္ပဒါန်ပါဌ်ဖြင့် ပဋိသန္ဓေအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူဥပါဒ်၍ရုပ်၏ဌီသို့ရောက်သော ကေဇ ဒွိဇ တိဇ စတုဇကာယ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။ကရိုဏ်းပါဌ်ဖြင့် ဝိပ္ပယုတ္တ ပစ္ဆာဇာတ အတ္ထိ အဝိဂတ ၍လေးပစ္စယ။လ။၏။

**အမှာ** ရူပါရုံအစရှိသော အာရုံတရားတို့သည် အာရမ္မဏကတရားတို့နှင့် ဝိပ္ပယုတ္တဖြစ်လျက် အဘယ်ကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ မဟောသနည်း ဟူမူကား ထိုအာရုံတို့သည် အာရမ္မဏိကတရားတို့နှင့် ဝိပ္ပယုတ်ကေန် သမ္ပယုတ်ယုံမှားဘွယ်

မရှိသောကြောင့် ဟောမတော်မမူ။ ။နာမက္ခန္ဓာလေးပါးတို့သည် စက္ခုအစရှိသော ဝတ္ထုတို့၏အတွင်းမှ ထွက်သကဲ့သို့ ဖြစ်ကုန်၏။ ထိုကြောင့် ဝတ္ထုပုရေဇာတ၌ သမ္ပယုတ်ဖြစ်သလော ဝိပ္ပယုတ် ဖြစ်သလော ဟုယုံမှားဘွယ်ရှိသောကြောင့် ဝတ္ထုပုရေဇာတကို ဟောတော်မူသည်။

ထိုကြောင့် အဋ္ဌကထာ၌။ ။ရူပါယတနာဒယော ပန အာရမ္မဏမေဝ ဟုတွာ ဝိပ္ပယုတ္တာမေဝ။ ဝိပ္ပယုတ္တပစ္စယာ ပန နဟောန္တိ။ ကိံ ကာရဏာ။ သမ္ပယောဂါသင်္ကာယ အဘာဝတော။ အရူပိနော ဟိ ခန္ဓာ စက္ခာဒီနံ ဝတ္ထုနံ အဗ္ဘန္တရတော နိက္ခမန္တာဝိယ ဥပ္ပဇ္ဇန္တိ၊ တသ္မာ အာသင်္ကာ ဟောတိ။ ကိံ နုခေါ ဧတေ။ ဧတေဟိ သမ္ပယုတ္တာ ဥဒါဟု ဝိပ္ပယုတ္တာတိ။ အာရမ္မဏမေဝ ပန ဝတ္ထုနိဿယေန ဥပ္ပဇ္ဇမာနာနံ အာရမ္မဏမတ္တာ ဟောန္တီတိ၊ နတ္ထိ တေသု သမ္ပယောဂါသင်္ကာ ဣတိ သမ္ပယောဂါသင်္ကာယ အဘာဝတော န တေဝိပ္ပယုတ္တပစ္စယာ။ ဟဒယဝတ္ထုအာဒီသု ဧေပနာယံ ဝိပ္ပယုတ္တပစ္စယတာ ဝေဒိတဗ္ဗာ။ ။ဟုမိန့်အပ်ပြီ။ ။ဝိပ္ပယုတ္တပစ္စည်းပြီး၏။

အတ္ထိ ပစ္စည်း၌။ ။သဟဇာတတ္ထိ သဟ ဇာတအတိုင်း။ ပုရေဇာတတ္ထိလည်း ပုရေဇာတအတိုင်းပြလေ၊ ။ပစ္ဆာဇာ တတ္ထိ အာဟာရတ္ထိ ဣန္ဒြိယတ္ထိ သုံးပါးကို သာဝသေသ အကြွင်းမဲ့သား၍ ဟောတော်မမူ၊ ။ထိုကြောင့် အဋ္ဌကထာ၌ ပစ္ဆာဇာတ အာဟာရ ဣန္ဒြိယဝသေနာပိ အတ္ထိပစ္စယောလဗ္ဘတီတိဣဒမ္ပန သာဝ သေသ ဝသေန ဒေသနာ ကတာတိ ဟုမိန့်အပ်ပြီ။ ။အတ္ထိ ပစ္စည်းပြီး၏။

၂၂။ နတ္ထိ၌ ။သမနန္တရနိရုဒ္ဓါ၊ မိမိ၏အခြားမဲ့၌ ကောင်း စွာချုပ်ကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန် သော။ မွာ၊ ရဟန္တာတို့စုတိကြည်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဥပညာသ နာမက္ခန္ဓာတို့သည်။ ပစ္စုပ္ပန္နာနံ၊ မိမိအတူ ဖြစ်ကုန်သော။စိတ္တစေတသိကာနံ၊ စိတ်စေတသိက်ဖြစ်ကုန်သော။

ဓမ္မာနံ၊ ရဟန္တာတို့စုတိနှင့်တကွ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသနှာမက္ခန္ဓာတို့အား။နတ္ထိပစ္စယေန၊ဖြင့်။ပစ္စယော၊ သည်။ ဟောတိ၊၏။

ကုသလာ့ပါဠ်ဖြင့် ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ ။သမ္မဒါနိပါဠ်ဖြင့် ရဟန္တာတို့ စုတ်စိတ်နှင့်တကွ နောက်နောက်သော စိတ်တခု ယုတ်ကိုးဆယ် စေတသိက်ဒွေ ပညာသ ပစ္စယုပ္ပန်။၏။ ။ကမ္ဘုလ်းပါဠ်ဖြင့် တပြိုင်နက် ယထာ ရဟတ်ပ်ကောင်းသော နတ္ထိ အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန ကမ္မ ဝိဂတ ဤခြောက်ပစ္စယ။လ။ သဖြင့်။၏။ ။ အကျယ်သုံးချက် အနန္တရအတိုင်းဆိုလေ။ ။နတ္ထိပစ္စည်း။ဝိဂတ်၌ လည်း နည်းတူ၊ ။သမနန္တရ ဝိဂတာ၊ ကောင်းစွာမိမိအခြားမဲ့၌ ကင်းကုန်သော။ ။ဝိဂတပစ္စည်း။ ။အဝိဂတလည်း အတ္တိနှင့် တူပြီ။

ပစ္စယနိဒ္ဒေသပြီး၏။

---

# ပဋိစ္စဝါရ

## ပုစ္ဆာဝါရ

### ၁-ပစ္စယာနုလောမ ဧကမူလက

### ၁-ကုသလပဒ

နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပုစ္ဆာဝါရကို ဟောတော်မူ၏။ ထိုပုစ္ဆာဝါရ၌တုံသော်လည်း ဓမ္မအနုလုံဓမ္မပစ္စနိက် ဓမ္မအနုလောမပစ္စနိက် ဓမ္မပစ္စနီယာ နုလောမအားဖြင့်လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ဓမ္မအနုလုံကိုရှေးဦးစွာဟောတော်မူ၏။ထိုဓမ္မအနုလုံ၌တုံသော်လည်း တိကပဋ္ဌာန်းဒုကပဋ္ဌာန်း ဒုကတိကပဋ္ဌာန်း တိကဒုကပဋ္ဌာန်း တိကတိကပဋ္ဌာန်း ဒုကဒုကပဋ္ဌာန်းအားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင် တိကပဋ္ဌာန်းကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုတိကပဋ္ဌာန်း၌ တုံသော်လည်း ကုသလတိက် ဝေဒနာတိက် အစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ဆဲ့နှစ်ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာဟောတော်မူ၏။ ထိုကုသလတိက်၌ တုံသော်လည်း ပဋိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရ နိဿယဝါရ သံသဋ္ဌဝါရ သမ္ပယုတ္တဝါရ ပဉှာဝါရ အားဖြင့်ခုနစ်ပါးအပြားရှိ၏။ ထိုတွင် ပဋိစ္စဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုပဋိစ္စဝါရ၌ တုံသော်လည်း ပစ္စည်းအနုလုံ ပစ္စည်းပစ္စနိက် ပစ္စည်းအနုလောမပစ္စနိက် ပစ္စည်းပစ္စယာနုလောမအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ထိုပစ္စည်းအနုလုံ၌တုံသော်လည်း သုဒ္ဓ ဒုကာဒိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သုဒ္ဓကိုရှေးဦးစွာဟောတော်မူ၏။ထိုသုဒ္ဓ၌တုံသော်လည်း ဟေတုပစ္စည်း၏သုဒ္ဓ အာရမ္မဏပစ္စည်း၏ သုဒ္ဓ အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏၊ ထိုနှစ်ဆဲ့လေးပါးတို့တွင် ဟေတုပစ္စည်း၏ သုဒ္ဓကို ရှေးဦးစွာဟောတော်မူ၏။ ထိုဟေတုပစ္စည်း၏ သုဒ္ဓ၌တုံသော်လည်း ကုသလပဒ အကုသလပဒ အဗျာကတပဒ

ကုသလာ ဗျာကတပဒ အကုသလာ ဗျာကတပဒ ကုသလာ ကုသလပဒ ကုသလာ ကုသလာဗျာကတပဒအားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထိုခုနစ်ပါးတို့တွင် ကုသလပဒကို ရှေးဦးစွာဟောတော်မူ၏။ ထိုကုသလပဒ၌တုံသော်လည်း ကုသလပဒါဝသာန အကုသလပဒါဝသာန အစရှိသောအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင် ကုသလပဒါဝသာနကို ရှေးဦးစွာဟောတော်မူ၏။

၂၅။ ဟောဟန်ကား သိယာကုသလံဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ ဟူသည်တည်း။ ယောယာ ဒိသော၊ အကြင်သို့ သဘောရှိသော၊ ကုသလော ကုသိုလ် ဖြစ်သော၊ ဓမ္မော၊ တရားသည်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ ပဋိဂန္တွာ၊ တကွ ဖြစ်ခြင်းဟု ဆိုအပ်သော တူသောအဖြစ်ဖြင့် ရောက်၍။ သိယာ ဖြစ်သလော။ သောတာ ဒိသော၊ ထိုသို့သဘောရှိသော။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇေယျ ကိံ၊ ဖြစ်ရာသလော။ တနည်း။ ကုသလံ၊ သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ။ လ။ ၍။ ကုသလော။ သော။ ဓမ္မော၊ သည်။ ဟေတုပစ္စယာ၊ ကြောင့်။ သိယာ ဥပ္ပဇ္ဇေယျ ကိံ၊ ဖြစ်ရာသလော။ ။ကုသလပဒါဝသာနကို ဟောတော်မူသည်၏အခြားမဲ့၌ အကုသလ ပဒါဝသာနကိုဟောတော်မူ၏။ ဟောဟန်ကား သိယာကုသလံဓမ္မံပဋိစ္စအကုသလော။ လ။ ဟေတုပစ္စယာ ဟူသည်တည်း။ ။အနက် တူ၏။ အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒါဝသာနကိုဟောတော်မူ၏။ ဟန်ကား သိယာကုသလံဓမ္မံ ပဋိစ္စ အဗျာကတော။ လ။ ဟေတုပစ္စယာဟူသည်တည်း။ အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလာဗျာကတ ပဒါဝသာနကို ဟောတော်မူ၏။ ဟန်ကား သိယာ ကုသလံဓမ္မံ ပဋိစ္စကုသလောစ အဗျာကတောစ ဓမ္မာဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ ဟူသည်တည်း။ ။ကုသလောစ၊ ကုသိုလ်လည်း ကောင်း။ အဗျာကတောစ၊ အဗျာကတလည်းကောင်း။ ဥတိ၊ ဤသို့။

ယေယာဒိသာ၊အကြောင်သို့ သဘောရှိကုန်သော၊ ဓမ္မာ၊တို့သည်၊ သိယာသိယျ၊ဖြစ်ကုန်ရာသလော၊ တေတာဒိသာ၊ ထိုသို့သဘော ရှိကုန်သော၊ဓမ္မာ၊တရားတို့သည်၊ ဟေတုပစ္စယာ၊ ဟေတုပစ္စည်း ကြောင့်၊ ဥပ္ပဇ္ဇေယျုံကိံ၊ ဖြစ်ကုန်ရာသလော။ ၊ဤနည်းအတူ အကုသလာဗျာကတပဒါဝသာန ကုသလာ ကုသလပဒါဝသာန ကုသလာကုသလာ ဗျာကတပဒါဝသာန သုံးချက်ကိုဟောလေ၊ ကုသလပဒ ခုနစ်ချက်ပြီး၏။

---

## ၂–အကုသလ ပဒ

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလ ပဒကို ဟောတော်မူ၏။ ထိုအကုသလပဒ၌ တုံသည်လည်း အကု သလာဒါဝသာန အစရှိသောအားဖြင့် ခုနစ်ပါး အပြားရှိ၏၊ ထိုတွင်အကုသလပဒါဝသာနကိုရှေးဦးစွာ ဟောတော်မူ၏၊ဟော ဟန်ကား သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာဟူသည်တည်း။ အနက်ပေးမြဲ။ ။ကုသလ ပဒအစရှိသည်ကိုသွတ်မြဲ။ ။အကုသလပဒခုနစ်ချက်ပြီး၏။

---

## ၃–အဗျာကတ ပဒ

အမှာ ဤနည်းအတူ အဗျာကတပဒ ခုနစ်ချက် ကုသလာ ဗျာကတပဒ ခုနစ်ချက် အကုသလာ ဗျာကတပဒ ခုနစ်ချက် ကုသလာ ကုသလပဒ ခုနစ်ချက် ကုသလာ ကုသလာ ဗျာကတပဒ ခုနစ်ချက်ဟောမြဲ။ ။ဤသို့လျှင် ခုနစ်ချက် ခုနစ်လီ သော်ဟေတုပစ္စည်း သုဒ္ဓ၌ လေးဆဲ့ကိုးချက်ဖြစ်သတည်း။

ဟေတုပစ္စည်း၏ သုဒ္ဓကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏ ပစ္စည်း၏ သုဒ္ဓကို ဟောတော်မူ၏။ ထိုအာရမ္မဏ ပစ္စည်း၏ သုဒ္ဓ၌တုံသော်လည်း ကုသလပဒ အစရှိသော အားဖြင့် ခုနစ်ပါး အပြားရှိ၏။ ဟေတုပစ္စည်းအတိုင်း လေးဆဲ့ကိုးချက်

ဟောလေ။ ။တပစ္စည်း တပစ္စည်းကိုလေးဆဲ့ကိုးချက်စီ အဝိဂတ တိုင်အောင် ဟောလေ။ ။သုဒ္ဓပြီး၏။

---

## ဒုမူလကာဒိ

### ဟေတုမူလက

သုဒ္ဓကိုဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိကို ဟောတော်မူ၏။ ထို ဒုကာဒိ၌ တုံသော်လည်း ဟေတုပစ္စည်း ဒုကာဒိ အာရမ္မဏပစ္စည်း ဒုကာဒိ အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါး အပြားရှိ၏။ ထိုတွင် ဟေတုပစ္စည်း ဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသော်လည်း ဒုက တိကားလ။ တေဝီသအားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏။ ထိုတွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း အာရမ္မဏဒုက အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏။ ထိုတွင် အာရမ္မဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ကုသလပဒ အကုသလပဒ အစရှိသောအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒ၌ တုံသော်လည်း ကုသလပဒါဝသာန အစရှိသောအားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထိုတွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောပုံကား သိယာကုသလံဓမ္မံ ပဋိစ္စ ကုသလောဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ။ ။ဤနည်းအတူ လေးဆဲ့ကိုးချက်။ ။အဓိပတိမှစ၍ အဝိဂတ ပစ္စည်းတိုင်အောင် ဒုကတို့၌ လည်း လေးဆဲ့ကိုးချက်စီဖြစ်၏။ ။ဒုကပြီး၏။

ဒုကကို ဟောတော်မူသည်၏ အခြားမဲ့၌ တိကကို ဟောတော်မူ၏။ ထိုတိက၌ တုံသော်လည်း ဟေတုအာရမ္မဏ အဓိပတိ တိက အစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါးအပြားရှိ၏။ထို။လ။တွင် ဟေတု တိကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသော်လည်း ကုသလ ပဒအစရှိသောအားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထိုတွင် ကုသလ

ပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို့ အတူ တုံသော်လည်း ကုသလ ပဒါဝသာန အစရှိသောအားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထိုခုနစ် ပါးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား သိယာကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ အာရမ္မဏ ပစ္စယာ အဓိပတိ ပစ္စယာ ဟူသည်တည်း။ (ဤနည်းအတူ လေးဆဲ့ကိုးချက်။ ။ဤနည်းအတူ အာရမ္မဏထည့်၍ အနန္တရအစ အဝိဂတအဆုံးတိုင်အောင်လေးဆဲ့ ကိုးချက်စီဟောလေ)။ တိကပြီး၏။

ဤနည်းအတူ ဟေတုအာရမ္မဏ အဓိပတိတည်၍ အနန္တရ ထည့်၍ လေးဆဲ့ကိုးချက်။လ။ အဝိဂတထည့်၍ လေးဆဲ့ကိုးချက် ဟောလေ။ ။စတုကပြီး၏။

ဤနည်းအတူ ဟေတု အာရမ္မဏ အဓိပတိ အနန္တရ တည်၍ သမနန္တရထည့်၍ လေးဆဲ့ကိုးချက်။လ။ ဟေတု အာရမ္မဏ အဓိ ပတိ အနန္တရတည်၍။လ။ အဝိဂတ ထည့်၍ လေးဆဲ့ ကိုးချက် ဟောလေ။ ။ပဉ္စကပြီး၏။

ဆက္ကသတ္တက။လ။တေဝီသကဉ္စလည်း လေးဆဲ့ကိုးချက်စီဖြစ်၏။ ဟေတုဒုကာဒိပြီး၏။

ဤနည်းအတူ အာရမ္မဏပစ္စည်းကို အရင်းတည်၍ အာရမ္မဏ ပစ္စယာ ဟေတုပစ္စယာ။လ။ အာရမ္မဏ ပစ္စယာ အဝိဂတ ပစ္စယာ အစရှိသော အာရမ္မဏ ဒုကာဒိဉ္စလည်း လေးဆဲ့ကိုးချက်စီ ဖြစ်၏။ အာရမ္မဏ ဒုကာဒိပြီး၏။

